



http://www.cherrythitsar.org

E I G H T
D R A G O N
BOOKS

http://www.cherrythitsar.org

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး

တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

နိုင်ငံတော်ရဲ့ စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်

ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ❒ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❒ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❒ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❒ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ❒ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- ❒ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ❒ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ❒ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ❒ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❒ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ❒ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- ❒ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ❒ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ❒ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ❒ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ❒ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

http://www.cherrythitsar.org

ပြောရင်းပြောနေမည့်

# ချစ်ခြင်း ဧ မ ဏ္ဍာ

## နန္ဒာသိန်းဇံ




http://www.cherrythitsar.org

EIGHT DRAGON BOOKS
2002

# ပြောရင်းပြောနေမည့် ချစ်ခြင်းမေတ္တာ

## နန္ဒာသိန်းဇံ

EIGHT
DRAGON
BOOKS

ဖုန်း – ၀၉–၈၀၂၂၆၀၄

http://www.cherrythitsar.org

# ပုံနှိပ်မှတ်တမ်း

**စာမူခွင့်ပြုချက်အမှတ်**

၃၀၉/၂၀၀၄(၄)

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၃၂၄/၂၀၀၄(၅)

**ပုံနှိပ်ခြင်း**

ပထမအကြိမ်၊ ၂၀၀၄ ခုနှစ်

**အုပ်ရေ**

၁၀၀၀

**မျက်နှာဖုံးနှင့်အတွင်းဒီဇိုင်း**

နေမျိုးဆေး

**မျက်နှာဖုံးနှင့်အတွင်းကာလာခွဲ**

Atomic Digital Art

**ထုတ်ဝေသူ**

ဒေါ်မိုးကေခိုင်၊ ချိုတေးသံသွင်းစာပေ

ရွှေနံ့သာကျေးရွာ

ပုလဲမြို့ (၃)

**မျက်နှာဖုံးနှင့်အတွင်းသားပုံနှိပ်တိုက်**

ဦးတင်အောင်ကျော်(၀၇၀၅၃)၊ စွယ်တော်ပုံနှိပ်တိုက်

အမှတ် ၈၇၊ ၅၆ လမ်း၊ (၁)ရပ်ကွက်


ပုဇွန်တောင်မြို့နယ်။

**တန်ဖိုး**

၁၂၀၀ ကျပ်


http://www.cherrythitsar.org

## အထင်အမြင်



ရှေ့ကသွားသူတွေကလဲ
ပြောခဲ့ကြတယ်
ခုလူတွေကလဲ ပြောနေကြတာပဲ
နောက်လူတွေကလဲ
ဆက်ပြောနေကြအုံးမှာပဲ
အချစ်အကြောင်း၊ မေတ္တာအကြောင်းတွေကိုပေါ့
ပြောပြီးရင်း ပြောနေကြမှာပဲ .....

## ထုတ်ဝေသူ၏အမှာ

ဤ " ပြောရင်း ပြောနေမည့်ချစ်ခြင်းမေတ္တာ " စာအုပ်တွင် ပါဝင်သောစာစုများသည် အင်တာဗျူးဂျာနယ်၊ မိုးဆမ်းပန်းဂျာနယ်တို့တွင် ဆရာနန္ဒာသိန်းဇံ ရေးသားခဲ့သည့် စာစုဖြစ်သည်။

ယင်းစာစုများကို စာအုပ်အဖြစ်ထုတ်ဝေရန် ခွင့်ပြုသော ဆရာနန္ဒာသိန်းဇံ မဟာသဒ္ဓမ္မဇောတိကဓဇ၊ ပါမောက္ခ၊ ဒဿနိက ဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်အားလည်းကောင်း၊ မျက်နှာဖုံး သရုပ်ဖော် ပန်းချီနှင့် အတွင်းသရုပ်ဖော်ဒီဇိုင်းများ ရေးဆွဲပေးသော ပန်းချီအနုပညာရှင် နေမျိုးဆေးအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

ထုတ်ဝေသူ

http://www.cherrythitsar.org

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ချစ်နှောင်းအိမ် | ၁၅ |
| ၂။ | အိမ်လှောင်ရေး | ၂၁ |
| ၃။ | ဒယိမ်းရယ်တဲ့မှဒယိုင် | ၂၇ |
| ၄။ | လှိုင်းငြိုကာ | ၃၂ |
| ၅။ | လွမ်းလေပြေ | ၄၁ |
| ၆။ | သာလိုက်မယ် | ၄၇ |
| ၇။ | နွဲ့နွဲ့နှောင်း | ၅၃ |
| ၈။ | အလယ်ကြောင့် | ၅၉ |
| ၉။ | ဇတ်စုံကဖို့ | ၆၅ |
| ၁၀။ | နှစ်ခြမ်းပေါင်းမှ | ၇၃ |
| ၁၁။ | တဝဲဝဲလည် | ၇၉ |
| ၁၂။ | ချစ်ခြင်းယိုင် | ၈၅ |
| ၁၃။ | ပွင့်ခက်ပန်း | ၉၃ |
| ၁၄။ | ပြောကောင်းတဲ့အရာ | ၁၀၁ |
| ၁၅။ | ကျိုးပဲ့နေသောညီမျှခြင်း | ၁၀၇ |
| ၁၆။ | အလယ်လွန်ဇာတ်ဆောင်များ | ၁၁၃ |
| ၁၇။ | ပုံရိပ်တု | ၁၂၁ |
| ၁၈။ | ညာချင်းဆုံ | ၁၂၇ |

၁၉။ စကားလိမ် ၁၃၅
၂၀။ မျက်ရည်ပင်လယ် ၁၄၁
၂၁။ တူတူလျှောက် ၁၄၇
၂၂။ ပိုင်တယ်လို့ထင် ၁၅၃
၂၃။ မိမိသူတစ်ပါးအကျိုးများဖို့ ၁၅၉
၂၄။ ဒီလိုပါပဲ ၁၆၅
၂၅။ နှစ်လိုဖွယ်ရာ အသွင်သဏ္ဍာန် ၁၇၁
၂၆။ မျက်တောင်များတောင်
မခတ်ဝံ့သလိုပဲဆို... ၁၇၉
၂၇။ ဖြေဖို့မလွယ် ၁၈၅
၂၈။ ငါ့ကိုရော၊ သူ့ကိုလည်းပဲ ၁၉၁
၂၉။ အိုး...အလကာ ၁၉၉



http://www.cherrythitsar.org

# ချစ်နှောင်အိမ်

▲

လွန်ခဲ့သောနေ့က စကားဝိုင်း၊

အဲသည်စကားဝိုင်းမှာ တောရောက်၊ တောင်ရောက်စကား တွေ ပြောကြရင်းမှ အိမ်ထောင်ရေးအကြောင်းကို ပြောဖြစ်နေကြသည်။

အောင်မြင်သော၊ ပျော်ရွှင်ချမ်းမြေ့ခြင်းရှိသော အိမ်ထောင်ရေးအကြောင်း။

ပြောလိုက်ကြသည်မှာ အများကြီး၊ အမျိုးစုံ....

စကားဝိုင်းထဲတွင် တစ်ယောက်သောသူ၏ စကားများကို တော့ မှတ်မိနေပါသည်။ သူက ပြောပါသည်။

▲ ▲

'အောင်မြင်ပျော်ရွှင်တဲ့ အိမ်ထောင်ရေးဆိုတာ မျက်စိကန်းနေ တဲ့ မယားနဲ့ နားပင်းနေတဲ့ လင်ယောက်ျား ကြားက အိမ်ထောင်ရေးမျိုး ဖြစ်ပါလိမ့်မယ်'....လို့ ပုဂ္ဂိုလ်တစ်ဦးက ပြောဘူးတယ်။ သူပြောတာ ဟုတ်ချင်ဟုတ်မယ်။

http://www.cherrythitsar.org

ယောက်ျားဆိုတာ အိမ်ထောင်ကျပြီး မကြာခင်မှာပဲ အိမ်ထောင်ရေးကို ငြီးငွေ့သွားတတ်တယ်။ ရိုးသွားတတ်တယ်။ မယားကို အရင်ကလို အရူးအမူးချစ်တာတွေလည်း မရှိတော့ဘူး။ မယားဖြစ်သူကကော၊ သူလဲ သူ့ယောက်ျားလို ဖြစ်ချင်ဖြစ်မှာပေါ့၊ ဓာတုဗေဒသဘောအရပြောရရင် လင်က မယားကို၊ မယားက လင်ကိုငြီးငွေ့သွားတာ၊ ရိုးသွားတာတွေ ဖြစ်နိုင်ပါတယ်။

လူ့ရဲ့ဦးနှောက်မှာ အိုက်ဆိုဒိုဇင်း (Isodoxine) လို့ခေါ်တဲ့ ဓာတ်ထွက်နေရင် အဲဒီလူမှာ ချစ်တဲ့စိတ်တွေဖြစ်နေတယ်။ မိ မိ နဲ့ အတူနေနေသူအပေါ်မှာ ချစ်စိတ်တွေဟာ အချိန်ကာလအားဖြင့် ၂နှစ်ကျော်၊ ၃နှစ်လောက်ဖြစ်တည်နေတယ်လို့ သိရတယ်။ အဲဒီ အိုက်ဆိုဒိုဇင်း ဓာတ်မထွက်တော့တဲ့အချိန်မှာ မိမိနဲ့အတူ နေနေသူအပေါ်မှာ ချစ်တဲ့စိတ်တွေ ပျယ်လွင့်သွားရောတဲ့။

ဒီတော့ အောင်မြင်ပျော်ရွှင်တဲ့ အိမ်ထောင်ရေးဟာ ဓာတုဗေဒရှုထောင့်ကနေပြောရင် ၂နှစ်ကျော်၊ ၃နှစ်လောက်ပဲ ခံတဲ့သဘောရှိနေတယ်။ တစ်ချို့မှာတော့ လပိုင်းလောက်ပဲ ခံချင်ခံမှာပေါ့။ သက်ဆုံးတိုင်ရိုးမြေကျချစ်ပါ့မယ်။ ငှက်ဖြစ်ရင်တောင် တစ်ကိုင်းတည်းနားချင်တယ်ဆိုတဲ့ သစ္စာမေတ္တာတွေ အဲဒီအချိန်မှာ ပြန်မဆိုချင်တဲ့ သီချင်းဟောင်းလိုဖြစ်နေမှာ။

မိမိနဲ့အတူနေနေသူအပေါ်မှာ အချစ်တွေကုန်သွားပေမယ့် တစ်ခြားချစ်ချင်စရာသူတွေအပေါ်မှာတော့ ချစ်ချင်တဲ့စိတ်က ဖြစ်ပြန်ရောတဲ့။ ဒါကတော့ ပုထုဇဉ်တို့ရဲ့ ဖြစ်အင်လို့ ဆိုကောင်းပါတယ်။ ဓာတုဖြစ်စဉ်ကတော့ ဘယ်လိုဆက်ဖြစ်ဦးမလဲ မသိဘူး။ ပုထုဇဉ်ဖြစ်တဲ့ယောက်ျားဟာ ဟိုလိုလိုသည်လိုလိုနဲ့ ဖောက်ပြန်မှုတွေ ဖြစ်တတ်တယ်။ ဒီလိုဖြစ်တာတွေကို မယားဖြစ်သူ မမြင်ရင်ကောင်းတယ်၊ ကန်းနေရင်



http://www.cherrythitsar.org

ကောင်းတယ်၊ ကိုယ့်ယောက်ျား ဖောက်ပြန်ချင်တာ၊ ဖောက်ပြန်နေတာ မမြင်ရ မသိရရင် မယားဖြစ်သူမှာ စိတ်ညစ်သက်သာတာပေါ့။

လင်ယောက်ျားဖြစ်သူဟာလဲ နားပင်းနေရင် သူ့အတွက်ကောင်းတယ်၊ အိမ်ထောင်ကျပြီးပြီဆိုရင် လင်နဲ့မယားဟာ သိပ်ကို ရင်းနှီးသွားတယ်။ မိမိကလိုက်လျောမှုလွန်ရင်၊ သိပ်ကိုချစ်ပြရင် မိမိကိုမယားက အရိုအသေအလေးအစား လျော့လာတယ်။ မိမိဘက်က တစ်စုံတစ်ရာ ချို့ယွင်းမှုရှိရင် ပိုဆိုးသေးတယ်။ မယားဟာ မိမိကိုမလေးစားတော့ဘူး။ အရိုအသေအလေးအစား ကင်းမဲ့လာတဲ့အခါ မယားဖြစ်သူက မိမိကို တဖြစ်တောက်တောက်နဲ့ မကျေနပ်တာတွေကို ပြောတယ်၊ မြည်တွန်တောက်တည်းတယ်၊ ဒါတွေကို မကြားရဘဲ နားပင်းနေတာပဲကောင်းတယ်၊ မနက်ရောက်ပြီဆိုရင် ရေနွေးအိုးနဲ့ ကျုပ်မိန်းမက ပြိုင်တူဆူတော့တာပါပဲ ဆိုတာလိုလေ မနက်လဲဆူ၊ ညရောက်တော့လဲ တစ်ကျည်ကျည်နဲ့ နားမချမ်းသာစရာတွေ ပြောနေတတ်တယ်။ ဒါတွေကို မကြားရရင် ကောင်းတယ်။ ဒါ့ကြောင့် ကျွန်တော်က....

'အောင်မြင်ပျော်ရွှင်တဲ့အိမ်ထောင်ရေးဆိုတာ မျက်စိကန်းနေတဲ့ မယားနဲ့ နားပင်းနေတဲ့ လင်ယောက်ျား ကြားက အိမ်ထောင်ရေးမျိုး ဖြစ်ပါလိမ့်မယ်.... ဆိုတဲ့စကားကို သဘောကျနေတာ'

▲ ▲ ▲

သူ့စကားအဆုံးတွင် 'ခင်ဗျားကကော.... နားပင်းနေသူဖြစ်ချင်လို့လား'ဟု မေးလိုက်တော့ မလိုလုပ်ပြီးမှ အချိန်မီပါးစပ်ကို ပိတ်လိုက်မိပါသည်။ အဘယ့်ကြောင့်ဆိုသော် သူ့အရွယ်နှင့် သူ့ဂုဏ်သိက္ခာကို ထောက်ထားရမည်ဟူသော အသိ ဝင်လာသောကြောင့်ပါတည်း။

**အမှတ်(၆၅) အင်တာဗျူးဂျာနယ်**



http://www.cherrythitsar.org



http://www.cherrythitsar.org

# အိမ်ထောင်ရေး

▲

'ပြောခဲ့ပါရောဗျာ၊ အိမ်ထောင်ကျပြီးမကြာခင် ယောက်ျားဟာ အိမ်ထောင်ရေးကို ငြီးငွေ့သွားတယ်၊ ရိုးသွားတယ်၊ အိမ်မှာလဲမနေချင်တော့ဘူး၊ အိမ်သူအမျိုးသမီးအနေနဲ့ ဘယ်လိုခံစားရမလဲ၊ စိတ်ညစ်ရှာမှာပေါ့ဗျာ။

အမျိုးသမီးဟာ သူ့အမျိုးသားနဲ့ပတ်သက်ပြီး စိတ်ညစ်ရခြင်း နှစ်မျိုးရှိတယ်ဆိုပဲ။ တစ်မျိုးကတော့ အိမ်ထောင်မကျခင် သူ့ကိုလာပြီး လူပျိုလှည့်စဉ်တုန်းက သူ့အမျိုးသားကို ပြန်ပါတော့၊ ညဥ့်နက်ပြီပြောပေမဲ့ အမျိုးသားက မပြန်ဘူး။ 'မခွဲနိုင်ပါဘူး' တဖွဖွပြောပြီး မပြန်ဘဲ ပေနေတယ်။အမျိုးသမီးက 'လူကြီးမိဘမောင်ညီမတွေ မျက်နှာထောက်ပြီး.... ရှင်ပြန်ပါတော့၊ ကျွန်မ အရှက်ရလိမ့်မယ်၊ ပြောတော့လဲ မပြန်ဘူးတဲ့၊ ပေကပ်နေတယ်။ သန်းခေါင်ချိန်ရောက်တော့မှပဲ ပြန်တော့တယ်။ ဒါကြောင့် ပထမ စိတ်ညစ်ခြင်းမျိုးက အမျိုးသမီးခမျာ သန်းကောင်ချိန်ထိ သူ့အမျိုးသားမပြန်လို့ စိတ်ညစ်ရတာတဲ့။ နောက်စိတ်ညစ်ရတာကတော့ အဲဒီအမျိုးသားနဲ့ အိမ်ထောင်ကျပြီးတော့မှတဲ့၊ အိမ်ထောင်ကျပြီး

http://www.cherrythitsar.org

ဘာကြောင့် စိတ်ညစ်ရတာလဲဆိုတော့ သန်းကောင်ချိန်တိုင်သည်အထိ သူ့ယောက်ျားအမျိုးသား အိမ်ကို ပြန်မလာလို့ လာနိုးလာနိုးနဲ့ စိတ်မချ နိုင်ခြင်းပေါင်းစုံနဲ့ ဒုက္ခကြီးစွာ စောင့်စောင့်နေရလို့ စိတ်ညစ်တာတဲ့ဗျာ။

အိမ်ထောင်ကျပြီးရင် ရိုးသွား၊ ငြီးငွေ့သွားတော့ ယောက်ျားက အိမ်ကိုမပြန်ချင်ဖြစ်၊ အပြင်မှာ အပေါင်းအသင်းတွေ၊ တခြားအာရုံတွေနဲ့ ပျော်မွေ့မှုရှာ၊ အိမ်ကအမျိုးသမီးကတော့ စိတ်မချမ်းသာ။

ဒါ့ကြောင့် ပြောတာဖြစ်မှာပဲ၊ *အိမ်သူအမျိုးသမီး စိတ်မချမ်းမသာဖြစ်ရတာဟာ လှောင်အိမ်ဆောက်ရမည့်အစား အသိုက်အမြုံဆောက်နေလို့တဲ့။*

အမျိုးသမီးငယ်တွေဟာ အိမ်ထောင်ကျပြီးရင် အယုအယ အကြင်အနာတွေ၊ မေတ္တာသစ္စာတွေနဲ့ တည်ဆောက်ထားတဲ့ 'ချစ်စံအိမ်' မှာ ကိုယ့်ယောက်ျားနဲ့ ပျော်ရွှင်ချမ်းမြေ့စွာတူတူနေမယ်.... လို့ စိတ်ကူး ယဉ်တယ်။ အဲဒီစိတ်ကူးယဉ်မှုကို အကောင်အထည်ဖော်တယ်။ ဒါဟာ အသိုက်အမြုံဆောက်နေတာတဲ့။ အဲဒီလို အသိုက်အမြုံ Nest တည်ဆောက်နေရင်တော့ ဘယ်တော့မှ စိတ်ချမ်းသာမှာမဟုတ်ဖူးတဲ့။

ဒီတော့ အသိုက်အမြုံဆောက်မည့်အစား ကိုယ့်ယောက်ျားကို ထားဖို့ လှောင်အိမ် Cage ဆောက်ရမယ်တဲ့။ အဲဒီလှောင်အိမ်မှာ အကောင်းဆုံးတိုင်တွေ တန်းတွေက သားသမီးဆိုတာတွေပဲတဲ့၊ အကာ အရံအခင်းအကျင်းတွေကတော့ ဇနီးမယားရဲ့ ခရာတာတာအညှအထွေ၊ အလည်အဝယ်အပြောအဆို၊ အစီအမံစသည်တွေတဲ့၊ အချိန်တန်ရင် ကိုယ့်ယောက်ျားကို အဲဒီ ချစ်လှောင်အိမ်ထဲကို မယားဖြစ်သူက သွင်းတတ် ရမယ်။ *တစ်ဦးသောသူကတော့ 'ချစ်လှောင်အိမ်' အစား 'ချစ်လှောင်ခြံ' လို့ပြောရင် ပိုကောင်းမယ်လို့ အကြံပေးဖူးတယ်။* ဇနီးမယားသမီးသား တို့ရဲ့ စားရေးဝတ်ရေး စသည့်အရေးတွေအတွက်



http://www.cherrythitsar.org

တစ်နေကုန် ရှန်းကန် ရှာဖွေပြီး ပြန်လာတဲ့ ကိုယ့်ယောက်ျားကို ဇနီးမယားက အဲဒီလှောင်ခြံ ထဲကို သွင်းတတ်ရမယ်ပေါ့ဗျာ။

ဒါဆိုရင် မိန်းမအတွက် စိတ်ချမ်းသာမယ်တဲ့။

ဒါပေမယ့်ဗျာ၊ ကျွန်တော့်နားထဲမှာတော့ အဲဒီလှောင်ခြံဆီက စိတ်ပျက်တယ်ဆိုတဲ့၊ စိတ်ညစ်တယ်ဆိုတဲ့ အသံတွေကြားနေသလိုပဲ။ တစ်ဆက်တည်းမှာပဲ ပုဂ္ဂိုလ်တစ်ဦးပြောတဲ့ စကားတစ်ခုကို ကြားယောင်လာတယ်၊ သူက *အိမ်ထောင်ရေးဆိုတာ အမှန်တိုင်းပြောရရင် မကောင်း ဆိုးဝါးတစ်ခုပါပဲ။ ဒါပေမယ့် မရှိမဖြစ်လိုအပ်တဲ့ မကောင်းဆိုးဝါးဖြစ် တယ်။ Marriage to tell the truth, is an evil, but a necessary evil. တဲ့ဗျ။ အိမ်ရာတည်ထောင်ပြီးမနေဘူးဆိုရင် လူ့လောက လူမှုဆက်ဆံရေးတွေဟာ သိပ်ကိုရမ်းကားကုန်လေမလားပဲ။ ယဉ်ကျေးမှု တွေဟာလည်း ကျဆင်းသွားနိုင်တယ်၊ ကာမဂုဏ်ဆိုင်ရာ ဖောက်ပြန်မှု တွေ၊ လူမှုရေးစည်းကမ်းချိုးဖောက်မှုတွေလဲ ဖြစ်နိုင်တာပဲ။*

ဒီတော့ဗျာ။ ***'အိမ်ထောင်ရေးဆိုတာ မရှိမဖြစ်လိုအပ်တဲ့ မကောင်းဆိုးဝါးဖြစ်တယ်'*** ဆိုတဲ့ အထက်ပါပုဂ္ဂိုလ်ရဲ့ အဆိုအမိန့်ကို လောလောဆယ်မှာတော့ သဘောတူလက်ခံလိုက်ပါတယ်။


▲ ▲

အထက်ပါပုဂ္ဂိုလ်ပြောတဲ့စကားကို နားထောင်ရင်း နွားကြီးကြီး တစ်ကောင် နွားခြံထဲဝင်သွားပုံကို ကျွန်တော်က မြင်ယောင်နေပါတယ်။

**အမှတ်(၆၆) အင်တာဗျူးဂျာနယ်**



http://www.cherrythitsar.org



http://www.cherrythitsar.org

# ဒယိမ်းရယ်တဲ့မှဒယိုင်

အိမ်ထောင်တစ်ခုမှာ....

ဖခင်ဖြစ်တဲ့သူက အိမ်ထောင်ပြုတဲ့အရွယ်ရောက်နေပြီဖြစ်တဲ့ သားတော်မောင်ကိုကြည့်ပြီး 'အင်း.... အလိုက်ကန်းဆိုးမသိတဲ့ မိန်းမမျိုးကို ငါ့သားလေး ငါ့လိုပဲရပြီး တစ်သက်လုံး စိတ်မချမ်းမသာဖြစ်နေမှဖြင့် ကွယ်.... လို့ တွေးပြီး သားရဲ့ အိမ်ထောင်ရေးအတွက် စိုးရိမ်ကြောင့်ကြဖြစ်နေတယ်။ တစ်ချိန်တည်းမှာပဲတဲ့။ မိခင်ဖြစ်တဲ့သူက ဒီသားတော်မောင်ကိုကြည့်ရင်း 'ငါ့သားလေး.... ငါ့လိုကောင်းတဲ့မိန်းမမျိုးကို မရ ရင်.... တစ်သက်လုံးစိတ်ချမ်းသာမှာမဟုတ်ဖူး'လို့တွေးပြီး သားရဲ့ အိမ်ထောင်ရေးအတွက် စိုးရိမ်ကြောင့်ကြတွေ ဖြစ်နေတယ်တဲ့။

အဲဒီအကြောင်းကို ပြောပြတော့ ကျွန်တော့မိတ်ဆွေတစ်ဦးက ခင်ဗျားပြောတဲ့အကြောင်းအရာ မှားနေတယ်လို့ထင်တယ်၊ ကျုပ်ကြားဖူးတာက.... အမေဖြစ်တဲ့သူက သူ့သမီးကိုကြည့်ပြီး....'သမီးရယ်.... သမီးဖေဖေလို ရှေ့တစ်မျိုး ကွယ်ရာတစ်မျိုးနဲ့ လိမ်တတ်၊ ညာတတ်တဲ့ ယောက်ျားမျိုးနဲ့ အိမ်ထောင်ကျရင်တော့ မေမေ့လို တစ်သက်လုံး

စိတ်ချမ်းသာမှာမဟုတ်ဘူး’လို့ တွေးနေတဲ့အကြောင်း ပြောတာကိုပဲ ကြားဖူးတယ်လို့ ဆိုပါတယ်။

အဲဒီမိတ်ဆွေက.... လင်ယောက်ျား မကောင်းတဲ့အကြောင်းကို လည်း ထည့်ပြောမှပြည့်စုံမှာပေါ့လို့လည်း ဆက်ပြောပါသေးတယ်။

လူ့အကြောင်းပေါင်းမှသိ.... ဆိုမဟုတ်လား။ လင်နဲ့မယားဟာ တကယ့်ကို အနီးကပ်ပေါင်းကြရသူတွေဆိုတော့ တစ်ယောက်အကြောင်း တစ်ယောက်သိလိုက်တာမှ.... ဘာပြောကောင်းမလဲ။ သိလွန်းလွန်းလို့ အတူနေချင်စိတ်တွေတောင် ကုန်သွားရောတဲ့ဗျ။ မညားခင် အိမ်ထောင် မကျခင်က မကောင်းကျင့်၊ မကောင်းစရိုက်တွေကို ဖုံးဖိထားလို့ရပေမယ့် အိမ်ထောင်လည်း ကျပြီးရော ဖုံးသမျှအကုန်ပေါ်၊ မလိုလားအပ်တဲ့ အပြု အမူတွေလည်း ပေါ်ကုန်ရော။

အိမ်ထောင်ကျပြီး အတူတူအိပ်တော့မှ တစ်ခန်းလုံး၊ တစ်အိမ် လုံး တုန်လှုပ်နေလောက်အောင် ယောက်ျားဖြစ်တဲ့သူရဲ့ ဟောက်အိပ်သံ က ဆူညံနေလို့ မယားကအိပ်လို့မရ။ စိတ်ညစ်၊ ကြာရှည်သည်းမခံနိုင် တော့လို့ ကွာရှင်းပြတ်စဲလိုက်ကြတဲ့ အိမ်ထောင်တွေ အမေရိကမှာ အများကြီးပဲတဲ့ဗျ။ ဒါ ဥပမာတစ်ခုအနေနဲ့ပြောတာပါ။ တစ်ခြားအကျင့် ဆိုး စရိုက်ဆိုးတွေကလည်း အများကြီးပေါ့ဗျာ။ အိမ်ထောင်ကျလို့ အတူ နေတဲ့အခါ ပေါ်ကုန်တော့တာပေါ့။ အတူပေါင်းကြည့်လို့ တစ်ဦးအကြောင်း တစ်ဦးသိလာတဲ့အခါ အထင်ကြီးစရာ၊ လေးစားစရာ၊ မြတ်နိုးစရာဆိုလို့ တွေ့ကိုမတွေ့ဘူးဖြစ်လာတယ်။ ဒီအခါမှာ တစ်ဦးကတစ်ဦးကို အရို အသေအလေးအစားတွေ လျော့ကုန်တယ်။

အမေရိကန်သမ္မတကြီး အေဗရာဟင်လင်ကွန်းဟာ.... သူ့ အကြောင်းရေးတဲ့ စာတွေဖတ်ကြည့်ရသလောက်ဆိုရင် အိမ်ထောင်ရေး အဆင်ပြေပုံမပေါ်ပါဘူးဗျာ။ ပဓာနကတော့ သူ့ကို သူ့ကတော်(သမ္မတ

ကတော်)က လေးစားမှုမပြတဲ့အချက်ပဲ။ သူများတွေက သမ္မတကြီးကို လေးစားကြည်ညိုကြပေမယ့် သမ္မတကတော်ကတော့ လေးစားအထင်ကြီး စရာ ရှာမရနိုင်ဘူးဖြစ်နေဟန်တူပါတယ်။ အတူနေလို့ အကြောင်း သိသွားတဲ့အခါ ဖြစ်ပေါ်လာတဲ့ အကျိုးတရားတွေဖြစ်မှာပေါ့။

ပြီးတော့ လူအများလေးစားရတဲ့ ဆာဝင်စတန်ချာချီကို သူ့ဇနီး က တစ်ခါမှာ မကျေမနပ်ဖြစ်ပြီး ဟင်းနုနွယ်ဟင်းခွက်နဲ့ ပစ်ပေါက်ဖူး တယ်တဲ့ဗျ။ ဒါလည်း တစ်ဦးနဲ့တစ်ဦး ရင်းနှီးလို့လုပ်ရဲတာ ဖြစ်ချင်ဖြစ်မှာ ပေါ့ဗျာ။

ကျွန်တော်တို့အရှေ့တိုင်းသားတွေ အလိုအရ အိမ်ထောင်တစ်ခု မှာ လင်ယောကျ်ားဟာ အိမ်ဦးနတ်ပဲတဲ့ဗျ။ ဒါတွင်မကသေးဘူး၊ လင် ယောကျ်ားကို ဘုရားတစ်ဆူ၊ ဂူတစ်လုံးလို အမှတ်ပြုပြီး လေးစားရမယ်လို့ လည်း ဆိုလိုက်သေးတယ်။ ဒါ ယောကျ်ားတွေဘက်က သူတို့ဖြစ်ချင်တာ ကို ပြောတာဖြစ်မှာပေါ့။

ဒါပေမယ့် အတူနေလို့ တစ်ဦးအကြောင်း တစ်ဦးအသေအချာ လည်းသိရော လေးစားကြည်ညိုမှုတွေ တစ်ခါတည်းရပ်၊ 'အမယ်လေး တော်.... ဘုရားမှတ်လို့ မောင်မင်းကြီးသားကို ကိုးကွယ်ပါတယ်။ ဖွတ် ထွက်လာမှပဲ တောင်ပို့ကြီးမှန်း သိတော့တယ်'လို့ ရှေးခေတ်မယားတွေ ဟာ သူတို့ရဲ့ယောကျ်ားတွေကို မကောင်းပြောခဲ့ကြတယ်တဲ့ဗျ။ အဲဒီခေတ် ယောကျ်ားတွေကလည်း သူတို့ရဲ့မိန်းမတွေကို 'တစ်တောင်လောက်ရှည် တဲ့လျှာနဲ့ နေ့မနားညမနား သူတို့မကောင်းတဲ့အကြောင်းတွေကို နှစ် တစ်ရာတိုင်တိုင်ပြောလည်း.... ပြောမဆုံးပေါင် တောသုံးထောင်ပါပဲ လား....'လို့ ပြန်ပြောကြတယ်တဲ့။

တစ်ယောက်အကြောင်း တစ်ယောက်က အတွင်းကျကျသိလာ တော့ မကျေနပ်မှုတွေလည်း အများကြီးရှိလာတော့တာပေါ့ဗျာ။ မယား



http://www.cherrythitsar.org

ဖြစ်တဲ့သူဟာ မကျေနပ်တိုင်း ယောက်ျားကို တကျည်ကျည်လုပ်တယ်။ ဟိုစောင်းပြော၊ သည်စောင်းပြောတွေလုပ်တယ်၊ ဆူဆူပူပူတွေလုပ်တယ်။

အဲဒီ တကျည်ကျည်လုပ်နေတာတွေကို တုန့်ပြန်နေရင် ဘယ်တော့မှ ပြေလည်မှာမဟုတ်ဘူးတဲ့ဗျ။ လင်မယား စကားများရန်ဖြစ်လို့ မဆုံးတော့ဘူးတဲ့၊ လင်မယား စကားများရန်ဖြစ်တာဟာ ပွဲတင်သံနဲ့ တူတယ်တဲ့။ ကိုယ်ကအော်ရင်ပြန်အော်၊ ကိုယ်ကဆဲရင် တစ်ဖက်ကလည်း ပြန်ဆဲသံပေါ်၊ မဆုံးတော့ဘူး၊ ကိုယ်က အအော်၊ အပြောရပ်မှပဲ ပွဲတင်သံဟာ ရပ်တယ်။ ဒီလိုပဲ တကျည်ကျည်လုပ်လာရင် ဘာမှမပြောဘဲ နေရမယ်။ ဘာသံမှမထွက်ဘဲ နေရမယ်။ ဒါမှ စကားများတဲ့ ရန်ပွဲပြီးမယ်တဲ့။

ဒါပေမယ့်ဗျာ ဒီအကြောင်းကိုပြောခဲ့ဘူးတော့ ကျွန်တော့ မိတ်ဆွေက တဟားဟားရယ်ပြီး 'ဘာမှပြန်မပြောဘဲ ရပ်နေလို့မရဘူး ဗျ မတုန့်ပြန်ဘဲနေလို့ကိုမရဘူး၊ မတုန့်ပြန်ရကောင်းလားဆိုပြီး မိန်းမက ကိုယ်ထိလက်ရောက်တွေ ကျူးလွန်လာရော' တဲ့ဗျာ။

ဟုတ်မယ်။ ဂရိဒဿနဆရာကြီး ဆော့ခရတ္တိရဲ့မိန်းမဟာ အင်မတန် တကျည်ကျည်လုပ်တတ်တယ် ဆူဆူပူပူ လုပ်တတ်တယ်တဲ့ဗျ။ သူဆူပူနေတာကို ဆရာကြီးဆော့ခရတ္တိက ဘာမှမတုန့်ပြန်ဘဲ မကြားတဲ့ ဟန်နဲ့နေနေတယ်။ ဒါကို သူ့မိန်းမက 'ရှင်ဟာလေ ပြောလိုက်ရင် မထုံတက်သေးနဲ့ မကြားသလိုလို၊ ဂရုမစိုက်သလိုလိုနဲ့၊ ဒါ ဘာသဘောလဲ၊ ပြန်မပြော နားမထောင်လုပ်နေတဲ့ရှင့်ကို ကျုပ်စိတ်တိုလာပြီ' စသည်ဖြင့်ပေါ့။ ဆူပူကြိမ်းမောင်းပြီး ဆော့ခရတ္တိရဲ့ ကိုယ်ပေါ်ကို ရေတစ်အိုးလုံး လောင်းချလိုက်တယ်။

အဲဒီအခါမှာ ဆော့ခရတ္တိက စကားသံထွက်လာတယ်။ 'မိုးတွေ ခြိမ်းပြီးရင် မိုးတွေရွာချတတ်ပါကလား'တဲ့။ မိုးခြိမ်းတာက သူ့မိန်းမရဲ့



http://www.cherrythitsar.org

ဆူပူကြိမ်းမောင်းတာတွေ၊ မိုးရွာတာက သူ့ကိုယ်ပေါ် ရေတစ်အိုးလုံး လောင်းချလိုက်လို့ စိုရွှဲသွားတာတွေ....။ ဒါတွေကို ဆော့ခရတ္တိက စိတ်ညစ်မနေတော့ဘဲနဲ့ 'အတွေးအခေါ်ဟာသတစ်ရပ်' လုပ်ပစ်လိုက်တာ ဖြစ်မှာပေါ့။ တကျည်ကျည်နဲ့ ဆူဆူပူပူတွေလုပ်လို့ အိမ်ထောင်ရေးမှာ စိတ်ညစ်ရတာတွေကို ဆော့ခရတ္တိလို ဟာသလုပ်ပစ်နိုင်ရင်တော့လည်း သက်သာရာ သက်သာကြောင်းတော့ ရချင်ရမှာပေါ့။ ဒါပေမယ့် အမြဲ ဟာသလုပ်ပစ်ဖို့က မလွယ်ဘူးထင်တယ်။


အိမ်ထောင်ပြုသင့် မပြုသင့်ကို လာပြီးအကြံဉာဏ် တောင်းတဲ့ သူတစ်ဦးကို ဆော့ခရတ္တိက 'ရဲရဲသာ အိမ်ထောင်ပြုလိုက်ပါ။ အဆင်ပြေ တော့လည်း ပျော်ရတာပေါ့။ မပြေတော့လည်း အတွေးအခေါ်သမား တစ်ယောက် Philosopher ဖြစ်လာမှာပေါ့'လို့ ပြောဖူးတယ်တဲ့ဗျ။

အိမ်ထောင်ရေးအဆင်မပြေတော့ ငူတူတူ၊ ငိုင်တိုင်တိုင်၊ မှိုင်တွေတွေနဲ့ ဟိုတွေးသည်တွေး၊ ဘယ်ထွက်ပြေးရပါ့မလဲလို့တွေးတဲ့ အတွေးသမား ဖြစ်ချင်လည်းဖြစ်မယ်။ အတွေးသမားမဖြစ်ဘဲ စိတ်ညစ် ညစ်နဲ့ ဟိုဆိုင်ဝင်သောက်၊ ဒီဆိုင်ဝင်သောက်နဲ့ 'ဒယိမ်းဒယိုင်သမား' လည်း ဖြစ်နိုင်တယ်ပေါ့ဗျာ။

**အမှတ်(၆၇) အင်တာဗျူးဂျာနယ်**



http://www.cherrythitsar.org



# လှိုင်းငိုကာ

**ကောင်းကင်ကြီးက ပြာတယ်။**
**ကြယ်ကလေးတွေက လင်းလက်တယ်။**
**လမင်းကြီးက.... သာ**
**ယောက်ျားတွေက.... ညာ**

အင်း .... ယောက်ျားတွေက ညာတယ်၊ ညာရုံတင်မကဘူး၊ ညာလွန်းတယ်လို့ မိန်းကလေးတွေက ပြောကြတယ်။ ယောက်ျားတွေက တကယ့်ခံစားမှုနဲ့ ပြောခဲ့တာနဲ့တူပါတယ်။ ညာခဲ့ပုံမပေါ်ပါဘူး။

ကြယ်ကလေးတွေများသလို မေတ္တာအကြင်နာတွေ များတဲ့ အကြောင်းလည်း ယောက်ျားတွေက သူတို့ချစ်တဲ့မိန်းကလေးတွေကို ပြောတယ်။ လဝန်းလေးနဲ့တူတဲ့ မေ့မျက်နှာ၊ ကြယ်ပွင့်ကလေးလို ရွှန်းလဲ့တဲ့ မေ့မျက်လုံးတို့.... ဘာတို့လို့လည်း ပြောတတ်တယ်။ ကောင်းကင်ပြည့်၊ မိုးလုံးပြည့် မေတ္တာတွေနဲ့ မေ့အပေါ် လွှမ်းမိုးထားချင်တယ်။ ဘာတယ်၊ ညာတယ်လို့လည်း ပြောတယ်။ ခံစားမှုတွေနဲ့ပြောတာ၊ တကယ်ခံစား ပြောခဲ့တာတွေ ဖြစ်မှာပေါ့။ အပြောခံရသူတွေကလည်း ကြိုက်ပုံရပါတယ်။ မဟုတ်မှန်းသိသိနဲ့ ကြိုက်နှစ်သက်နေတာမျိုးတွေကလည်း

ရှိတယ်။ ဒါ့ကြောင့်လည်း အိမ်ထောင်ပြုကြ၊ အတူနေသွားဖြစ်ကြတာပဲ ပေါ့။

အိမ်ထောင်ကျပြီးလို့ ထင်သလိုဖြစ်မလာတဲ့အခါကျတော့မှ ယောကျ်ားတွေက ညာတယ်၊ လိမ်တယ်ဆိုတဲ့ အသံတွေထွက်လာတာပဲ။ ကဗျာဆရာကြီး ဟိုးမားက **'လောကကြီးမှာ အကြီးမားဆုံးအရာ နှစ်ခု ရှိတယ်။ တစ်ခုက အချစ်ဆိုတဲ့အရာ၊ ကျန်တစ်ခုက စစ်ဆိုတဲ့အရာပဲ'** လို့ စပ်ဆိုထားတယ်။

သူစပ်ဆိုထားတဲ့ အချစ်ဆိုတာနဲ့ စစ်ဆိုတာဟာ ဘယ်လောက် ကြီးကျယ်တဲ့ အတိုင်းအတာထိမျှော်မှန်းပြီး ဟိုးမားက စပ်ဆိုဖော်ပြခဲ့ တယ်ဆိုတာကိုတော့ ကျွန်တော် မမှန်းဆနိုင်ဘူးပေါ့ဗျာ။ ဒါပေမယ့်.... သူပြောတဲ့ အချစ်ကြောင့် အဖိုအမပေါင်းဆုံပြီး အိမ်ထောင်တွေဖြစ်လာ တယ်။ အဲဒီ အိမ်ထောင်တွေကနေ လူတွေ.... လူတွေဖြစ်လာ.... အဲဒီကနေ လူ့သမိုင်းကြီး၊ အဲဒီလူ့သမိုင်းကြီးရှိလာလို့ ပြဿနာတွေ ပဋိပက္ခတွေ စစ်ရေးတွေဟာလည်း ရှိလာတာပေါ့။

အိမ်ထောင်တစ်ခုမှာလည်း ဟိုးမားပြောတဲ့ အချစ်နဲ့စစ် ပုံစံ ငယ်ကို ကြည့်နိုင်တယ်။ အချစ်ရေးကနေပြီး ဖြစ်ပေါ်လာတဲ့ အိမ်ထောင်မှာ သားသမီးပြဿနာ၊ စီးပွားရေးပြဿနာ၊ ယောက္ခမပြဿနာ၊ ပြီးတော့ တစ်ခြားတစ်ခြား ပြဿနာတွေ.... အိမ်ထောင်မကျခင်ကလို မကြင် နာတော့တာတွေ၊ ဂရုမစိုက် အလေးမထားတော့တာတွေ.... ပြီးတော့ လည်း တစ်ခြားဟာတွေနဲ့ပေါ့ဗျာ၊ ကြုံလာတဲ့အခါ လင်နဲ့မယား စကား တွေများ၊ ရန်တွေဖြစ်၊ စစ်ခင်းကြပေါ့။ တစ်ဖက်က တစ်ဖက်ကို အလျှော့ ပေးပြီး အိမ်ပေါ်က ဆင်းသွားတာလဲရှိတာပေါ့ဗျာ။ ဆင်းသွားရုံဆို တော်သေးတယ်။ ပြန်တက်လာဖို့ အလားအလာရှိသေးတယ်ဆိုရမှာပဲ။



http://www.cherrythitsar.org

ကျွန်တော် ထားဝယ် - မောင်းမကန်ကမ်းခြေရောက်တော့ မော်ရစ်ဘက်ကို သွားဖူးတယ်။ အဲဒီမှာ ထီးထီးမတ်မတ် ကျောက်ဆောင်ကြီးတစ်ခုကို ပင်လယ်လှိုင်းတွေ တစ်ဝုန်းဝုန်းလာပြီး ရိုက်နေတာကို ကြည့်ပြီး ကဗျာဆရာ မျိုးမြင့်ဆွေရဲ့ **'လှိုင်းနဲ့ကျောက်ဆောင်'** ဆိုတဲ့ ကဗျာကလေးကို အမှတ်ရတယ်ဗျာ။

ပင်လယ်လှိုင်းက အပြေးအလွှားတက်လာပြီး ကျောက်ဆောင်ကြီးကို ဝုန်းကနဲဝင်တိုက်တယ်၊ ကြေညာပြီး.... ကျောက်ဆောင်နဲ့ လှိုင်းစစ်ခင်းသလိုပဲဗျာ။ အိမ်ထောင်တစ်ခုမှာလည်း လင်နဲ့မယားဟာ အလိုမကျစရာတွေ၊ ပြဿနာတွေနဲ့ ကြုံတဲ့အခါ ရန်စစ်ခင်းကြတယ်။ မိန်းမက ရှင်နဲ့အတူမနေနိုင်တော့ပါဘူး ပြောဆိုပြီး အိမ်ပေါ်က ဆင်း၊ သူ့အမေအိမ် ပြန်သွားတယ်။

မိန်းမ အိမ်ပေါ်ကဆင်းပြီး ပြန်သွားတော့လည်း ကျန်ခဲ့တဲ့ယောကျ်ားဟာ ဒေါသတွေပြေသွားတဲ့အခါ ဝမ်းနည်းမှုတွေဖြစ်၊ နောင်တတွေရ၊ ချစ်လို့ကြိုက်လို့မှ ယူထားတဲ့မိန်းမပဲဗျာ။ စိတ်မကောင်းတွေဖြစ်၊ အံမယ်.... ငုတ်တုတ်ထိုင်မှိုင်ပြီး မျက်ရည်တွေဘာတွေတောင်ကျတယ်။

ကဗျာဆရာက....

*မျက်ရည်ကိုသုတ်၊*
*မင်းပြန်ဆုတ်လျှင်*
*ငုတ်တုတ်ငါ့မှာ မှိုင်ရုံမြဲ....* တဲ့။

လှိုင်းရိုက်လိုက်လို့ ကျန်ခဲ့တဲ့ ပင်လယ်ရေတွေ ကျောက်ဆောင်ပေါ်ကနေ စီးကျလာပုံက မျက်ရည်တွေ၊ တွေတွေစီးကျနေပုံမျိုးဗျ။ ဒါပေမယ့်....

*ငါ့ကို ကျဉ်ဖဲ့၊ လှိုက်လှဲလှဲဖြင့်*
*မင်းလဲ လမ်းမှာငိုသွားမြဲ....* တဲ့။



http://www.cherrythitsar.org

ပင်လယ်ကိုပြန်ဆင်းသွားတဲ့ လှိုင်းသံကို သေချာ နားထောင်ကြည့်ရင် ဝမ်းနည်းပက်လက်နဲ့ ငိုရှိုက်သွားတဲ့ အသံမျိုးပေါ့။ အထူးသဖြင့် အခုလို နွေရာသီမျိုးမှာပေါ့။

အဲဒီအတိုင်းပဲ စကားများ၊ စစ်ခင်း၊ အရှုံးပေးပြီး ဆင်းသွားတဲ့ မယားဖြစ်သူဟာလည်း ပြန်သာသွားရတယ်။ ဘယ်စိတ်ချမ်းသာပါ့မလဲ၊ ငိုရှိုက်သွားမှာပေါ့။

မကြာပါဘူး၊ ယောက်ျားဖြစ်တဲ့သူက ပြန်သွားတဲ့ မယားဆီကို လိုက်လာ၊ နောင်ကို ဒီလိုမဖြစ်စေရပါဘူး။ ဟိုလိုမဖြစ်စေရပါဘူးနဲ့ ကတိတွေပေး၊ ချော့၊ နှစ်သိမ့်၊ လိုက်ခဲ့ဖို့ခေါ်၊ ခေါ်တော့လည်း ပြန်ပါလာပြန်တာပေါ့ဗျာ။

နီးတကျက်ကျက်၊ ဝေးတသက်သက်.... ဆိုမဟုတ်လားဗျ။ ပြန်လိုက်လာပြီး အတူနေကြပြန်တော့လည်း.... တစ်ချိန်ချိန်မှာ အကြောင်းတစ်မျိုးမျိုးကြောင့်.... တကျက်ကျက်နဲ့ စစ်ထွက်ဖို့ ပြင်ကြဦးမှာပေါ့။ ကျောက်ဆောင်နဲ့ လှိုင်းနဲ့ ဒီလိုပဲ တွေ့ဆုံလိုက်ကြ၊ ရန်ဖြစ်လိုက်ကြ၊ ထွက်သွားလိုက်ကြ၊ ပြန်လာလိုက်ကြ....နဲ့။

*နီးတကျက်ကျက်၊ ဝေးတသက်က*
*စိတ်လက်ရှင်ပုံ၊ ရူးသွဘုံမို့*
*ပြန်ဆုံဦးစို့ မင်းနဲ့ငါ....* တဲ့။

ပုထုဇဉ်လူသားတွေဟာ (အရိယာတို့ရဲ့ အမြင်ကနေကြည့်ရင်တော့) အရူးတွေပေါ့ဗျာ။ ဒီလူတွေနေနေတဲ့ နေရာဟာလဲ အရူးတို့ရဲ့ဘုံပေါ့။ အဲဒီအရူးတို့ရဲ့ဘုံမှာ ကျွန်တော်တို့ ပုထုဇဉ်လူသားတွေဟာ ဒီလိုပဲ ဖြစ်ပျက်နေကြတာ....။

*တောင်းကင်ကြီးက ပြာတယ်။*
*ကြယ်ကလေးတွေက လင်းလက်တယ်။*
*လမင်းကြီးက... သာ*
*ယောက်ျားတွေက... ညာ၊ ညာပြီးတော့လဲ ညာနေအုံးမှာ*

**အမှတ်(၆၉) အင်တာဗျူးဂျာနယ်**



http://www.cherrythitsar.org



http://www.cherrythitsar.org

# လွမ်းလေပြေ

ယောက်ျားတွေက မိန်းမတွေကို အထင်သေးခဲ့ကြတယ်။ မိန်းမကို အားနည်းတဲ့သတ္တဝါလို့ မြင်ခဲ့ကြတယ်။

မိန်းမဆိုတာ လေပြေလေညင်း ကလေးနဲ့တူတယ်တဲ့။

လေပြေလေညင်းကလေး တိုက်ခတ်လာရင် အမောပြေသွား တယ်၊ ရွှင်လန်းချမ်းမြေ့သွားတယ်။ အားသစ်လောင်းလိုက်သလို တက်တက်ကြွကြွ ဖြစ်သွားတယ်။ ရင်ထဲမှာ တစိမ့်စိမ့်နဲ့ တငြိမ့်ငြိမ့် ကြည်နူးရတယ်။ တကယ့်ကို နှစ်လိုဖွယ်ကောင်းတဲ့ လေပြေလေညင်း....

လေပြေကလေးဟာ.... နူးနူးညံ့ညံ့ ညင်ညင်သာသာ ကနွဲ့ကလျလာပေမယ့် လဲဝါဂွမ်းကိုတော့ ရပ်တည်ရာမရ ဟိုသည်လူပ်ရှား ယိမ်းယိုင်လွင့်မျော လူးလိမ့်သွားစေနိုင်စွမ်းတယ်။

ဒီအတိုင်းပဲ၊ မိန်းမဆိုတဲ့ လေပြေလေညင်းက.... ယောက်ျား ဆိုတဲ့ လဲဝါဂွမ်းကို လှုပ်လှုပ်ရှားရှားတွေ ဖြစ်သွားစေနိုင်တယ်။ ဘာပြော ကောင်းမလဲ၊ သူလိုမိန်းကလေးကြောင့် ယိမ်းယိုင်ရူးပေါလွင့်မျော လျှော ကျသွားရတဲ့ ယောက်ျားတွေ အများကြီး၊ အများကြီးမှ အများကြီး။

ဥမ္မာဒန္တီကြောင့် သိဝိမင်းကြီးဟာ သိကြတဲ့အတိုင်း ပြည်ထဲ ရေးနှင့် ဝမ်းရေးတို့ထက် လွမ်းရေးခက်ပြီး စိတ်တွေချောက်ချောက် ခြားခြား ဖောက်ဖောက်ပြန်ပြန်တွေ ဖြစ်ခဲ့ဖူးတယ်။

လေပြေကလေးနဲ့ သူ့မိန်းမကပြောလို့ ရှင်မဟာမောဂ္ဂလန် အလောင်းအလျာဟာ တစ်ခုသောဘဝမှာ မျက်စိမမြင်တဲ့ မိဘနှစ်ပါးကို အိမ်ကထုတ်၊ ကိုယ်တိုင်က သူခိုးဓားပြယောင်ဆောင်ပြီး ရိုက်ခဲ့မိတဲ့အဖြစ် မျိုးလည်းရှိခဲ့တယ်။

တပ်မက်နှစ်သက်ဖွယ်ကောင်းတဲ့ မိန်းမနဲ့တွေ့လိုက်ရင် ဘယ်လောက်ပညာရှိရှိ ဘယ်လောက်သတ္တိကောင်းကောင်း လဲဝါဂွမ်း ဘဝမျိုးနဲ့ အဲဒီမိန်းမရဲ့ လေပြေလေညင်းတိုက်လွှင့်တဲ့အတိုင်း လွင့်၊ ယိမ်းယိုင်ပြီး သိက္ခာဟူသမျှ လျှောကျကုန်ခမ်းသွားကြရတဲ့ ယောကျ်ား တွေလည်း အများကြီးပဲ။

သိတယ်မဟုတ်လားဗျာ၊ ရောမစစ်ဗိုလ်ချုပ်ကြီး ဂျူလိယက်ဆီဇာ ဟာ ပွဲတိုင်းအောင်တဲ့ စစ်ဗိုလ်ချုပ်ကြီး၊ တကယ့်ယောကျ်ား သူရဲကောင်း ကြီးပါပဲ။ သူ့ကို ဘယ်သူမှ လှည့်စားလို့မရခဲ့ဘူး။ သတ္တိအင်မတန်ကောင်း တဲ့ ဗိုလ်ချုပ်ကြီးအဖြစ် ထင်ရှားပါပေတယ်။ အဲဒီ ဆီဇာဟာ သူ့ပြိုင်ဘက် ပွန်ပီ ကိုလိုက်ရင်းနဲ့ အီဂျစ်ကိုရောက်သွားတယ်။ အဲဒီမှာ အင်မတန် တပ်မက်ဖွယ်ကောင်းတဲ့ အီဂျစ်အလှဘုရင်မ ကလီယိုပါထရာကို ဆီဇာ တွေ့တယ်။ ဒီလိုတွေ့တာဟာ သူ့အတွက် ကံဆိုးခြင်းပဲ။ ဒါပေမယ့် တွေ့စ က ဒီလောက်ချောမောလှပသူကို ငါတွေ့ရတာ ကံကောင်းလေခြင်းလို့ တောင် ဆီဇာ ထင်ချင်ထင်ခဲ့မှာ။ ဆီဇာဟာ ကလီယိုပါထရာကို အရူး အမူးချစ်မိတယ်။ မကြာပါဘူး။ ကလီယိုပါထရာရဲ့ လေပြေလေညင်း အသွေးမှာ ဂျူလီယက်ဆီဇာရဲ့ဘဝဟာ ဖရိုဖရဲလွင့်ကြဲပျက်စီးသွားတယ်။



http://www.cherrythitsar.org

ဒါကြောင့် ပြောတာပေါ့ဗျ။ မိန်းမတွေဟာ အားမနွဲ့ပါဘူးလို့။ ယောက်ျားနဲ့မိန်းမ အားပြိုင်ပွဲမှာ ယောက်ျားက ကျရှုံးခဲ့တာ အများကြီး....။

**'ဝဏ္ဏပဘာ၊ ကလျာဖူးစသစ်၊ ပျိုမျစ်မျစ်လျှင်၊ ကျစ်လျစ်တင့်စံပယ်၊ လှမျိုးကြွယ်....'** လို့ စပ်ဆိုတဲ့အတိုင်း လှလွန်းတဲ့မိန်းကလေး.... ဝဏ္ဏပဘာကို ရှင်မဟာရဋ္ဌသာရက မြင်တယ်။

ဝဏ္ဏပဘာက တကယ့်ကို....

**'ပြစ်မျိုးမှဲ့မထင်၊ နတ်ရုပ်သွင်သို့၊ ဖြူစင်ထွန်းရောင်ဝင်း၊ လှမှန်တင်း....'** ဒီလောက်စင်ကြယ်လှပတဲ့ ဝဏ္ဏပဘာကို ညတွင်းဆည်းဆာမှာ ရှင်မဟာ ရဋ္ဌသာရက မြင်တယ်။

ဝဏ္ဏပဘာရဲ့မျက်နှာလေးက **'ရယ်ရွှင်ပြုံးတုံ့၊ မပြုံးတုံ့'** နဲ့....

ဝဏ္ဏပဘာရဲ့ ဆံပင်အခြေအနေက **'စုလည်းထုံးတုံ့၊ မထုံးတုံ့'** နဲ့။ ပြီးတော့.... ဝဏ္ဏပဘာကို **'ချုပ်ညရီတွင်၊ ကျွန်ုပ်မြင်သည်.... ရွှေရင်ဖုံးတုံ့၊ မဖုံးတုံ့'** နဲ့တဲ့။ ဖွံ့နွံ့ပုံကလည်း လှပါပေ့။

ဒါပေမယ့်.... ရှင်မဟာရဋ္ဌသာရ.... ကံကောင်းတယ်။ ကမ္ဘာ့ပြတ်ကြီးကနေ အောက်ချောက်ထဲကျခါနီးမှာ **'နှမလက်လျှော့၊ နေလေတော့....'** ဆိုပြီး ရှင်မဟာရဋ္ဌသာရက ပြန်လှည့်သွားတယ်။ ကံကောင်းတယ်လို့ပြောမယ့်အစား ရှင်မဟာရဋ္ဌသာရဟာ အလွန်တော်ပါပေတယ်လို့ဆိုရမှာပေါ့ဗျာ။ ဟုတ်ဖူးလား။

**မိန်းမဆိုတာ လေပြေလေညင်းကလေးရဲ့ ဟိုဘက်က 'ကမ္ဘာ့ပြတ်'** နဲ့လည်းတူတယ်တဲ့ဗျ။ ကမ္ဘာ့ပြတ်ကနေကျလိုက်ရင် ပြန်တက်ဖို့မလွယ်တဲ့ **'ချောက်'** ကြီး၊ အိမ်ထောင်ရေးဆိုတဲ့ ဒုက္ခချောက်ကြီးရှိနေလေရဲ့တဲ့ဗျာ။



http://www.cherrythitsar.org

နတ်သျှင်နောင်ကတော့ **'တင့်လှပေဟန်၊ ဘက်မရန်တည့်၊ ခြောက်တန်နတ်ရွာ၊ ဘုံကလာသို့....'** လို့ထင်နေတဲ့ ဓာတုကလျာရဲ့ အလှမှာ မေ့လျော့သွားလို့ ချောက်ကြီးထဲကျသွားတယ်လို့ ထင်မိတာပဲ၊ ဟုတ်ချင်မှတော့ ဟုတ်မယ်ပေါ့ဗျာ။

အဆိုတစ်ခုရှိတယ်။ **'အချစ်ရေးမှာကံကောင်းသူဆိုတာ 'လူပျိုကြီး'** လို့ခေါ်တယ်။ "A man who's Lucky in Love is called a bachelor" တဲ့ဗျ။

ကိုယ်ကကြိုက်ပါလျက်နဲ့ တစ်ဖက်က အမျိုးသမီးက ပြန်မကြိုက် လို့ (ဒါမှမဟုတ်) လိုတာမရ၊ ရတာမလိုလို့ အိမ်ထောင်မပြုဖြစ်ဘဲ လူပျို ကြီးဖြစ်ပြီးကျန်ရစ်တာမျိုး၊ ပြီးတော့ အိမ်ထောင်ပြုချင်ပါလျက်နဲ့ စီးပွား ရေးအစရှိတဲ့ အရေးတွေမပြေလည်လို့ အိမ်ထောင်မပြုနိုင်ဘဲ အထီးကျန် နေတာမျိုးကို 'လူပျို' လို့ ခေါ်တာမဟုတ်ဘူးနော်။ ရှင်မဟာရဋ္ဌသာရတို့ လိုပေါ့ဗျာ။ **ယူချင်တာရနိုင်ပါလျက်နဲ့ မြင့်မြတ်တဲ့ ရည်ရွယ်ချက်ရှိနေလို့ အိမ်ထောင်မပြုဘဲကို တမင်နေနေသူကိုမှ 'လူပျို' လို့ခေါ်နိုင်တယ်** ဆိုတာကိုလည်း သတိတော့ပြုရမယ်။

**အမှတ်(၇၁) အင်တာဗျူးဂျာနယ်**



http://www.cherrythitsar.org



http://www.cherrythitsar.org

# သာလိုက်မယ်

▲

လွန်ခဲ့တဲ့ရက်က.... မိတ်ဆွေတစ်ဦးက.... **'မေတ္တာ'** ဆိုတဲ့ စကားလုံးကို မြန်မာဘာသာသို့ ပြန်ဆိုရာမှာ ချို့ယွင်းချက်တွေ၊ မှားနိုင်တာတွေ အများကြီးရှိနိုင်တဲ့အကြောင်းပြောပြတယ်။

'မေတ္တာ'ဆိုတာကို မြန်မာလို 'ချစ်ခြင်း'လို့ ပြန်ဆိုတတ်ကြတယ်။ 'မေတ္တာ'ဆိုတာကို အနက်အဓိပ္ပာယ်ဖွင့်ဆိုဖို့ခက်သလို၊ 'ချစ်ခြင်း' ဆိုတာလည်း အဓိပ္ပာယ်ဖွင့်ဆိုဖို့ ခက်နေပြန်တာပဲတဲ့။

ဒီတော့ မေတ္တာရဲ့သဘောကလည်း ရှုပ်၊ ချစ်ခြင်းဆိုတာက လည်း မရှင်းမလင်းဖြစ်နေတယ်။

ပြောတတ်ကြတယ်။ ချစ်တယ်ဆိုတာ တစ်ခုခုလိုချင်တာ၊ ရချင်တာ၊ (ယောကျ်ားက မိန်းမကို၊ မိန်းမက ယောကျ်ားကို) ပိုင်ချင်တာ၊ မေတ္တာဆိုတာကတော့ ပေးချင်ကမ်းချင်တာ။ ကူညီချင် ယိုင်းပင်းချင်တာ၊ ဒါကြောင့်....

*ချစ်ခြင်းဆိုတာ 'အယူ'၊ မေတ္တာဆိုတာက 'အပေး' တဲ့ဗျ။*

ဒါဆိုရင်.... ချစ်ခြင်းဆိုတာက ငါ့အတွက်.... ငါ့အတွက်....

မေတ္တာဆိုတာက သူ့အတွက်.... သူ့အကျိုးအတွက်.... လို့ ပြောရမလိုဖြစ်နေတယ်။ ဒီလိုပြောနိုင်ရင်....

*ချစ်ခြင်းဆိုတာက ငါ့အတွက်* ဆိုတဲ့ ကိုယ်ကျိုးမျှော်ခြင်းဝါဒ Consequentialism ဖြစ်ပြီး မေတ္တာဆိုတာက သူ့အကျိုးအတွက်ပဲ ကြည့်တဲ့ဝါဒ Non-Consequentialism ဖြစ်တယ်လို့ ဆိုရမယ်တဲ့။

ဒါဆိုရင် မိန်းမတွေရဲ့အချစ်ဟာ 'ချစ်ခြင်း' ပဲဖြစ်တယ်။ 'မေတ္တာ'တော့ လုံးဝမဖြစ်နိုင်ဘူး။ လူကြီးသူမတွေပြောကြတဲ့ အဖြစ်အပျက်တစ်ခုရှိတယ်။ ဘာလဲဆိုတော့....

တစ်ခါမှာ.... တောကြက်အုပ်နှစ်အုပ်ဟာ တောတွင်းတစ်နေရာမှာဆုံကြတယ်။ ဒီလိုဆုံတွေ့ကြတော့.... ဟိုဘက်ကြက်အုပ်က ခေါင်းဆောင်နဲ့ ဒီဘက်ကြက်အုပ်က ခေါင်းဆောင်ကြက်ဖနှစ်ကောင် ခွပ်ကြတော့တာပေါ့။

ဒီလို ခွပ်နေကြတာကို ကြက်မတွေက ဝိုင်းကြည့်နေကြတယ်။ ဟိုဘက်အုပ်စု၊ ဒီဘက်အုပ်စု နှစ်ခုလုံးက ကြက်မတွေ ဝိုင်းကြည့်နေကြတာ၊ ဝိုင်းကြည့်နေကြတာကလွဲလို့ ဘယ်ကြက်မကမှ ဝင်မကူဘူး။

ကြာတော့.... ဒဏ်ရာဒဏ်ချက်တွေ ပြင်းပြင်းထန်ထန်ရတဲ့ ကြက်ဖဟာ အရှုံးပေးပြီး ထွက်ပြေးသွားပါလေရော။ ဒီလိုရှုံးပြီးထွက်ပြေးသွားတဲ့ ကြက်ဖနောက်ကို ရှုံးတဲ့အုပ်စုက ကြက်မတွေဟာ လိုက်ပြေးမယ်၊ အဖော်အဖြစ်လိုက်သွားမယ် ထင်သလား၊ ဝေးပါသေးတယ်တဲ့။ နိုင်တဲ့ ကြက်ဖနောက်ကိုသာပေါင်းပြီး ကြက်မနှစ်အုပ်လုံး လိုက်သွားကြပါရော....။



http://www.cherrythitsar.org

မိန်းမတွေဟာ အဲဒီအုပ်စုဝင်တွေလိုပဲတဲ့ဗျ။ အောင်နိုင်သူ၊ သူများထက်သာတဲ့သူ.... သူ့ထက်သူ ရာထူး၊ ဂုဏ်၊ ငွေ၊ တင့်တယ်မှု၊ ကျော်ကြားမှု.... ဒါတွေ သာလွန်တဲ့သူနောက်ကိုပဲ လိုက်တာပဲ။

ဒါပေမယ့်.... ကိုယ့်နောက်လိုက်လာသူကိုလည်း.... သူကတော့ ငါ့ကို တကယ်မေတ္တာရှိလို့လိုက်လာတာ.... လို့များ မထင်လိုက်ပါ လေနဲ့။ ဘဝခရီးတစ်နေရာရာမှာ ဟိုကြက်ဖ ရှုံးသလို ရှုံးတာတွေ၊ မအောင်မြင်တာတွေ၊ စီးပွားရေး စသည်မှာ အထိနာတာတွေ ရှိနိုင်တယ်။ ကိုယ့်ထက်သာတဲ့ ကြက်ဖမျိုးနဲ့ တွေ့နိုင်သေးတယ်။

တချို့ဆို.... အိမ်ထောင်ကျပြီးဖြစ်နေတာတောင်မှ.... လက်ရှိလူထက်သာတဲ့သူ.... အောင်မြင်တဲ့သူနဲ့ ဆုံတဲ့အခါ အဲဒီလူ နောက်လိုက်သွား ပါသွားတာမျိုးတောင်ရှိတယ်။ တချို့ကတော့.... အိမ်ထောင်ဆိုတဲ့ အထိန်းအချုပ်ကြီးကို မကျော်လွှားနိုင်လို့ မလိုက်ဘဲ နေရတာမျိုးလည်းရှိတာပေါ့။ မလိုက်ဘဲသာ နေနေရတယ်။ စိတ်ကတော့ သူနဲ့သာဆိုရင်....လို့ စိတ်ကူးယဉ်ချင်ယဉ်နေဦးမှာ။ လူကမလိုက်ပေမယ့် စိတ်က လိုက်ချင်လိုက်သွားဦးမှာ....

ဒါကြောင့်ဗျာ။ *အမျိုးသမီးတွေမှာ 'မေတ္တာ'ဆိုတာမရှိဘူး။ အချစ်ပဲရှိတယ် လို့ပြောရင် မှန်လေမလားပဲ။*

အမျိုးသမီးတွေကပြောတတ်တယ်။ *'အသည်းနှလုံးနဲ့ မဆုံးဖြတ်ဘဲ ဦးနှောက်နဲ့ဆုံးဖြတ်ပြီး အိမ်ထောင်ပြုရတာပါ'* တဲ့။ ချစ်တော့ ချစ်ပါတယ်.... ဒါပေမယ့်.... ဆိုတဲ့ သဘောပေါ့။

ပြီးတော့.... *'ဖြစ်ချင်တာထက် ဖြစ်သင့်တာကိုကြည့်ပြီး အိမ်ထောင်ပြုရတာပါ'* လို့လည်း ဆိုတတ်သေးတယ်။ သူတို့အကြောင်းပြချက်နဲ့ သူတို့ကတော့ ဟုတ်နေမှာပဲ။ ဒါပေမယ့်.... ရှုံးသူဘက်ကနေ



http://www.cherrythitsar.org

ကြည့်ရင်တော့ သူတို့အသည်းနှလုံးက မာကျောပါတယ်ဗျာ။ သူတို့ ဆုံးဖြတ်ချက်ကလည်း အကြွင်းနာမဲ့လွန်းပါတယ်။

▲ ▲

မိတ်ဆွေဖြစ်သူက.... အခုပြောပြခဲ့တဲ့ အကြောင်းအရာတွေ ကို ပြောပြပြီးတဲ့နောက်မှာ ခပ်လှမ်းလှမ်းကို ငေးနေပါတယ်။ ကျွန်တော် က သူ့ကိုကြည့်ရင်း.... သာသူနောက် ကောက်ကောက်ပါအောင် လိုက်ပါသွားလေသူ တစ်ဦးကို.... သူလှမ်းမျှော်ကြည့်နေလေရော့ သလား.... လို့ တွေးနေမိပါတယ်။

**အမှတ်(၇၂) အင်တာဗျူးကျောနယ်**



http://www.cherrythitsar.org



## နွဲ့နွဲ့နှောင်း

မြစ်နှစ်မွှာဖြစ်ပေမဲ့.... မြစ်ဆုံမှာ တစ်သားတည်းပေါင်း၊ တစ်ကြောင်းတည်းစီးသလို ဘဝနှစ်ခုဟာလဲ 'အိမ်ထောင်' ဆိုတာမှာ တစ်သားတည်းပေါင်းပြီး တစ်ဘဝတည်းအဖြစ်နဲ့.... ဘယ်သူ.... ဘယ်သူ့တွေဆီကိုမှ စိတ်တွေ မတိမ်းမညွတ်၊ မဖောက်မပြန်ဘဲ တစ်စိတ်တည်း၊ တစ်အာရုံတည်းနဲ့ ဘဝခရီးကို လှမ်းလျှောက်နိုင်ကြသူတွေ ရှိကြ မှာပါ။

စာတွေပေတွေထဲမှာ တွေ့ဖူးတယ်။ အင်မတန် သစ္စာရှိကြတဲ့ အမျိုးသမီးတွေကို.... အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္ဗုလ.... ဆိုတဲ့သူတွေလေ၊ အင်မတန်လေးစား မြတ်နိုးထိုက်တဲ့ အမျိုးသမီးတွေပါ။

တစ်နေရာမှာ နကုလပိတာ ဆိုတဲ့ အမျိုးသမီးကြီးက သူဟာတဲ့၊ အိမ်ထောင်ကျပြီးတဲ့ အချိန်ကစပြီး အခုလို အသက်ရှစ်ဆယ်ကျော်ကိုးဆယ် အရွယ်အထိ သူ့အိမ်ထောင်ကနေကျော်လွန်ပြီး ဘယ်အမျိုးသားကိုမှ စိတ်နဲ့တောင် မသာယာဖူးပါဘူးလို့ ဝန်ခံထားတာရှိတယ်။ တကယ်လေးစားထိုက်ပါပေတယ်ဗျာ။

ဒီအကြောင်းပြောပြတော့ ကျွန်တော့်မိတ်ဆွေက 'ခင်ဗျားက စာပေထဲကအကြောင်းတွေပြောတော့.... ကျွန်တော်ကလည်း ပုံပြင်ထဲ ကအကြောင်း ပြောရဦးမယ်' လို့ စကားစချီပြီး.... သူပြောတာက....

ငရဲပြည်မှာတဲ့ဗျ။ ယမမင်းက အမှုစစ်ဖို့ သူ့ကိုယ်ရေးအရာရှိကို အမှုသည်တွေကို ရှေ့မှောက်သွင်းလာခဲ့ဖို့ ခိုင်းတယ်၊ ဒါနဲ့ သူ့ကိုယ်ရေး အရာရှိက အမှုသည်တွေကို ယမမင်းရဲ့ရှေ့မှောက်သွင်းလာတယ်။ ဒီအခါမှာ ယမမင်းက.... အမှုသည်တွေဆီလှမ်းပြီး

'ဟေ့.... ကိုယ့်အိမ်ထောင်ကိုကျော်ပြီး ဖောက်ပြန်သာယာသူ တွေ ရှေ့ကိုတိုး....'လို့ခိုင်းတယ်။ ဒီအခါမှာ တစ်ဦးသော အမျိုးသမီးငယ် ကလွဲရင် အားလုံးက ရှေ့ တိုးလိုက်ကြတယ်။ သူတို့တွေဟာ ကိုယ့် အိမ်ထောင်ကိုလွန်ပြီး သာယာမိသူ ဖောက်ပြန်မိသူတွေပါလို့ ဝန်ခံလိုက် တဲ့ သဘောပေ့ါ။

ရှေ့မတိုးဘဲ ကျန်ခဲ့တဲ့အမျိုးသမီးငယ်က တကယ့်ကို လှလှပပ နွဲ့နွဲ့နှောင်းနှောင်း သိမ်သိမ်မွေ့မွေ့ ယဉ်ယဉ်ကျေးကျေးကလေး၊ ဒီ မိန်းမ ချောကလေးကိုကြည့်ပြီး ယမမင်းရဲ့ ကိုယ်ရေးအရာရှိက ဝမ်းသာမဆုံး ရှိနေတယ်။ 'အော် ဒီသူငယ်မ.... ရုပ်ရေနဲ့လိုက်အောင်ပဲ ကိုယ်ကျင့် သီလကောင်းပါပေတယ်'လို့ ကြိတ်ပြီးချီးကျူးနေတယ်။ ဒီအခိုက်မှာ ယမမင်းက သူ့ကို....

'ဟေ့.... ဒီနေ့ နတ်ပြည်ပို့စရာ လူတစ်ဦးမှမရှိဘူး။ သူတို့ကို အကြော်ငရဲမှူးကြီးဆီပို့'လို့ အမိန့်ပေးတယ်။ ဒီအခါမှာ ကိုယ်ရေးအရာရှိ က....

'ယမမင်း.... ခင်ဗျား၊ ဟို မိန်းကလေးကိုတော့.... ဘယ်လို ဆောင်ရွက်ရမှာလဲ'လို့ မေးတော့ ယမမင်းက....



http://www.cherrythitsar.org


'ဟော့.... နတ်ပြည်ပို့စရာ တစ်ယောက်မှမရှိဘူးလို့ပြောနေတာ၊ ဟို နားထိုင်းမကိုလဲ သူတို့နဲ့အတူ ငရဲမှူးကြီးဆီပို့....' ရော့.... ဒီမှာ အမှုသည်စာရင်း....လို့ အော်ပြောလိုက်တယ်၊ အဲဒီတော့မှ.... သနားကမား၊ ဒီအချောအလှ မိန်းမဟာ ယမမင်းက ရှေ့တိုးခိုင်းတုန်းက နားမကြားလို့သာ မတိုးဘဲနေခဲ့တာကိုး....လို့ ကိုယ်ရေးအရာရှိဟာ သဘောပေါက်သွားတယ်တဲ့ဗျာ။

မိတ်ဆွေဖြစ်သူပြောပြတဲ့ အဲဒီပုံပြင်ထဲက မိန်းမမျိုးတွေ တကယ့်လူ့လောကထဲမှာ မများပါစေနဲ့လို့ ဆုတောင်းမိပါတယ်ဗျာ။

**အမှတ်(၇၃) အင်တာဗျူးဂျာနယ်**



http://www.cherrythitsar.org



# အလယ်ကြောင့်

အိမ်ထောင်မှု ပြေလည်ရေးအကြံပေးအလုပ် Marriage counselling **နဲ့** အသက်မွေးသူပညာရှင်တစ်ဦးက ပြောဖူးတယ်တဲ့ဗျ။ သူ့ထံကို အိမ်ထောင်ပြုခါနီး ယောက်ျားမိန်းမတွေလာပြီးတော့ **'တစ်သက်လုံး စိတ်ချမ်းသာတဲ့ အိမ်ထောင်ရေးမျိုးဖြစ်အောင် ဘယ်လိုလုပ်ဆောင်ရ ပါမည်လဲ'** လို့ အကြံဉာဏ်လာတောင်းကြတယ်။ ဒီအခါမှာ အဲဒီပညာရှင် က....

'တစ်သက်လုံး စိတ်ချမ်းသာချင်ရင်တော့ အိမ်ထောင်လုံးဝ မပြု ပါနဲ့'လို့ အကြံပေးတယ်တဲ့။ ဒီလိုအကြံပေးလိုက်လို့ အဲဒီ ယောက်ျား မိန်းမ တွေ အိမ်ထောင်မပြုဘဲ နေလိုက်ကြမယ်လို့ ထင်သလား၊ ဝေးပါသေး တယ်.... တဲ့ဗျာ။ အိမ်ထောင်ပြုကြတာပါပဲတဲ့။ အိမ်ထောင်ပြုပြီးကြသူ တွေဟာ သူ့ဆီလာပြီး **'အိမ်ထောင်သည်ဘဝ ဘယ်လို စိတ်ချမ်းသာမှု ရအောင် ပြုမူလုပ်ဆောင်ရပါ့မလဲ'** လို့ အကြံဉာဏ် တောင်းကြပြန်တာ ပါပဲတဲ့။

လူ့ဘဝဖြစ်စဉ်ကြီးက ဒီလိုပါပဲဗျာ။ ရှေ့က အိမ်ထောင်ပြုနှင့် သွားသူတွေက ပြောတတ်ကြတယ်။ အိမ်ထောင်ပြုတယ်ဆိုတာ ထီထိုး သလိုပဲ။ ထီထိုးတာကမှ ပေါက်ချင်ပေါက်ဦးမယ်။ စိတ်ချမ်းသာတဲ့ အိမ်ထောင်ရေးဖြစ်ဖို့ သိပ်ခက်တယ်။ အိမ်ထောင်ရေးဆိုတာ အင်မတန် စိတ်ညစ်စရာ စိတ်ပျက်စရာတွေနဲ့ ဒုက္ခတွေများပါတယ်။ ဒါကြောင့် အိမ်ထောင်မပြုချင်ကြပါနဲ့....လို့ ပြောတတ်ကြတယ်။ ဒါပေမဲ့.... လူတွေရဲ့ ဖြစ်ပျက်ပုံကိုကြည့်ရင်.... အိမ်ထောင်ရေးဆိုတာ ဒုက္ခတွေ များတဲ့အကြောင်း ရှေ့ကစဉ်ဆက်ပြောသွားတယ်။ နောက်လူတွေက လည်း ရှေ့ကလူတွေပြောတာကို နားမထောင်ဘဲ စဉ်ဆက်လိုက်ပြီး အိမ်ထောင်ပြုကြတယ်။ ပြီးတော့ စဉ်ဆက်လိုက်ပြီး အိမ်ထောင်မှုရဲ့ မကောင်းကြောင်းတွေ ပြောပြန်တယ်။

အိမ်ထောင်ပြုပြီးလို့ အဆင်မပြေတာတွေ၊ ရိုးသွားတာတွေနဲ့ ကြုံလာတဲ့အခါ မိန်းမက ယောကျ်ားရဲ့မကောင်းကြောင်းကိုပြော....၊ ယောကျ်ားကလည်း မိန်းမ မကောင်းကြောင်းတွေကိုပြော၊ ဒီလိုပဲ စဉ်ဆက်ပြောနေကြတာ၊ မရိုးမဆန်းအကြောင်းတွေပေါ့ဗျာ၊ ပြောနေကြ တာ....။ ယောကျ်ားတွေက မိန်းမတွေမကောင်းကြောင်းပြောတော့ မိန်းမတွေက စိတ်ဆိုး သည်းမခံနိုင်တွေဖြစ်၊ မိန်းမတွေက ယောကျ်ားတွေ မကောင်းကြောင်း ပြောပြန်တော့ည်း ယောကျ်ားတွေ စိတ်ဆိုး၊ သည်း မခံနိုင်တွေဖြစ်.... ဒေါသတွေဖြစ်နဲ့ပေါ့ဗျာ။

တစ်ခါမှာ.... ဥပုသ်ဇရပ်တစ်ခုမှာတဲ့ဗျာ မိန်းမကြီး တစ်ယောက်က အော်ကျယ်အော်ကျယ်နဲ့ **'ယောကျ်ားကောင်း ဆိုတာကို တွေ့ဘူးပေါင်တော်....'**လို့ မဲ့ကာရွဲ့ကာနဲ့ ပြောနေတာကို ဘုန်းတော် ကြီးတစ်ပါးက ကြားသွားတယ်၊ ဘုန်းတော်ကြီးက ရှေ့ဆက်မကြွသေးဘဲ ရပ်ပြီးတော့ **'ဒကာမကြီး.... ယောကျ်ားမကောင်းတာကို ကျေးဇူးတင်၊**



http://www.cherrythitsar.org

**ယောက်ျားမကောင်းလို့ စိတ်ညစ်ပြီး အခုလို ဥပုသ်ဇရပ်မှာ ဥပုသ်စောင့် ဖြစ်တာမဟုတ်လား'** လို့မေးတော့ **'ဟုတ်မှန်ကြောင်း'** လျှောက်တယ်တဲ့၊ ဘုန်းတော်ကြီးက ဆက်ပြီး....

**'ဒကာမကြီး မြဲမြဲမှတ်ထား၊ ကောင်းတဲ့လင်ယောက်ျားဆိုတာကို မိန်းမတွေ တွေ့မှာမဟုတ်ဘူး၊ ဘာကြောင့်ဆိုတော့ ယောက်ျားကောင်း ဆိုတာ မိန်းမ မယူဘူး၊ ယူဖြစ်သွားရင်လဲ အဲဒီမိန်းမနဲ့ ကြာကြာမနေဘူး'** လို့ ပြောတော့ ဒကာမကြီးက....

**'အရှင်ဘုရား၊ သိဒ္ဓတ္ထဘုရားလောင်းကတော့ ဘာကြောင့် မိန်းမ ယူတာလဲ'** လို့မေးလျှောက်တယ်။ ဒီတော့ ဘုန်းတော်ကြီးက....

**'အံမယ်.... ဒကာမကြီးက ဘုရားလောင်းလိုယောက်ျားမျိုးကို တောင် မျှော်လင့်ခဲ့ပေတာကိုး။ မရဘူး၊ မရနိုင်ဘူး၊ ရလည်း ကြာကြာ ပေါင်းနေရမှာမဟုတ်ဘူး။ သိဒ္ဓတ္ထလည်း ခဏပဲ ယသော်ဓရာကိုပေါင်း ပြီး တောထွက်သွားတာ။ ယောက်ျားကောင်း ယောက်ျားမြတ်ဆိုတာ မိန်းမနဲ့ ဘယ်တော့မှ တူတူမနေဘူး'**လို့ ပြောတယ်တဲ့ဗျ။ ဒီလို ပြောတော့.... ဥပုသ်ဇရပ် ထောင့်တစ်ထောင့်မှာ ပုတီးစိပ်နေတဲ့အဖိုးအို က....

'မိန်းမဆိုတာ.... အရှင်ဘုရားတို့လို အကျင့်သီလကောင်းပြီး လိမ္မာသူမျိုးကျတော့လည်း.... **'အမယ်လေးဟဲ့....ဘုန်းကြီးကျနေတာပဲ' ဆိုပြီး မကြိုက်တတ်ပါဘူး။ မိုက်တိုက်တိုက်ယောက်ျားမျိုးကိုမှ မိန်းမ ဆိုတာ ကြိုက်တတ်တာပါဘုရား'** လို့ လှမ်းပြောတယ်တဲ့ဗျ။ အဖိုးအိုက ကိုယ်တွေ့နဲ့ယှဉ်ပြီး ပြောတာနဲ့တူပါတယ်။

ဒီလိုပါပဲဗျာ၊ ယောက်ျားက မိန်းမကို၊ မိန်းမက ယောက်ျားကို မကျေမနပ်နဲ့ ပြောတတ်ကြတာပါပဲ။ နွားဖြူနဲ့ နွားနက် နှစ်ကောင်ကို နဖားကြိုးချင်းပေါင်းပြီး ချည်ထားတယ်ဆိုရင်.... နွားဖြူသွားမယ်



http://www.cherrythitsar.org

လုပ်တော့လည်း နွားနက်က ကန့်လန့်ကန့်လန့် ပါနေတယ်။ နွားနက် သွားမယ်လုပ်တော့လည်း နွားဖြူက ကန့်လန့်ကန့်လန့်ပါနေတယ်။ ဒီအခါ မှာ နွားဖြူက နွားနက်ကြောင့် သူသွားလိုရာမသွားရတာလို့ အပြစ်တင် တယ်။ နွားနက်ကလည်း သူသွားလိုရာသွားလို့မရတာဟာ နွားဖြူကြောင့် လို့အပြစ်တင်တယ်။ အမှန်ကတော့ နွားဖြူနဲ့နွားနက်ရဲ့ ကြားက ပေါင်း ချည်ထားတဲ့ နဖား**'ကြိုး'** ကြောင့် ဖြစ်နေတာပါ။


ပေါင်းချည်ထားတဲ့ 'ကြိုး' သာမရှိရင် နွားဖြူက နွားနက်ကို၊ နွားနက်က နွားဖြူကို ဘာမှအပြစ်တင်စရာ အပြစ်မြင်စရာမရှိပါဘူးဗျာ။

ဒီအတိုင်းပါပဲ။ မိန်းမနဲ့ယောကျ်ားကြားမှာ တဏှာရာဂဆိုတဲ့ 'ကြိုး'က ချည်နှောင်မိနေ၊ ရှိနေတယ်လေဗျာ။ ဒီတော့ ကိုယ်ဖြစ်ချင်တာ မဖြစ်တဲ့အခါ၊ ကိုယ်လုပ်ချင်တာ မလုပ်ရတဲ့အခါ တစ်ဦးကတစ်ဦးကို အပြစ်တွေတင်။ အပြစ်တွေမြင်၊ အပြစ်တွေပြော၊ မဆုံးနိုင်တော့ဘူး။ တဏှာရာဂဆိုတဲ့ ကြိုးမချည်နှောင်မိကြဘူးဆိုရင်၊ တဏှာရာဂဆိုတဲ့ ကြိုးမရှိကြဘူးဆိုရင် တစ်ဦးကတစ်ဦးကို အပြစ်ပြောစရာ၊ နှိမ်ချစရာ ဘယ်မှာရှိတော့မှာလဲဗျာ။

**အမှတ်(၇၄) အင်တာဗျူးဖျာနယ်**



http://www.cherrythitsar.org



http://www.cherrythitsar.org

# ဇာတ်စုံကပို

အချစ်အကြောင်းကို လူ့သမိုင်းတစ်လျှောက်လုံး ပြောလာခဲ့ကြတာ....၊ ပြောလို့ကိုမဆုံးနိုင်ဘူး။ ပြောနေရတာကို ငြီးငွေ့ပုံလည်းမပေါ်ဘူး။ တေးဂီတတွေ၊ ကဗျာလင်္ကာတွေ၊ ပြီးတော့ တခြားမီဒီယာ(Media) တွေနဲ့ပေါ့၊ အချစ်အကြောင်းသီဆိုဖွဲ့နွဲ့ ရေးသား၊ ကပြ၊ သရုပ်ဆောင်နေကြတာ ကုန်ဆုံးနိုင်တယ်မရှိဘူး။ အချစ်ဆိုတာမရှိရင် လောကကြီးဟာ ဘာမှ သာယာနှစ်လိုဖွယ် ရှိတော့မှာမဟုတ်ဘူးလို့လည်း ပြောကြတယ်။ အချစ်ကသာ လောကကိုလှအောင် တန်ဆာဆင်နိုင်စွမ်းတယ်လို့လည်း ပြောကြတယ်။ အချစ်ရဲ့လှပမှု Beauty အချစ်ရဲ့ကောင်းမြတ်မှု Good အကြောင်း ပြောမဆုံးအောင်ပါပဲ။

ဂရိဒဿနပညာရှင် ပလေတိုး Plato က Symposium စာတမ်းမှာ အချစ်အကြောင်းကို သူ့ရဲ့ဆရာ ဆော့ခရတ္တိ Socrates ဘယ်ပုံစိစစ်ကြည့်တယ်ဆိုတာ ကိုဖော်ပြထားတယ်။

အချစ်အကြောင်းကို နားထောင်လို့မငြီးနိုင်လောက်အောင် ချီးမွမ်းပြောဆိုတတ်တဲ့ ပြဇာတ်ဆရာ အာဂသွန် Agathon ကို

ဆော့ခရတ္တိကမေးတယ်၊ အချစ်(ဝါ)ချစ်ခြင်းဆိုတာ ဘာလဲတဲ့။ အချစ်အကြောင်းကို အများကြီးပြောနေပေမယ့် အချစ်ဆိုတာဘာလဲဆိုတဲ့ ဖွင့်ဆိုချက် Definition ကို ပေးဖို့ကျတော့ခက်တယ်။ လှတဲ့အကြောင်းတွေ အများကြီးပြောကြတယ်၊ ပြောနိုင်ကြတယ်။ ဒါပေမဲ့ 'အလှ' ဆိုတာ ဘာလဲလို့ မေးလိုက်တော့ ဖြေဖို့ခက်နေတတ်တယ်၊ ဒီလိုပဲ အချစ်ဆိုတာနဲ့ပတ်သက်ပြီး ဖွင့်ဆိုချက်ပေးဖို့ အာဂသွန်မှာ အခက်တွေ့နေတယ်။ ဒါပေမယ့် ဆော့ခရတ္တိက ဖြေတတ်အောင် လမ်းကြောင်းပေးတယ်။

ဥပမာ- ဖခင်ဆိုတာ ဘာလဲ.... လို့မေးရင် ဟိုလူ သည်လူတွေရဲ့ အဖေတွေအကြောင်းပြောဖို့ မဟုတ်ဘူး။ ဖခင်ဆိုသည်မှာ သားသို့မဟုတ် သမီးရှိသူကိုခေါ်တယ်လို့ ဖြေနိုင်တယ်။ အချစ်ဆိုတာ ဘာလဲလို့မေးရာမှာလည်း ဟိုလူ သည်လူတွေချစ်ကြ ကြိုက်ကြ ပျော်ရွှင်ကြ လွမ်းဆွေးကြတာတွေကို ပြောဖို့မဟုတ်ဘူး။ ဖခင်ဆိုသည်မှာ.... ဆိုတဲ့ ဖွင့်ဆိုချက်မျိုးပေးသလို၊ အချစ်ဆိုသည်မှာ.... မည်သို့မည်သို့....လို့ ဖွင့်ဆိုပေးဖို့ပဲ။

အချစ်ဆိုတာ ဘာလဲဆိုတဲ့ ဖွင့်ဆိုချက်ကိုပေးနိုင်အောင် ဆော့ခရတ္တိက ကူညီတယ်။

ဖခင်(ဝါ)အဖေဆိုတာ သားသော်လည်းကောင်း၊ သမီးသော်လည်းကောင်း၊ ရှိသူကိုသာ အဖေ (သို့မဟုတ်)ဖခင်လို့ခေါ်နိုင်တယ်။ 'အဖေ' ဆိုတာဟာ သားသမီးနဲ့ ကင်းပြီး သီးသီးသန့်သန့်မဖြစ်နိုင်ဘူး၊ 'အကို' ဆိုတာလည်း ဒီလိုပဲ၊ 'ညီငယ်' ဒါမှမဟုတ် 'ညီမငယ်'ကို အမှီပြုပြီးတော့ သာ ရှိနိုင်ဖြစ်နိုင်တယ်။

ဒီနည်းတူပဲ အချစ်ဆိုတာလည်း သူ့ဟာသူ သီးသီးသန့်သန့် ဖြစ်မနေနိုင်ဘူး။ အချစ်ဆိုတာ ချစ်နှစ်သက်စရာ တစ်ခုခု၊ တစ်ဦးဦးကို အမှီပြုပြီးတော့သာ ဖြစ်နိုင်တာ။ အချစ်ဟာ ချစ်နှစ်သက်စရာကို လိုချင်



http://www.cherrythitsar.org

မက်မောတယ်၊ ချစ်နှစ်သက်စရာကို ပိုင်ချင်တယ်၊ ရချင်တယ်၊ ဒါဖြင့် အချစ်ဆိုတာ ချစ်နှစ်သက်စရာကို လိုချင်မက်မောရယူပိုင်ဆိုင်လိုခြင်း ဖြစ်တယ်ပေါ့။

ဒီနေရာမှာ ဗုဒ္ဓဘာသာက 'မေတ္တာ' နဲ့ အခု ဆော့ခရတ္တိစစ်ဆေးနေတဲ့ 'အချစ်'ဆိုတာနဲ့ ခြားနားချက်တွေရှိနေတာ သတိပြုမိပါလိမ့်မယ်။ မေတ္တာဆိုတာဟာလည်း မေတ္တာထားသူနဲ့ကင်းပြီး မရှိနိုင်ပါဘူး။ ဒါပေမယ့် မေတ္တာက မေတ္တာထားသူကို တပ်မက်မှု၊ ပိုင်ဆိုင်မှု၊ မေတ္တာ ထားသူဆီက တစ်ခုခုရလိုမှု ဘာမှမရှိဘူး။ ဒီမေတ္တာသဘောကို ဆော့ခရတ္တိကလည်း သဘောပေါက်ပါတယ်။ အာဂသွန်တို့လို အနုပညာ ရှင်တွေယူဆနေတဲ့ 'အချစ်'ဆိုတဲ့ သဘောဟာ 'မေတ္တာ'သဘော မဟုတ် သေးဘူးဆိုတာ ပေါ်လွင်အောင် တမင်သက်သက် ဆော့ခရတ္တိက စိစစ်ပြနေတာ....။

စောစောကစကားကို ပြန်ကောက်ရင်.... အချစ်ဆိုတာ ချစ်နှစ်သက်စရာကို လိုချင်တပ်မက်ပိုင်ဆိုင်ချင်တာတဲ့။

ဒါကိုဆက်ပြီးတော့ ဆော့ခရတ္တိက စစ်ဆေးတယ်။ အရပ်မြင့်တဲ့သူဟာ အရပ်မြင့်ခြင်းကို လိုချင်မက်မောမှုမရှိတော့ဘူး။ ဝ,သူဟာ ဝ,ခြင်းကို မလိုချင်တော့ဘူး။ အရပ်နိမ့်သူသာ သူ့မှာမရှိတဲ့ သူ့မှာ ချို့ငဲ့နေတဲ့ အရပ်မြင့်မှုကို လိုလားတယ်၊ ပိန်တဲ့သူသာ သူ့မှာမရှိတဲ့ ချို့ငဲ့ နေတဲ့ ဝ,ခြင်းကို လိုလားတောင့်တတယ်။

လိုလားတာ၊ တောင့်တမက်မောတာ၊ ပိုင်ဆိုင်ချင်တာဟာ ကိုယ့်မှာ ချို့ယွင်းနေလို့၊ လိုအပ်နေလို့၊ မပြည့်စုံလို့ လိုလားတောင့်တ ပိုင်ဆိုင်ဖြည့်ဆည်းချင်တာတွေ ဖြစ်ရတာပဲ။

ဒီနည်းအတူပဲ၊ အချစ်ဟာ ချစ်နှစ်သက်စရာ၊ ချစ်ခင်နှစ်သက် ဖွယ်ရှိသူကို လိုလားတောင့်တ တပ်မက်ပိုင်ဆိုင်ချင်နေတာဟာဖြင့်ရင်....



http://www.cherrythitsar.org

အချစ်မှာချို့တဲ့နေတာတွေ....၊ မပြည့်မစုံနဲ့ ဆင်းရဲနေတာတွေ ရှိနေလို့ပေါ့။ အချစ်မှာ ကောင်းမြတ်ခြင်း Good တွေ၊ တင့်တယ်လှပခြင်း Beauty တွေနဲ့ ပြည့်ပြည့်စုံစုံရှိနေရင် အချစ်ဟာ တခြားအရာ၊ တခြားသူကို တောင့်တမှာမဟုတ်ဘူး၊ လိုချင်မှာ မဟုတ်ဘူး၊ တပ်မက်မှာမဟုတ်ဘူး၊ ရယူပိုင်ဆိုင်ချင်မှုလည်း ရှိမှာမဟုတ်ဘူး။ အခုတော့.... အချစ်က ချစ်နှစ်သက်စရာကို တောင့်တနေတယ်။ ပိုင်ဆိုင်ရယူချင်နေတယ်၊ ဒါဟာ အချစ်မှာ ပြည့်စုံမှုမရှိလို့၊ တင့်တယ်လှပမှု၊ ကောင်းမြတ်မှု ဆိုတာတွေ.... အချစ်မှာမရှိဘဲ ချို့ငဲ့နေလို့သာ တောင့်တနေတာ။

အာဂသွန်တို့က အချစ်ကို တင့်တယ်တဲ့အရာ၊ ကောင်းမြတ်တဲ့ အရာအဖြစ် ချီးမွမ်းထောမနာပြုပေမယ့် တကယ်ကတော့ အချစ်မှာ တင့်တယ်မှု ကောင်းမြတ်မှု မရှိဘူး၊ တင့်တယ်မှု ကောင်းမြတ်မှု ချို့ငဲ့နေတယ်။ ချို့ငဲ့ခြင်းဟာ မပြည့်စုံတာ၊ မပြည့်စုံတာဟာ ဆင်းရဲမွဲတေတာ၊ တတောင့်တတနဲ့ တကြောင့်ကြကြဖြစ်နေတဲ့ အချစ်ဟာ သာယာမှု၊ ချမ်းသာမှုမရှိတဲ့ ဆင်းရဲတဲ့သဘောကို ဆောင်တယ်၊ အချစ်ဟာ ဆင်းရဲခြင်းသဘော၊ မွဲတေခြင်းသဘောကို ဆောင်တယ်။

ဒါဖြင့်.... အရမ်းချစ်ပါတယ်။ ချစ်လှချည့်ရဲ့လို့ ပြောလာသူ ဟာ အလွန့်အလွန်ကို ချို့ငဲ့ဆင်းရဲမွဲတေ ငတ်ပြတ်နေပါတယ်လို့ ပြောရာ ရောက်နေတယ်။ ကောင်းကောင်းမွန်မွန် ချစ်တတ်ပါတယ်ဆိုသူဟာလည်း သူ့ရဲ့ချို့ငဲ့ဆင်းရဲ ငတ်ပြတ်မှုကို ဖြည့်ဆည်းဖြေဖျောက်ဖို့အတွက် တစ်ဖက်သူကို သေသေသပ်သပ်ပိပိရိရိ ကျွမ်းကျွမ်းကျင်ကျင်နဲ့ အသုံးချတတ်သူဖြစ်နေမလားပဲ။

သာမန်လူတွေထဲမှာတော့ အချစ်ဆိုတာဟာ တဏှာရာဂရဲ့ မွတ်သိပ်မှုကို ဖြည့်ဆည်းဖို့ တစ်ဖက်သူကို တရှိုက်မက်မက်နဲ့ တောင့်တ



http://www.cherrythitsar.org

တပ်မက်ပိုင်ဆိုင်လိုခြင်းပဲ ဖြစ်တယ်လို့ ဆော့ခရတ္တိက ဖွင့်ဆိုလို ဟန်ရှိပါတယ်။

မေတ္တာဆိုတာမှာတော့ တောင့်တတပ်မက်လိုလားမှုဆိုတာ မရှိပါဘူး။

"အိမ်ထောင်"ဆိုတာ အများအားဖြင့်တော့ ဆိုခဲ့တဲ့အချစ်နဲ့ အစပြုခဲ့တယ်။ အစပြုပြီးတဲ့နောက် ဆက်လက်ဖြစ်ပေါ်လာတဲ့ အဖြစ်အပျက်တွေ ဇာတ်လမ်းတွေကလည်း အမျိုးစုံပေါ့။ ဇာတ်စုံဆိုတော့ ဇာတ်ရှုပ်တွေလည်း ပါမှာပေါ့။ ပါလေမှာပေါ့....။

**အမှတ်(၇၅) အင်တာဗျူးကျောနယ်**



http://www.cherrythitsar.org



http://www.cherrythitsar.org

# နှစ်ခြမ်းပေါင်းမှ

**ပလေတိုးရဲ့** Symposium **မှာ....**

**အချစ်ဆိုတာ ချစ်နှစ်သက်ဖွယ်ရာကို လိုချင်မက်မောတဲ့သဘောရှိတယ်။ ဒီလို လိုချင်မက်မောတာဟာဖြင့်.... အချစ်မှာ လိုနေတာတွေ၊ ချို့တဲ့နေတာတွေရှိလို့ ဖြစ်တယ်** တဲ့။ တကယ်လို့သာ အချစ်ဟာ ပြည့်စုံခြင်းသဘောရှိတယ်ဆိုရင် လိုချင်မက်မောတာတွေ ဘယ်မှာဖြစ်ပါ့မလဲ။ တောင့်တောင့်တတတွေ၊ ပိုင်ချင်ရချင်တာတွေ ဘယ်မှာရှိမှာလဲ။

**အရစ္စတိုဖနီးစ်** Aristophanes က ဂရိဒဏ္ဍာရီထဲက ဖြစ်ရပ် တစ်ခုကို အဲဒီ Symposium စကားဝိုင်းမှာပြောပြတယ်။

လူဟာ အစကမျက်နှာနှစ်ခု (မျက်နှာချင်းဆိုင်) လက်က လေးခု၊ ပြီးတော့ ခြေကလည်းလေးခုရှိတဲ့ သတ္တဝါဖြစ်တယ်တဲ့။ လူဟာ အင်မတန်ခွန်အားကြီးတယ်၊ အလိုရမ္မက်ကြီးတယ်။ နတ်ဒေဝါတွေရဲ့ လောကကိုတောင် လူတွေက တိုက်ခိုက်ပြီး စိုးပိုင်ဖို့ကြိုးစားတယ်။ ဒါကြောင့် နတ်ဒေဝါတွေက သူတို့နေရာပျောက်မှာကို စိုးရိမ်ကြောင့်ကြ

တွေဖြစ်တယ်။ ဒါနဲ့.... နတ်ဒေဝါတွေရဲ့ အကြီးအမှူးဖြစ်တဲ့ ဇုစ Zeus နတ်မင်းက နတ်အစည်းအဝေးခေါ်ပြီး လူတွေကိုစွ ဘယ်လိုဖြေရှင်းမလဲ....လို့ တင်ပြတယ်။ ဒါကို ဝိုင်းပြီးနတ်တွေ တိုင်ပင်ဆွေးနွေးကြတယ်။ နောက်တစ်ဖန် နတ်ဘုံကို ထိပါးမလာအောင် လူတွေကို မိုးကြိုးလက်နက်နဲ့ အပြီးတိုင် သုတ်သင်ရှင်းလင်းပစ်မလား.... လို့လည်းဆွေးနွေးကြ တယ်။ ဇုနတ်မင်းက ဘယ်လိုအကြံ ပြုသလဲဆိုတော့

လူသတ္တဝါတွေကို အကုန်သတ်ပစ်လိုက်မယ်ဆိုရင် နတ်ဒေဝါတွေကို ပူဇော်ပသမည့်သူတွေ ရှိမှာမဟုတ်ဘူး။

တကယ်တော့ လူတွေကို သတ်ဖို့မလိုဘူး။ လူတွေကို ခွန်အားနည်းသွားအောင်လုပ်နိုင်ရင် ငါတို့နတ်ဒေဝါတွေကို နှောင့်ယှက်နိုင်တော့မှာမဟုတ်ဘူး။ လူတွေကို အားနည်းသွားအောင် ဘယ်လိုလုပ်မလဲဆိုတော့.... သူတို့ခန္ဓာကိုယ်ကို ထက်ခြမ်းခွဲလိုက်ဖို့လိုမယ်။ ဒီလို ထက်ခြမ်းခွဲလိုက်တော့ လူတွေလဲမသေဘူး။ ငါတို့လည်းဘေးကင်းတယ်။ ထက်ခြမ်းခွဲလိုက်တော့ လူဦးရေလည်းတိုးလာပြီး ငါတို့ကို ပူဇော်ပသသူတွေ များလာမယ်လို့ အကြံပြုပြောကြားတယ်။

အဲဒီ ထက်ခြမ်းခွဲရေးအစီအစဉ်ကို အတည်ပြုကြပြီးတဲ့ နောက်လူသတ္တဝါတွေရဲ့ ခန္ဓာကိုယ်ကို ထက်ခြမ်းခွဲပစ်လိုက်တယ်။ **ခွဲတဲ့ဒဏ်ရာတွေကို အပိုလိုနတ်မင်းက ဆေးကုပေးတယ်တဲ့၊** အဲဒီနည်းအားဖြင့် ဒီကနေ့ မြင်တွေ့ရတဲ့အတိုင်း လူဟာ မျက်နှာတစ်ခု၊ လက်နှစ်ခု၊ ခြေနှစ်ချောင်းနဲ့ မတ်တတ်လျှောက်တတ်သူ 'လူ' ဖြစ်လာတယ်တဲ့။

လူ့ခန္ဓာကိုယ်ကို ထက်ခြမ်း ခြမ်းပြီး တစ်ခြမ်းနဲ့တစ်ခြမ်းကို ဘယ်လောက်ဝေးအောင် ခွဲထုတ်ပစ်လိုက်လဲတော့မသိဘူး။ ကိုယ့်ခန္ဓာကိုယ်က ခွဲထုတ်ပစ် လိုက်တဲ့အခြမ်းကို ကျန်ခဲ့တဲ့အခြမ်းက သိပ်ကိုတွေ့ချင်တာပဲတဲ့။ ဟုတ်မှာပေါ့။ ကိုယ့်ခန္ဓာကိုယ်က ခွဲထွက်သွားတဲ့



http://www.cherrythitsar.org

ကိုယ့်အခြမ်းပဲ။ မတွေ့ချင်ဘဲ ဘယ်ရှိပါ့မလဲ။ တွေ့ချင်တယ်။ မပြည့်မစုံနဲ့ တစ်ခြမ်းပဲ့အဖြစ် ကျန်ခဲ့ရတဲ့လူဟာ ဘယ်မှာစိတ်ချမ်းသာပါ့မလဲ။ ဒီတော့ ကိုယ့်ဘဝထဲက ခွဲထွက်သွားတဲ့အခြမ်းကို လူဟာ မတွေ့တွေ့အောင် ရှာတယ်။ တွေ့လိုက်ရင် တစ်ဦးကတစ်ဦးကို။ တစ်ခြမ်းကတစ်ခြမ်းကို သေသည့်တိုင်အောင် ပွေ့ဖက်ထားကြတယ်တဲ့၊ ပွေ့ဖက်ထားခြင်းကိုပဲ 'အချစ်' လို့ နောက်လူတွေက ပြောလာကြတယ်။

သေသည့်တိုင် ပွေ့ဖက်ထားတဲ့ လူတွေရဲ့အဖြစ်ကို မြင်ရတဲ့အခါ မှာ ဇုနတ်မင်းက သိပ်ကိုသနားသွားတယ်။ ဒီလို မခွဲနိုင်မခွာရက်နဲ့ ပွေ့ဖက်ရင်း သေသေကုန်ကြရင် နတ်ဒေဝါတွေကို ပူဇော်သူနည်းမှာစိုး လို့ထင်ပါရဲ့၊ ဇုနတ်မင်းကြီးက လူ့ရဲ့အခြမ်းတစ်ခြမ်းကို 'ယောက်ျား'၊ နောက်တစ်ခြမ်းကို 'မိန်းမ' အဖြစ် ဖန်တီးပေးလိုက်တယ်။ ရည်ရွယ် ချက်ကတော့ ယောက်ျားနဲ့ မိန်းမ 'အိမ်ထောင်'မှာ ပေါင်းရာက သား မြေးစတဲ့ လူသတ္တဝါတွေ ဒီလောကမှာ ဖြစ်ထွန်းလာစေဖို့ ဖြစ်ပါလိမ့် မယ်။

ယောက်ျားက.... လှလှပပမိန်းမလေးကိုမြင်ရင်.... အင်း.... ငါ့အခြမ်းများလေလားလို့ တွေးမယ်။ မိန်းကလေးကလည်း ချစ် နှစ်သက်ဖွယ်ရာ ယောက်ျားကိုမြင်ရင် သူ ငါ့အခြမ်းများဖြစ်လေမလား လို့တွေးမယ်။ ဘာပဲဖြစ်ဖြစ် ယောက်ျားဟာ ချစ်နှစ်သက်ဖွယ် မိန်းကလေး ကို တောင့်တတယ် လိုလားတယ်၊ မိန်းကလေးကလည်း ချစ်နှစ်သက်ဖွယ် ယောက်ျားလေးကို တောင့်တတယ် လိုလားတယ် မက်မောတယ်၊ ဒါဟာပဲ အချစ်ဆိုတဲ့အရာ ဖြစ်လိမ့်မယ်။ အချစ်ဟာ မိမိမှာ ချို့တဲ့နေတဲ့ အရာကို လိုချင်မက်မောတောင့်တနေတယ်။ ကိုယ့်ဘဝတစ်ခြမ်းလုံး ချို့တဲ့နေတော့ အဲဒီချို့တဲ့မှုကို ဖြည့်ဖို့ နောက်တစ်ခြမ်းကို တောင့်တတယ်၊ လိုချင်တယ်။

**အချစ်ဟာ တောင့်တမှု ဖြစ်တယ်ဆိုတော့၊ အချစ်ဟာ မပြည့်စုံတဲ့သဘော၊ ချို့တဲ့နေတဲ့သဘော ရှိနေတယ်။** ချို့တဲ့နေရင် ချို့ယွင်းမှု ရှိနေရင် အချစ်ဟာ ဘယ်မှာတင့်တယ်လှပမှုရှိမှာတဲ့လဲ။ အချစ်ဟာ ပြည့်ပြည့်စုံစုံမဟုတ်ဘူးဆိုရင် ဆင်းဆင်းရဲရဲ၊ ခေါင်းခေါင်းပါးပါး၊ ငတ်ငတ်မွတ်မွတ် သဘောသက်ရောက်နေတယ်။ ဟုတ်မှာပါ။ အချစ်ဆိုတဲ့ တဏှာလောဘဟာ ကာမဂုဏ်အာရုံကို အင်မတန်ငတ်မွတ်လိုလား တောင့်တတယ်။ ကာမဂုဏ်အာရုံတွေကို ကျေနပ်နိုင်တယ်ရယ် မရှိဘဲ အမြဲတောင့်တနေတယ်၊ မွတ်သိပ်နေတယ်၊ ထပ်တလဲလဲ လိုချင်နေတယ်။ ဒီလိုတောင့်တ လိုချင်တာဟာ ကောင်းမြတ်ခြင်းမဟုတ်နိုင်ဘူး၊ မေတ္တာသဘောမဟုတ်နိုင်ဘူး။ ဒါကို ဆော့ခရတ္တိက Symposium မှာ စိစစ်ကြည့်ခဲ့တာပဲ။

**အမှတ်(၇၆) အင်တာဗျူးဂျာနယ်**



http://www.cherrythitsar.org



# တဝဲဝဲလည်...

သူပြောပြနေတာက သူ့တို့အရပ်ဒေသက နွားခြံနှင့်နွားများ အကြောင်း....။

နံနက်စောစောကတည်းက နွားတွေကို ချည်တိုင်များမှဖြုတ်၍ လွှတ်လိုက်သည်။ ဝင်စားစရာစိုက်ခင်းပျိုးခင်းများမရှိသော အချိန်ဖြစ်သောကြောင့် လွှတ်လိုက်သော နွားများကို 'တကူးတက' လိုက်ပြီး ထိန်းကျောင်းနေစရာမလို....။ မလိုပါဘူးတဲ့။

'အဲဒီ လွှတ်လိုက်တဲ့ နွားတွေဟာ တစ်နေ့လုံး သွားချင်ရာသွား၊ စားချင်ရာစားနေကြတာ....၊ လွတ်လွတ်လပ်လပ်ပါပဲ။ ဒါပေမယ့်.... နေညိုလို့ ငှက်တွေအိပ်တန်းဆီကို ဟစ်ခေါ်ကြ၊ ဟစ်အော်ကြပြီး ပြန်ပြီဆိုတာနဲ့ နွားတွေကလည်း တရွေ့ရွေ့နဲ့ နွားခြံဆီကို ပြန်လာကြတယ်။ အဲဒီလိုပြန်လာကြပြီး သူတို့ကိုချည်တဲ့ ချည်တိုင်တွေနားရောက်တော့ အိပ်တဲ့နွားကအိပ်၊ စားမြုံ့ပြန်တဲ့နွားက စားမြုံ့ပြန်လို့....။ နွားပိုင်ရှင် က သူတို့ကို အလွယ်တကူနဲ့ ချည်တိုင်ကိုယ်စီမှာ ပြန်ချည်ထားလိုက်ရုံပဲ။

ကျုပ်တွေးတာက.... ဒီနွားတွေကို လွတ်လွတ်လပ်လပ် ချည်တိုင်ကနေ ဖြုတ်လွှတ်လိုက်တာပဲ။ ဒါကြောင့် ခြံထဲပြန်မလာတော့ဘဲ အပြီးတိုင်လွတ်ရာကို ထွက်သွားကြမယ်လို့ တွေးမိတာ။ ဘယ်ဟုတ်ပါ့မလဲ ဗျာ။ ခြံထဲကို ဝင်ဖြစ်အောင်ဝင်လာကြတယ်။ ချည်တိုင်ဆီကို ပြန်လာဖြစ် အောင်ကို ပြန်လာတယ်။ ဒါကို ကျုပ်ပြောနေတာက ကျုပ်သူငယ်ချင်း အချို့အကြောင်းကို သတိရလို့ဗျ။ အဲဒီ ကျုပ်သူငယ်ချင်းတွေဟာ အိမ်ထောင်ရဲ့ပြင်ပမှာ တကယ့်ကို လွတ်လွတ်လပ်လပ် နေနေကြတာ။ သူတို့စိတ်ကြိုက် နေချင်သလိုနေကြတာ။ သူတို့ စီးပွားရေးတွေကလည်း ကောင်းကြတယ်ကိုး။ သူတို့အိမ်ကို သတိရသေးရဲ့လားလို့တောင် တွေးမိတယ်။

ဒါပေမယ့်.... အချိန်တန်တော့လည်း ‘အိမ်ထောင်’ဆိုတဲ့ခြံထဲ ဝင်လာပြီး သူတို့ ချည်တိုင်ဟောင်းနားရောက်လာပြန်တာပဲ။ တစ်ခါ တစ်ခါ အဆင်မပြေတာတွေနဲ့ ကြုံတဲ့အခါ.... ‘အိမ်ကနေ အပြီးတိုင်ထွက် လာခဲ့တယ်ဟေ့’လို့ ကြေငြာပေမယ့်.... မကြာပါဘူး။ ပြန်သွားပြန်တာပဲ။

Sputnik စာစောင်ထဲမှာ ဖော်ပြထားတာကလေးတစ်ခုကို လည်း အမှတ်ရတယ်ဗျ။ မယားဖြစ်တဲ့သူက သူ့လင်ယောကျ်ားအကြောင်း ကို ရယ်သွမ်းသွေးပြီး ပြန်ပြောပြထားတဲ့အနေနဲ့ ရေးပြထားတာ.... ဒီလိုတဲ့ဗျ....

‘ကျွန်မယောကျ်ား သိပ္ပံပညာရှင်က ကျွန်မကို အပြီးအပိုင်ထား ပစ်ခဲ့တော့မယ်ဆိုတဲ့ အမူအယာနဲ့ လိုအပ်တဲ့ပစ္စည်းတွေ အသေအချာ စိစစ်ပြီး သူ့လက်ဆွဲအိတ်ထဲ ထည့်တယ်၊ ထည့်ရင်းက....

*‘နင်နဲ့ ဒီလိုအမြဲစကားများ ရန်ဖြစ်ရင်းနဲ့ ငါ့ဘဝကို အချည်းနှီး အချိန်ကုန်မခံနိုင်တော့ဘူး။ ငါ.... အာကာသယာဉ်နဲ့ လိုက်သွားဖို့ ဆန္ဒပြုလိုက်တော့မယ်။ ငါသွားတဲ့ ခရီးမှာ ကြယ်တံခွန်နဲ့ တည့်တည့်*



http://www.cherrythitsar.org

*ဝင်တိုက်ပြီးပဲ သေသေ၊ လူမသိသူမသိ ကြိုဟ်တစ်ခုခုပေါ်မှာပဲ ငါ့ဘဝဆုံးဆုံး၊ ဖြစ်ချင်ရာဖြစ်၊ ငါသွားမယ်'* ဆိုပြီး တံခါးကိုဆောင့်ပိတ်ပြီး ထွက်သွားတယ်။

'မကြာပါဘူး၊ သူအိမ်ထဲပြန်ဝင်လာတယ်၊ ဝင်လာရင်းက ဘာပြောသလဲဆိုတော့. . .


*'နှင် ကံကောင်းတယ်၊ အပြင်မှာ မိုးရွာနေတယ်'* တဲ့။ မိုးရွာနေနေလို့ သူမသွားဖြစ်တော့ဘူးဆိုတဲ့ သဘောပေါ့'

လူသတ္တဝါတွေဟာ ဒီလိုပါပဲဗျာ။ ချည်တိုင်ဆီကို ပြန်ပြန်လာတတ်တယ်။ အကြိမ်ကြိမ်ပြန်လာတယ်။ လူ့သံသရာကြီးမှာ ချည်တိုင်က မခွာနိုင်ဘဲဖြစ်နေတယ်။ အဲဒီချည်တိုင်မှာ ပြုံးလို့၊ ရယ်လို့၊ ပျော်လို့။ အကြည်အသာအရွှင်အပျတွေနဲ့ ကျေနပ်နေပြန်တယ်။ တော်တော်ကြာတော့.... ငေးလိုငေး၊ ငိုင်လိုငိုင်၊ လှိုင်လှိုင် သက်မတွေချ၊ မပြေမလည် အခြေအနေတွေ ဖန်တီးလာပြန်လို့.... ငိုရ၊ ရှိုက်ရ၊ မောရ၊ ဟိုက်ရ၊ ကြေကြေမြည့်မြည့် (မြွေမြွေ)၊ ဆွေးဆွေးနင့်နင့်တွေ ဖြစ်တယ်.... အဲဒီလိုနဲ့ပဲ လူတွေ လူ့လောကမှာ နေနေကြတာ....။

**အမှတ်(၇၇) အင်တာဗျူးဗျာနယ်**



http://www.cherrythitsar.org



# ချစ်ခြင်းယိုင်

လှတဲ့အကြောင်းတွေ လှတာတွေကို အများကြီးပြောတတ်တယ်၊ ဒါပေမယ့် လှတယ်ဆိုတာ ဘာလဲလို့မေးလာတဲ့အခါ ချက်ချင်းအဖြေပေးဖို့ခက်နေတတ်တယ်။ လှတယ်ဆိုတာ ဘာလဲဆိုတဲ့ ဖွင့်ဆိုချက် Definition ပေးဖို့ခက်တယ်။

တချို့ကတော့.... 'လှတယ်'ဆိုတာ **အကျိုးပြုနိုင်မှုစွမ်းရည်တစ်မျိုးမျိုးရှိခြင်း** ဖြစ်တယ်လို့ဖွင့်ဆိုကြတယ်။ အလှဆိုသည်မှာ အကျိုးပြုနိုင်မှုစွမ်းရည်ရှိခြင်းလို့ ဖွင့်ဆိုတဲ့သဘောပေါ့။

ဥပမာ.... အမျိုးသမီးတစ်ဦးရဲ့ မျက်တောင်ဟာ ရှည်ပြီးကော့နေရင် ဒီမျက်တောင် ကော့ကော့ကလေးကို လှတယ်လို့ မြင်တယ်။ ဘာကြောင့်လှတာလဲဆိုရင် မျက်တောင်တိုတိုထက် ရှည်ရှည်ကော့ကော့ကလေးဟာ 'မျက်စိ' ကို ဖုံ၊ အမှိုက် စသည့်အန္တရာယ်တို့မှ ကာကွယ်ပေးနိုင်စွမ်းမှုရှိလို့တဲ့။ ဒီလိုကာကွယ်မှု ပေးနိုင်စွမ်းတာ၊ မျက်လုံးကို အကျိုးပြုနိုင်မှု စွမ်းရည်ရှိတာဟာပဲ 'အလှ'တဲ့။

ယောက်ျားမှာ ကျန်းမာသန်စွမ်းခြင်း၊ ယောက်ျားပီသခြင်း အဖြစ်နဲ့ ကြွက်သားဖွံ့စည်းမှု ပေါ်ပေါ်လွင်လွင်ရှိတယ်။ ယောက်ျားပီသ ခြင်းဟာ 'အလှ' ဖြစ်နေတယ်။ ဘာလို့လှတာလည်းဆိုတော့ အဲဒီ.... ယောက်ျားရဲ့ ကျန်းမာသန်စွမ်းခြင်းဟာ အလုပ်ကောင်းစွာ လုပ်နိုင်ခြင်း၊ အန္တရာယ်တွေကို ခုခံတိုက်ခိုက်နိုင်ခြင်းကို အကျိုးပြုတဲ့ အစွမ်းသတ္တိရှိလို့ပဲတဲ့။ မိန်းမမှာတော့ ယောက်ျားလို ကြွက်သားဖွံ့စည်းမှုမပေါ်လွင်ဘူး၊ သူ့ခန္ဓာမှာ ဖုံးလွှမ်းထားတဲ့ အဆီပြင်တစ်မျိုးရှိနေလို့ မိန်းကလေးဟာ အသားအရေ စိုပြေပျော့ပျောင်းနူးညံ့နေတယ်။ ဒီအဆီပြင်ဟာ အစာရေစာ ပြတ်လပ်တဲ့အခါမှာ မိမိကိုယ်ထဲမှာ ကိုယ်ဝန်ဆောင်ထားတဲ့ သား,သမီးအတွက်တော့ အသက်ဆက်ရှင်နေနိုင်အောင် ဖန်တီးပေးနိုင်စွမ်းရှိတယ်တဲ့၊ ဒီလိုအကျိုးပြုနိုင်စွမ်းတဲ့ အစွမ်းရှိလို့ ***အမျိုးသမီးရဲ့ အသားအရေ နူးညံ့ပျော့ပြောင်းစိုပြေလန်းဆန်းခြင်းကို 'လှတယ်'*** လို့ မြင်လာတာတဲ့။ ဒီနည်းအတူပဲ အမျိုးသမီးရဲ့ ရင်သားပြည့်ဝဖွံ့ဖြိုးခြင်းဟာ သားသမီးငယ် အသက်ရှင်ဖို့အတွက် နို့ချိုတိုက်ကျွေးနိုင်ခြင်းဆိုတဲ့ အကျိုးပြုမှုရှိတယ်။ အမျိုးသမီးရဲ့ တင်ပါးအချိုးတကျ ပြည့်ဖြိုးကျယ်ပြန့်ခြင်းဟာ သား,သမီးကို ကောင်းစွာကိုယ်ဝန်ဆောင်နိုင်ခြင်းဆိုတဲ့ အကျိုးတရားရှိတယ်။ အကျိုးပြုနိုင်မှု ရှိတယ်။ ဒီလိုအကျိုးပြုနိုင်မှုအစွမ်း ရှိနေလို့ ပြည့်ဖြိုးကျယ်ပြန့်တဲ့ တင်ပါးကို လှပတယ်လို့ မြင်လာတာတဲ့။

ဒါကြောင့် အလှဆိုသည်မှာ **အကျိုးတစ်စုံတစ်ရာ ပြုနိုင်စွမ်းခြင်း** သို့မဟုတ် အလှဆိုသည်မှာ အသုံးဝင်ခြင်းဖြစ်တယ်လို့ ဖွင့်ဆိုကြတာဖြစ်လိမ့်မယ်။

*ချစ်တယ်ဆိုတာဟာ အဲဒီ လှတာကို ရယူချင်၊ ပိုင်ဆိုင်ချင်တာဖြစ်ပါလိမ့်မယ်။* ပိုပိုလှတာတွေ့တော့ ပိုပိုချစ်သွားတာတွေရှိမှာပေါ့။ ငါးစိမ်းမြင်တော့ ငါးကင်ပစ်ဆိုတာမျိုးတွေလည်း ရှိမှာပေါ့။ ဒါဖြင့်



http://www.cherrythitsar.org

*ချစ်ခြင်းမှာ ပိုလှတာကို ပိုချစ်တဲ့ သဘောရှိနေတော့ 'မေတ္တာ' နဲ့ ခြားနား နေတယ်၊ မေတ္တာမှာက 'ပို' သွားတယ်။ 'လျော့' သွားတယ်ဆိုတာမရှိဘူး။*

ဗုဒ္ဓစာပေတွေမှာ.... ဂေါတမမြတ်စွာဘုရားက အင်မတန် လှပတင့်တယ်တဲ့ ဇနပဒကလျာဏီနဲ့ လက်ထပ်တော့မယ့် ညီတော် နန္ဒမင်းသားကို ခေါ်ထုတ်သွားတဲ့အကြောင်း ဖော်ပြထားတာ ပါတယ်။ အဲဒီလို ခေါ်သွားလို့ လမ်းတစ်နေရာမှာ မျောက်အိုမကြီးတစ်ကောင်ကို တွေ့တော့ ဂေါတမမြတ်စွာဘုရားက နန္ဒကို 'အဲဒီမျောက်အိုမကြီးနဲ့ ဇနပဒကလျာဏီ ဘယ်သူကပိုလှသလဲ' လို့မေးတယ်။ ညီတော်နန္ဒ စိတ်ဆိုးလိုက်မယ့်ဖြစ်ခြင်း၊ တွေးကြည့်လို့ရပါတယ်။ အင်မတန်လှတဲ့ သူ့ ဇနပဒကလျာဏီနဲ့ ဒီမျောက်အိုမကိုများ နှိုင်းပြီးမေးရသလား.... လို့ပေါ့။ ဒေါသတွေဖြစ်မှာပဲ။ ဒါနဲ့ ဂေါတမမြတ်စွာဘုရားက ညီတော်ကို နတ်ပြည် ခေါ်သွားပြီး နတ်သမီးကလေးတွေနဲ့ တွေ့ပေးလိုက်တယ်။ နတ်သမီး ဆိုတော့ သိပ်ချောသိပ်လှနေမှာပေါ့။ ဂေါတမမြတ်စွာဘုရားက ညီတော် ကို 'ဒီနတ်သမီးလေးတွေနဲ့ ဇနပဒကလျာဏီ ဘယ်သူက ပိုလှသလဲ'လို့ မေးပြန်တယ်။ "နတ်သမီးလေးတွေနဲ့ နှိုင်းစာရင် ဇနပဒကလျာဏီဟာ မျောက်အိုမကြီးလိုပါပဲဘုရား' လို့ဖြေတယ်တဲ့။ ပြောရက်တယ်၊ ဇနပဒက လျာဏီဟာ မျောက်အိုမကြီးလိုပါပဲတဲ့။

ချစ်ခြင်းဆိုတာ.... ဒီလိုပါပဲ.... ဘက်လိုက်တတ်တယ်၊ အလှ သာတဲ့ဘက်ကို အလေးသာ ပေးလိုက်တယ်။ ဘက်လိုက်တယ်။ ချစ်ခြင်း ဟာ မတည်ငြိမ်ဘူး။ ပို၍ ပို၍ လှတာနဲ့တွေ့ရင် ပို၍ ပို၍ ချစ်ချစ်သွား တယ်၊ ချစ်ခြင်းဟာ မခိုင်ခံ့ဘူး။ ယိမ်းယိုင်တယ်။ သစ္စာမဲ့တယ်။ ကတိ ဖျက်တယ်။ မိန်းမက မလှတော့ဘူးဆိုရင် ယောက်ျားက မြတ်နိုးမှုတွေ လျော့လာတယ်။ ယုယုယယကြင်ကြင်နာနာတွေ မရှိဘူးဖြစ်လာတယ်။ ဆူဆူပူပူတွေ လုပ်လာတယ်။ အော်လား၊ ဟစ်လား၊ ဟိန်းလား၊ ဟောက်



http://www.cherrythitsar.org

လားတွေ လုပ်တယ်၊ အရင်ကလို မချစ်တော့လို့ တစ်ဖက်သူကလည်း စိတ်ဆင်းရဲတယ်။ ဟုတ်တယ်၊ အချစ်ဆိုတာ ပြောင်းလဲဖောက်ပြန်တတ်တဲ့သဘောရှိတယ်။

**မေတ္တာကတော့ ယိမ်းယိုင်ဖောက်ပြန်ခြင်းမရှိဘူး တဲ့ဗျ။**

ဇာတ်တော်တစ်နေရာမှာ သိပ်ကိုလှပတဲ့ အမျိုးသမီးငယ်ကို လက်ဆောင်ပဏ္ဏာတွေနဲ့ ချစ်ရေးဆိုလာသူရဲ့ ပြုမူပုံကို ဖော်ပြထားတာ ရှိတယ်။ အဲဒီ ချစ်ရေးလာဆိုသူက ပထမခေါက်မှာ အမျိုးသမီးအတွက် လက်ဆောင်ပဏ္ဏာကို ရွှေလင်ပန်းနဲ့ ထည့်လာတယ်။ အမျိုးသမီးက ငြင်းဆိုလိုက်တယ်။ နောက်တစ်ခေါက်လာပြန်တယ်။ ဒီအခေါက်မှာ လက်ဆောက်ပဏ္ဏာတွေကို ငွေလင်ပန်းနဲ့ ထည့်ယူလာတယ်။ ဒီအခေါက်မှာလည်း အမျိုးသမီးက သူ့ကမ်းလှမ်းချက်ကို ငြင်းပြန်တယ်။ နောက်ဆုံးတစ်ခေါက် လာပြန်တယ်။ ဒီအခေါက်မှာတော့ သူက လက်ဆောင်ပဏ္ဏာကို ကြေးလင်ပန်းနဲ့ ထည့်လာတယ်။

တစ်ခေါက်ထက် တစ်ခေါက် လက်ဆောင်ထည့်ယူလာပုံက ရွှေလင်ပန်းမှ ကြေးလင်ပန်းအဆင့်ကို ဆင်းသွားတယ်။ လက်ဆောင်ယူလာပုံ ညံ့ညံ့လာတာကို အမျိုးသမီးက သိတယ်။ ဒါကို အမျိုးသမီးက နောက်ဆုံးအခေါက်မှာ 'ရှင်. . ကျွန်မသိက္ခာကို စော်ကားတာလား၊ ဘယ်လိုလဲ' စသည်ဖြင့်ပေါ့ စိတ်ဆိုးပြီးမေးတော့၊ လက်ဆောင်ယူလာသူက.... သိက္ခာကိုစော်ကားခြင်း မဟုတ်ရပါကြောင်း၊ ထိုက်တန်ရာကိုသာ ယူလာခြင်းဖြစ်တဲ့အကြောင်း၊ အလှဆိုသည်မှာ တစ်နေ့ပြီးတစ်နေ့ ပိုပိုပြီး လှလှသွားတာမဟုတ်ဘဲ၊ အလှဆိုတာ တစ်နေ့ပြီးတစ်နေ့ လျော့လျော့သွားတဲ့သဘောသာ ရှိတဲ့အကြောင်း.... ဒါကြောင့် သူကလည်း လက်ဆောင်တန်ကြေးကို လျော့လျော့ယူခဲ့ခြင်းသာ ဖြစ်ပါကြောင်း ပြန်ပြောတယ်တဲ့ဗျ။



http://www.cherrythitsar.org

ဟုတ်မှာပေါ့ဗျာ။ ‘အလှ’ လျော့ရင် တန်ဖိုးလည်းကျကျသွား တယ်၊ ချစ်ခြင်းကလည်း ယိုင်ယိုင်သွားတတ်တဲ့ သဘောရှိလိမ့်မယ်။ ရင့်ရော် ဟောင်းနွမ်း သွားတတ်တဲ့သဘောရှိလိမ့်မယ်။ မေတ္တာရဲ့ သဘောကတော့.... ယိမ်းတာယိုင်တာမရှိဘူး၊ ဖောက်ပြန်သွားတာ မရှိဘူး။ ယွင်းယို ဆွေးမြေ့သွားတဲ့သဘောမရှိဘူးလို့.... ဖွင့်ဆိုဖို့ ပလေတိုးရဲ့ Symposium မှာ ဆော့ခရတ္တိက စိစစ်နေတာ....။

**အမှတ်(၇၈) အင်တာဗျူးဂျာနယ်**



http://www.cherrythitsar.org



http://www.cherrythitsar.org

# ပွင့်ခက်ပန်း

အရှေ့တိုင်းသားတွေဟာ မေတ္တာရဲ့သဘောကို 'ကြာ'နဲ့ နှိုင်းပြီး ပြောလေ့ရှိကြတယ်။ 'ကြာ'ရဲ့သဘောကို ခင်ဗျားသိတယ်ဟုတ်။ 'ကြာ' ဟာ နောက်ကျုတဲ့ ရေနဲ့နူန်းနွံရွံ့တွေမှာ အခြေပြုပေမယ့် ရေကိုဖြတ်ကျော်နိုင်ပြီး နုန်းနွံတွေနဲ့လွတ်ရာ ရေမျက်နှာပြင်ပေါ်၊ နေရောင်နဲ့ လေထဲမှာ မြူးမြူးလွင့်လွင့် စင်စင်ကြယ်ကြယ် ပွင့်တဲ့သဘောရှိတယ်။

သတ္တလောကမှာ အဖို အမ မိန်းမယောက်ျားတွေ ချစ်ကြကြိုက်ကြ ပေါင်းသင်းနေထိုင်မှု ပြုကြတာဟာ ပဓာနအားဖြင့်တော့ ရွံ့နွံစသည်တွေနဲ့တူတဲ့ တဏှာရာဂတွေပေါ်မှာ အခြေခံပြီး ဖြစ်ကြတာပါပဲ။

လူဟာ သတ္တလောကမှာဖြင့် အသိဉာဏ်အရှိဆုံး သတ္တဝါဖြစ်တယ်၊ လူဟာ အသိဉာဏ် ပညာရှိသူ၊ အလိမ္မာရှိသူဖြစ်အောင် သတိဝိရိယတွေနဲ့ လုပ်နိုင်စွမ်းသူဖြစ်တယ်။ အဖို အမ၊ မိန်းမနဲ့ယောက်ျား ပေါင်းသင်းဆက်ဆံမှုမှာ အကယ်၍ လူဟာ အသိဉာဏ်ပညာ အလိမ္မာရှိသူဖြစ်အောင် ကြိုးစားနိုင်ရင် တဏှာရာဂနဲ့ ပေါင်းသင်းဆက်ဆံခြင်းအပြင် မေတ္တာအကြင်နာစိတ်ထားနဲ့ ပေါင်းသင်းဆက်ဆံနိုင်သူ ဖြစ်လာ

http://www.cherrythitsar.org

နိုင်တယ်။ ရေမျက်နှာပြင်ပေါ် ရောက်လာတဲ့ကြာပွင့်လိုပေါ့။ ဒီသဘောကို ပလေတိုးရဲ့ Symposium မှာ ဆောခရတ္တိကလည်း စိစစ်ပြနေတာ ဖြစ်တယ်လို့ ထင်ပါတယ်။

သတ္တဝါတွေဟာ အစက အသားကို အစိမ်းစားကြမယ်၊ ဒါပေမယ့် အသိဉာဏ်ရှိတဲ့ လူသတ္တဝါကတော့ အသားကို ဖုတ်ကင်ပြီး စားတတ်လာတယ်။ ဒါ့ထက် အသိဉာဏ်တိုးတက်လာတဲ့အခါ ယဉ်ကျေးမှု တိုးတက်လာတဲ့အခါမှာ အသားကို အိုးနဲ့ ချက်ပြုတ်တတ်လာတယ်၊ သာမန်ချက်ပြုတ်ရာမှ အမွှေးအကြိုင်တွေနဲ့ပါရောပြီး အသားကို ချက်ပြုတ်တတ်လာတယ်။ ယဉ်ကျေးမှု တိုးတက်လာလေ၊ စားပုံစားနည်းက လည်း ပိုပြီးအဆင့်မြင့်မှု၊ အဓိပ္ပာယ်ရှိမှုတွေ ဖြစ်လာမယ်။ လက်နဲ့ယူစား ရာမှ ဇွန်းတို့ ခက်ရင်းတို့နဲ့ စားတတ်လာတယ်။ စားတဲ့အခါမှာ ကိုယ်ကျင့် တရား သဘောတရားတွေပါ ပါလာတယ်။

ဥပမာ.... ပလုပ်ပလောင်း လူမြင်မကောင်းအောင် မစားသင့် ဘူး။ စားတဲ့အခါ ပါးစပ်က မနှစ်သက်ဖွယ်အသံတွေ မြည်ပြီး မစားသင့် ဘူး စတဲ့ပြုသင့်၊ မပြုသင့် ကိုယ်ကျင့်တရားရေးရာတွေပါ ပါဝင်လာတယ်။ ကျန်းမာရေးနဲ့ညီညွတ်အောင် ဘယ်လိုစားသင့်တယ်၊ 'အကင်'တွေ၊ ကာဗွန်တွေ ကပ်ငြိအောင် ဖုတ်၊ ကင် ထားတာတွေ စားရင် ကင်ဆာ ဖြစ်မယ်၊ ဒီတော့.... အသားစားချင်ရင် ဘယ်ပုံချက်ပြုတ်သင့်တယ် ဆိုတဲ့ ကျန်းမာရေး သဘောတရားတွေလည်း ပါလာတယ်။ အသိဉာဏ်ပညာ မြင့်လာတာနဲ့အမျှ ယဉ်ကျေးမှုကလည်း မြင့်လာတဲ့အတွက် လူရဲ့ စားပုံစားနည်းဟာ တစ်ခြားသတ္တဝါ တိရစ္ဆာန်တွေထက် တင့်တယ် မြင့်မြတ်သွားတယ်၊ တစ်ခြားသတ္တဝါ တိရစ္ဆာန်တွေကတော့ ကမ္ဘာဦး ကတည်းက အသားကို အစိမ်းစားလာခဲ့တာ၊ ခုလည်း အရင်ကအတိုင်း စားနေတုန်းပဲ။



http://www.cherrythitsar.org

ပြောချင်တာက ဒီလိုဗျာ.... အဖိုက အမကို၊ ယောက်ျားက မိန်းမကို တဏှာရာဂတွေနဲ့ တပ်မက်ပြီး ကာမဂုဏ်ဖြေဖျောက်ဖို့ အဖို အမ၊ ယောက်ျားမိန်းမ ပေါင်းသင်းဆက်ဆံကြတာဟာ သတ္တလောက ပီပီသသ စကတည်းကပါပဲ။ ယောက်ျားမိန်းမ ပေါင်းသင်းဆက်ဆံကြ တာဟာလည်း လူပီပီသသ ဖြစ်ပေါ်လာကတည်းကပါပဲ။ လူမှအပဖြစ်တဲ့ သတ္တဝါ တိရစ္ဆာန်တွေကတော့ တဏှာရာဂတွေနဲ့ အဖိုက အမကို၊ အမ က အဖိုကို တပ်မက်မှုတွေနဲ့ ပေါင်းသင်းပြီး ကာမဂုဏ်မှုတွေကို ပြုကြ တယ်။ ကာမဂုဏ်ကို သုံးဆောင်ခံစားကြတယ်။ အဲဒီ သတ္တဝါတွေ့ရဲ့ ပေါင်းသင်းဆက်ဆံမှုဟာ ရိုးရိုးရှင်းရှင်းပါပဲ။

ဒါပေမယ့် လူ့လောက က မိန်းမနဲ့ ယောက်ျားပေါင်းသင်း ဆက်ဆံမှု၊ ကာမဂုဏ် ခံစားသုံးဆောင်မှုကတော့ အင်မတန် သိမ်မွေ့ နက်နဲ ခက်ခဲသွားတယ်။ အသိဉာဏ်မြင့်မားလာမှုကြောင့် အသားစားပုံ ဟာ လူသတ္တဝါတွေရဲ့ လောကမှာ ထွေပြားနက်နဲသွားသလိုပဲ၊ မိန်းမနဲ့ ယောက်ျား ဆက်ဆံမှုဟာ ထွေပြားနက်နဲသွားတယ်။ ဒါဟာ လူ့အသိ ဉာဏ်တိုးတက်မှု၊ ယဉ်ကျေးမှု တိုးတက်လာမှုကြောင့်လို့ ဆိုရမှာပဲ။ လူ့ လောကရဲ့ ယောက်ျားမိန်းမ ပေါင်းသင်းဆက်ဆံမှုမှာ ညှာတာခြင်းတွေ၊ ထောက်ထားခြင်းတွေ၊ စွန့်လွှတ်ခြင်းတွေ၊ အနစ်နာခံခြင်းတွေ၊ စောင့်စည်းခြင်းတွေ၊ ချုပ်တည်းခြင်းတွေ စတဲ့ ကိုယ်ကျင့်တရားဆိုင်ရာ အချက်အလက်တွေကလည်း များပါဘိ။ တခြားသတ္တဝါတွေရဲ့လောကမှာ တော့ အဖိုက အမကို၊ အမက အဖိုကို ပွင့်ပွင့်လင်းလင်းပဲ တပ်မက်ရင် တပ်မက်သလို ပေါင်းဖော်လိုက်တာပဲ။ ဒါပေမယ့် လူ့လောက က လူတွေ အတွက်က ယောက်ျားက မိန်းမကို၊ မိန်းမက ယောက်ျားကို ကြိုက်ရင် ကြိုက်သလို ပွင့်ပွင့်လင်းလင်း ပေါင်းဖော်လို့မရဘူး၊ ယဉ်ကျေးမှုဆိုင်ရာ အချက်အလက်တွေက ရှိနေတယ်။ မပြုသင့်ဘူး၊ မပြောသင့်ဘူး....

ဆိုတာတွေ ကလည်း အများကြီးခုခံနေတတ်တယ်။ ဒါတွေဟာ လူ့အသိ ဉာဏ်မြင့်မားလာမှု၊ လူ့ယဉ်ကျေးမှု တိုးတက်လာမှုကြောင့်ဖြစ်တယ်။ ယဉ်ကျေးမှုဆိုင်ရာ အဟန့်အတားတွေကြောင့် လူဟာ စိတ်မချမ်းသာမှု တွေတော့ ဖြစ်ရတာပဲ၊ အလိုမပြည့်နိုင်မှုတွေနဲ့ ကြုံရတာပဲ။ ဒီသဘောကို စိတ်ပညာရှင်ကြီး ဖရွိုက် (Sigmund Freud) က စိတ်မငြိမ်းချမ်းခြင်း၊ အလိုမပြည့်ဖြစ်နေရ ခြင်းတို့ဟာ ယဉ်ကျေးမှုအတွက်ပေးရတဲ့ အဖိုးအခ တွေပဲတဲ့ဗျ။

ကဲ.... ဒါတွေထားပါတော့။ ဒီမှာပြောချင်တာက လူဟာ အသိ ဉာဏ်ရှိတဲ့သူဖြစ်တဲ့အတွက် ချစ်ခင်တပ်မက်ခြင်း တဏှာရာဂမှ 'မေတ္တာ' ဆိုတဲ့ တင့်တယ်ကောင်းမြတ်တဲ့ စိတ်သဘောကိုရအောင် ကြိုးစားနိုင်သူ ဖြစ်တယ်။ ဒီသဘောမျိုးကို ဆော့ခရတ္တိကလည်း ပြောနေတာ။

အရှေ့တိုင်းသားတွေကတော့ ဆိုခဲ့တဲ့အတိုင်း မေတ္တာရဲ့ သဘောကို "ကြာ"နဲ့ နှိုင်းပြီးပြောတတ်ကြတယ်။ "ကြာ" ဟာ မတင့်တယ် တဲ့၊ နှစ်လိုဖွယ်မကောင်းတဲ့ ရေနောက်တွေ နုန်းနွံနဲ့ရွှံ့တွေကို အခြေခံ ခဲ့ပေမယ့် "ရေ"ကို ဖြတ်နိုင်စွမ်းတဲ့အတွက် ရေမျက်နှာပြင်ရဲ့အပေါ်.... နေရောင်ရဲ့အောက်မှာ မြူးမြူးလွင့်လွင့် စင်စင်ကြယ်ကြယ် ပွင့်နိုင်သလို၊ အသိသတိနဲ့ လူသတ္တဝါဟာ ကြိုးစားနိုင်မယ်ဆိုရင် တဏှာရာဂကို အခြေ ခံတဲ့ 'ချစ်ခြင်း'ဟာ ကိလေသာတွေ မရောမယှက်ဘဲ 'မေတ္တာ' အဖြစ်နဲ့ စင်စင်ကြယ်ကြယ် ပွင့်လန်းနိုင်တယ်လို့ ပြောခဲ့ကြတယ်။


'အချစ်'ဆိုတာကတော့ ချစ်စရာ ကြိုက်စရာကို မြင်ရင် ချစ် လိုက် ကြိုက်လိုက်တာပဲ၊ လွယ်လွယ်ကူကူဖြစ်လာတဲ့ စိတ်မျိုးပါပဲ။ ဒေါသ ထွက်စရာနဲ့ တွေ့လိုက်ရင် ဒေါသထွက်လာတာဟာလည်း လွယ်လွယ် ကူကူဖြစ်လာတဲ့စိတ်မျိုးပါပဲ။ ဒေါသတွေမပါတဲ့။ တဏှာရာဂနဲ့ချစ်တာ ကြိုက်တာမဟုတ်တဲ့ (တဏှာလောဘနဲ့ ဒေါသ အညစ်အကြေးတွေ မပါ



http://www.cherrythitsar.org

ဘဲ) စင်စင်ကြယ်ကြယ် 'မေတ္တာ'စိတ်မျိုးကတော့ လွယ်လွယ်ကူကူနဲ့ လူသတ္တဝါမှာ ဖြစ်မလာနိုင်ဘူး။ အင်မတန် ခက်ခက်ခဲခဲ ပျိုးထောင် လေ့ကျင့်ယူမှ ဖြစ်လာနိုင်တဲ့ တမင်ကို ကြိုးစားယူမှရနိုင်တဲ့ စိတ်မျိုးဖြစ် ပါလိမ့်မယ်။ *ရင်ထဲက အလိုအလျောက် လွယ်လွယ်ကူကူ အချစ်စိတ်လို ယိုဖိတ်လျှောကျလာတာမျိုး ဟုတ်ဟန်မတူပါဘူး။'* 'မေတ္တာပန်း' ဆိုတာ မျိုးက စိုက်ပျိုးရခက်သလို ပွင့်နိုင်ဖို့လည်း ခက်တဲ့ပန်းမျိုးလို့ ထင်တာပဲ....။

**အမှတ်(၆၅) အင်တာဗျူးကျွာနယ်**



# ပြောကောင်းတဲ့အရာ

'မေတ္တာ'ဆိုတာက အလိုအလျောက် ရင်ထဲစိတ်ထဲက ထွက်ပေါ် လာတဲ့သဘောမရှိဘူး။ အင်မတန် ကြိုးစားနိုင်ပါမှ.... အကြာကြီး မွေးမြူတည်ဆောက် Culture ပြီးမှ ဖြစ်ပေါ်လာတတ်တယ်၊ တဏှာရာဂ နဲ့ယှဉ်တဲ့အချစ်ဆိုတာကတော့ ချစ်ဖွယ်အာရုံကောင်းလေလေ.... လှ လေလေ.... အချစ်စိတ်တွေက အလျှင်အမြန် အမြောက်အများ လျှောကျထွက်ပေါ်လာလေ သဘောရှိမှာပေါ့ဗျာ....

မိန်းမနဲ့ ယောကျ်ား ချစ်ကြကြိုက်ကြတဲ့အထဲမှာ ဘာသာတရား တွေ၊ တစ်ခြားယုံကြည်မှုတွေလည်း ပါနေတယ်။ မြင်မြင်ချင်း ချစ်တဲ့စိတ် တွေဖြစ်ပေါ်လာတာ.... ယိုဖိတ်လာတာဟာ **'ဘဝဟောင်းက ပျို့ဆု တောင်းကြောင့်....'** လို့ သီချင်းတွေဆိုကြတယ်။ ဘဝဟောင်းတုန်းက ဘုရားမြတ် ထံပါးမှာ နောင်ဘဝကျရင် ပေါင်းရပါစေသားလို့ ဆုတောင်း ခဲ့လို့ အခု.... သူ့ကို မြင်တဲ့အခါ ချက်ချင်းပဲ ချစ်တဲ့စိတ်တွေ ဖြစ်လာတယ် ဆိုတဲ့သဘောပေါ့။ **ချစ်ကြ ကြိုက်ကြတဲ့အထဲမှာ.... ဘုရားလည်း**

**အကောင်းမနေရဘူး၊ အဲဒီချစ်သူတွေရဲ့ တိုင်တည်ရာ သစ္စာပြုရာ၊ ကတိ ခံဝန်ချက်တွေပေးရာမှာ သက်သေအဖြစ် လိုက်နေရသလို ဖြစ်နေတယ်။** ချစ်ကြ ကြိုက်ကြ တဲ့အထဲမှာ 'ဘဝသံသရာ' ဆိုတာကို ယုံကြည်တာ တွေလည်း ပါတယ်။ ဘဝဆက်တိုင်း မိမိချစ်တဲ့သူနဲ့ မခွဲမခွာ ပေါင်းရဖို့ ဆုတောင်းတွေလည်း တွေ့နိုင်တယ်။ **'ဘဝသံသရာ' ဆိုတာ ဘဝအမျိုးမျိုး ဖြစ်နိုင်တယ်။** ဒါကြောင့် ဘယ်ဘဝမျိုးပဲဖြစ်ဖြစ်.... ကြက်ပဲ ဖြစ်ဖြစ်၊ ငှက်ပဲဖြစ်ဖြစ်၊ တစ်ကိုင်းတည်းနားပြီး မခွဲမခွာနေ ချင်တယ်တဲ့။ ဒီလိုပဲပေါ့ဗျာ....

ချစ်စရာကောင်းတဲ့သူနဲ့တွေ့လို့ ပိုင်ဆိုင်ချင်၊ ပေါင်းဖော်လိုချင် တဲ့အခါမှာ လျှောကျလာတဲ့ ချစ်စိတ်တွေနဲ့အတူ ပြောချင်တာတွေကို အကုန်သွန်မှောက်ပြီး ပြောကောင်းကောင်းနဲ့ ပြောတော့တာပေါ့ဗျာ။ အပြောခံရသူကလည်း ဒီလိုအပြောခံရတာကို နှစ်သက်တာပါပဲ။ မိမိ ချစ်တဲ့သူနဲ့အတူ ပေါင်းဖော်ရတဲ့အခါမှာလည်း တိုင်းထက်အလွန် ပျော်ရွှင်ခြင်း၊ ကျေနပ်ခြင်းဆိုတဲ့ 'ခံစားမှုဝေဒနာတွေ' ဖြစ်တယ်။ လူသတ္တဝါတွေဟာ ဒီလို စိတ်လှုပ်ရှား ခံစားရတဲ့ဝေဒနာတွေနဲ့ပဲ နေချင် ကြတာ.... နေကြရဖို့ကို ဆုတောင်းနေကြတာ....

ဂေါတမ ဗုဒ္ဓလက်ထက်အခါက အိမ်ထောင်ဦးစီးယောက်ျား ဖြစ်တဲ့သူက ဂေါတမဘုရားကို **'အရှင်ဘုရား၊ တပည့်တော်ဟာ ဇနီး မယား၊ သမီးသားတွေနဲ့ ကာမဂုဏ်အာရုံတွေနဲ့လည်း နေချင်ပါတယ်၊ လွတ်မြောက်ရေး တရားကိုလည်းရချင်ပါတယ်'** ဆိုတဲ့သဘောမျိုး လျှောက်ထားဖူးတယ်။ နိဗ္ဗာန်ကိုတောင် ချစ်တဲ့သူတွေနဲ့ အတူတကွ သွားချင်တဲ့သူ ဖြစ်ပါလိမ့်မယ်။ ကျွန်တော်တို့တွေလည်း တကယ်က သူ့လို ပဲဖြစ်မှာပါ။

**ခံစားလှုပ်ရှားရတဲ့ ချစ်ခြင်းဝေဒနာတွေနဲ့ လူဟာ နေလိုတယ်။**



http://www.cherrythitsar.org

ကမ္ဘာကုန်ကျယ်သရွေ့.... သံသရာရှည်သရွေ့ ချစ်တဲ့သူနဲ့သာဆိုရင် မမောမပန်း လျှောက်လှမ်းချင်ကြတဲ့သူတွေဟာ Symposium မှာ ဆော့ခရတ္တိပြောနေတဲ့ 'မေတ္တာ'နဲ့ နေချင်ကြမှာမဟုတ်ပါဘူး။ ဘာကြောင့်ဆိုတော့ ဆော့ခရတ္တိဆိုလိုတဲ့ မေတ္တာက တရှိုက်မက်မက် လှုပ်ရှားခံစားမှုတွေမပါတဲ့ စိတ်အခြေအနေ တစ်ရပ်ကိုဆိုလိုတာ....

'ဂရိ' ကနေ 'အင်္ဂလိပ်'၊ အင်္ဂလိပ်ကနေ 'မြန်မာ' လိုဖတ်ရတဲ့ အခါမှာ နားလည်လွဲနိုင်တာတွေရှိနိုင်ပါတယ်။ ဒါပေမယ့် Symposium မှာ ဆော့ခရတ္တိပြောချင်တဲ့ မေတ္တာဆိုတာဟာ ဥပေက္ခာသဘောကို ဆိုလိုဟန်ရှိပါတယ်။ မေတ္တာဆိုတာ ကောင်းခြင်း၊ မကောင်းခြင်း၊ တင့်တယ်ခြင်း၊ မတင့်တယ်ခြင်းဆိုတဲ့ အစွန်းတရားတွေရဲ့ အလယ်မှာရှိတဲ့သဘောကို ဆော့ခရတ္တိအနေနဲ့ ဆိုလိုဟန်ရှိတယ်လို့လည်း Symposium ကို ဖွင့်ဆိုတဲ့ အဌကထာဆရာအချို့က ယူဆကြတယ်။

သာမန်ပုထုဇဉ် လူအများအနေနဲ့ကတော့ တရှိုက်မက်မက် ခံစားရမှု မရှိတဲ့ ဒီလိုမေတ္တာသဘောကို နှစ်လိုဟန်မရှိပါဘူး။ ရင်ခုန်စရာတွေ လွှမ်းနေတဲ့ ချစ်ခြင်းသဘောကိုပဲ နှစ်သက်မှာသေချာတယ်။

**'ဘဝသံသရာ'** ဆိုတာကို ယံုတဲ့သူတစ်ဦးက ပြောဖူးတယ် 'ယောက်ျားဆိုတာ ထူးထူးဆန်းဆန်း မဟုတ်ပါဘူး။ ယောက်ျားဆိုတာ မိန်းမကဖြစ်လာပြီး မိန်းမဆီမှာပဲ သူ့ဘဝဆံုးသူပါပဲ'တဲ့။ 'မိန်းမ က ဖြစ်လာတယ်' ဆိုတဲ့စကားက အမေဆိုတဲ့ မိန်းမကြောင့် လူ့ဘဝကို ရောက်လာတယ်။ လူဖြစ်လာတယ်လို့ ဆိုလိုတာ။ အဲဒီလူ အရွယ်ရောက်တော့ အိမ်ထောင်ကျပြီး မယားဆိုတဲ့ မိန်းမနဲ့နေတယ်။ အဲဒီမယားဆိုတဲ့ မိန်းမဆီမှာပဲ အိမ်ထောင်ကိစ္စတွေနဲ့ သံယောဇဉ်တွေနဲ့ သူ့ဘဝပြီးဆံုးတာပဲ။ ဒါကို 'မိန်းမဆီမှာပဲ ဘဝတစ်ခု ပြီးဆံုးတယ်လို့ ဆိုလိုတာ....တဲ့' နောင်ဘဝကျတော့လည်း ဒီလိုပဲတဲ့၊ မိန်းမမှာစ၊ မိန်းမမှာပဲဆံုး၊ အဲဒါ ယောက်ျားတစ်ဦးရဲ့ သံသရာပဲတဲ့။



http://www.cherrythitsar.org

အဲဒီလူကဆက်ပြီး 'မယား' အမျိုးအစားတွေ ခွဲခြားပြတယ်။ မိတ်ဆွေနဲ့တူတဲ့ မယား၊ ကျွန်နဲ့တူတဲ့မယား၊ မိခင်နဲ့ တူတဲ့မယား.... စသည်ဖြင့်ပေါ့ဗျာ။ မယားအမျိုးအစားတွေ ခွဲပြပြီးတော့ ဘာပြောသလဲဆိုတော့ **'အမေဆီကနေပြီး အမေနဲ့တူတဲ့ အမေလေးဆီကို ပြောင်းရွှေ့ပြီး ဘဝသံသရာမှာ ကျင်လည်နရမယ်ဆိုရင်တော့ သံသရာဘယ်နှစ်ပတ်ပဲ လည်လည်.... ပျော်ပျော်ရွှင်ရွှင်ပဲ လိုက်ပါပြီး လည်ချင်ပါ တယ်'** တဲ့။ သူ့မျှော်လင့်ချက်က အမေနဲ့တူတဲ့ မယားမျိုးနဲ့နေရရင်.... အဲဒီမိန်းမက သူ့ကို ကြင်ကြင်နာနာ၊ ယုယုယယနဲ့ ချစ်မယ်၊ ဘာတွေပဲ သူလုပ်လုပ်၊ ခွင့်လွှတ်မယ်၊ သည်းခံမယ်၊ သူ့အတွက်ဆို စွန့်လွှတ်စွန့်စားမှု တွေနဲ့ ချစ်နေမယ်လို့ သူက ထင်နေတာကိုး။ အဲလို အမေလေးမျိုး၊ မိန်းမမျိုးနဲ့ သံသရာလည်ရမယ်ဆိုရင်တော့ ဘယ်လောက်လည်ရလည်ရ လည်ချင်လှပါတယ် လို့ သူကပြောနေတာပါ။

**'အချစ်'** အကြောင်းကိုတော့ ပြောကောင်းကောင်းနဲ့ ဒီလိုပဲ ပြောနေကြဦးမှာ၊ **အမေလေးနဲ့ တွေ့တော့မှ 'အမယ်လေးဗျ'လို့ ညည်းရှာကြသူတွေလည်း ရှိမှာပေါ့၊ ရှိကြမှာပေါ့....။**

**အမှတ်(၈၀) အင်တာဗျူးဂျာနယ်**



http://www.cherrythitsar.org



# ကျိုးပဲ့နေသောညီမျှခြင်း

မြန်မာပြည်က ဗုဒ္ဓဝါဒီသုတေသီတွေက 'မေတ္တာ'ကို ဘယ်လို အဓိပ္ပာယ်ဖွင့်လေ့ရှိသလဲဆိုတော့ 'မေတ္တာ' ဆိုသည်မှာ.... ချမ်းသာစေလိုသော စိတ်ထားကို သတ္တဝါတို့အပေါ် ညီတူညီမျှထားနိုင်တဲ့ စိတ်အခြေအနေမျိုးဖြစ်တယ်'တဲ့။

အရုပ်ဆိုးအကျည်းတန်သူကိုတော့ မချစ်ဘူး၊ မကြည့်ချင်ဘူး၊ ဂရုမစိုက်ချင်ဘူး၊ မကူညီချင်ဘူး၊ အလေးအနက် မထားချင်ဘူး၊ ချောမောလှပ တင့်တယ်သူကိုတော့ ကြည့်ချင်တယ်၊ ဂရုစိုက်ချင်တယ်၊ ကူညီချင်တယ်၊ အလေးအနက်ထားတယ်ဆိုတဲ့ စိတ်မျိုးက ချစ်တဲ့စိတ်၊ ဒီလို အချစ်စိတ်မျိုးက ဘက်လိုက်တဲ့စိတ်၊ ညီတူညီမျှ မထားနိုင်တဲ့စိတ်။

'မေတ္တာ'ကတော့ အရုပ်ဆိုးအကျည်းတန်သူနဲ့ ချောမောလှပသူ၊ ဒီနှစ်ဦးရဲ့အပေါ်မှာ ချစ်ခင်တဲ့စိတ်ကို အညီအမျှထားနိုင်တယ်။ အညီအမျှ ကောင်းစေလိုတဲ့ စိတ်ကိုထားနိုင်တယ်။

ချစ်တယ်ဆိုတာမျိုးကတော့ သူ့ဘက်သား၊ ကိုယ့်ဘက်သားခွဲခြားတယ်။ သူ့လူ၊ ငါ့လူ.... ဆိုပြီး ခွဲခြားအရေးပေးမှုတွေ လုပ်တယ်။ မျက်နှာ

ကြီးရာ ဟင်းဖတ်ပါလုပ်တယ်။ ငါ့ဘက် သားကိုမှ.... ငါ့လူကိုမှ ပိုချစ်၊ ပိုခင်တယ်၊ ပိုပြီး အကူအညီပေးတယ်။

ချစ်ခြင်းဆိုတဲ့စိတ်က သူ့တပည့်၊ ငါ့တပည့် ခွဲခြားမြင်တယ်၊ ကိုယ့်တပည့်ကိုမှ ပိုချစ်၊ ပိုအလေးပေးမှုတွေနဲ့ ဘက်လိုက်မှုတွေဖြစ်တယ်။ မေတ္တာစိတ်ကတော့ အဲဒီလို ဘက်လိုက်မှုမရှိဘူး၊ လူသတ္တဝါတွေအပေါ်မှာ အညီအမျှစိတ်ကို ထားနိုင်တယ်။

လူတွေဟာ 'မေတ္တာ'ကို လှိုင်လှိုင်ကြီးပြောကြတယ်။ ဘယ်လို မေတ္တာစေတနာတွေ ထားတယ်ဆိုတဲ့အကြောင်း အရမ်းပြောကြတယ်။ တကယ်တော့ အရမ်းလိမ်ညာပြီး ပြောနေတာတွေ ဖြစ်နေတယ်။ ဒါမှ မဟုတ်ရင်လည်း သူ့ကိုယ်သူ လိမ်နေမှန်းမသိဘဲ ပြောနေတာ ဖြစ်နေတတ်တယ်။

လူသားအားလုံးကို ချစ်ခင်လေးစားပါတယ်လို့ ပါးစပ်ကပြောပေမယ့် တကယ့်စိတ်မှာက.... ကိုယ့်ကို အလေးထား ဂရုစိုက်သူကိုသာ ချစ်ခင်လေးစားတာမျိုး ဖြစ်နေတတ်တယ်။ 'လူသားအားလုံး' ဆိုတာကို ရှေ့က ခေါင်းစည်းတပ်ထားပေမယ့်.... ငါ့လူမျိုးမှ၊ ငါ့ဆွေမျိုးမှ၊ ငါတို့ဘာသာဝင်ကိုမှ၊ ငါတို့နဲ့အယူဝါဒတူမျှသူကိုမှ ချစ်ခင်မယ်၊ လေးစားမယ် ဆိုတာမျိုးတွေ ဖြစ်တယ်။ ဘက်လိုက်မှုတွေဖြစ်တယ်။

လောကမှာ လူအများဟာ ကောင်းတဲ့အာရုံ၊ နှစ်သက်ဖွယ်အာရုံနဲ့ တွေ့တဲ့အခါ ဝမ်းသာတယ်၊ ပျော်ရွှင်တယ်၊ ကျေနပ်တယ်၊ သိပ်ကောင်းတဲ့ သိပ်နှစ်သက်ဖွယ် ကောင်းတဲ့အာရုံမျိုးနဲ့တွေ့လေ သိပ်ကိုဝမ်းသာ၊ ပျော်ရွှင်၊ ကျေနပ်မှုဖြစ်လေပါပဲ။ လူတွေဟာ.... အဲဒီကောင်းတဲ့၊ နှစ်သက်ဖွယ်ရှိတဲ့ အာရုံတွေနဲ့တွေ့တဲ့အခါ ဝမ်းသာခြင်း၊ ပျော်ရွှင်ခြင်း၊ ကျေနပ်ခြင်းဆိုတာတွေမဖြစ်အောင် ထိန်းမတ်မထားနိုင်ကြဘူး။ မကောင်းတဲ့၊ နှစ်သက်ဖွယ်မရှိတဲ့ အာရုံတွေနဲ့တွေ့တဲ့အခါကျတော့လည်း



http://www.cherrythitsar.org

ဝမ်းနည်းမှု၊ စိတ်ပျက်ပျင်းမုန်းမှု၊ မကျေနပ်မှုတွေ မဖြစ်ရအောင် ထိန်းမတ်မထားနိုင်ဘူး။ ဝမ်းသာခြင်းနောက်၊ ဝမ်းမသာခြင်းနောက်ကို မလိုက်ဘဲ စိတ်ကို တည်ငြိမ်အောင် အညီအမျှဖြစ်နေအောင် မထိန်းနိုင်ကြဘူး။ လူတွေဟာ ကိုယ့်စိတ်ကိုမနိုင်နင်းကြဘူး။

မေတ္တာစိတ်ဆိုတာက.... ကောင်းတဲ့အာရုံဖြစ်တဲ့ လှပချောမောခြင်း၊ မကောင်းတဲ့အာရုံဖြစ်တဲ့ အကျည်းတန် အရုပ်ဆိုးခြင်းတွေနဲ့ ကြုံတဲ့အခါ နှစ်သက်တဲ့စိတ် (လောဘ) လည်းမဖြစ်ဘဲ၊ မနှစ်သက်တဲ့ စိတ် (ဒေါသ)လည်းမဖြစ်ဘဲ၊ စိတ်ကို ညီညီညွတ်ညွတ်ထားနိုင်တယ်။ တစ်နည်းပြောရရင်.... လူသတ္တဝါအများဟာ အာရုံကောင်းနဲ့တွေ့တဲ့အခါမှာ နှစ်သက်လိုချင်တဲ့ ကာမအကြံအစည်တွေ ဖြစ်တတ်တယ်။ အာရုံဆိုးနဲ့ တွေ့တဲ့အခါမှာ ဖျက်ဆီးချင်၊ ညှင်းဆဲချင်တဲ့ ဗျာပါဒအကြံအစည်တွေ ဖြစ်တတ်တယ်။ မေတ္တာစိတ်ဟာ ဆိုခဲ့တဲ့ စိတ်အကြံအစည်တွေ မဖြစ်အောင် ထိန်းထားနိုင်တယ်။ တစ်ဘက်ဘက်ကို လိုက်မသွားဘဲ ထိန်းမက်ထားနိုင်တယ်။ ဒီလို မေတ္တာစိတ်ထားရှိဖို့ မလွယ်လိုက်တာမှ၊ သိပ်ကို မလွယ်တာ....

လောကလူသားတွေအနေနဲ့ သတ္တဝါတွေအပေါ် ညီတူညီမျှ ချစ်ခင်ဖို့၊ အလေးထားမြတ်နိုးဖို့ဆိုတာ မလွယ်ဘူး၊ ကိုယ့်အုပ်စု ကိုယ့်အသိုင်းအဝိုင်းကလေးအတွင်းမှာတောင် ညီမျှမှုမရှိဘဲ အပိုအလိုတွေ ဖြစ်နေတတ်တယ်။ သေသေချာချာ စဉ်းစားကြည့်ရင် အညီအမျှ စိတ်ထားထားဖို့ ဆိုတာဟာ အပြောလွယ်သလောက် ကိုယ်တွေ့ လက်တွေ့မှာ ခက်ခဲလှပါတယ်။

မေတ္တာရဲ့ ညီတူညီမျှစိတ်ထားအကြောင်း ပြောသာနေရပေမယ့် တကယ်က လူတွေဟာ မညီမျှတာကိုပဲ ကြိုက်နှစ်သက်ကြတယ်။ ဥပမာ- အမျိုးသားက သူ့ချစ်သူအမျိုးသမီးကို 'တခြားသူတွေလိုပဲ မင်းကိုချစ်ပါ



http://www.cherrythitsar.org

တယ်’လို့ ပြောကြည့်ပါလား။ ‘သူများတွေကို ချစ်တဲ့အချစ်နဲ့ မင်းကိုချစ်တဲ့အချစ်ဟာ ညီတူညီမျှပါပဲ’လို့ ဆိုကြည့်ပါလား။ ဘယ်လိုမှ ဒီအမျိုးသမီးဟာ သူ့စကားကို ကြိုက်နိုင်မယ်မဟုတ်ဘူး။ ‘မင်းကလွဲရင်.... တခြားသူတွေဟာ ဖွဲနဲ့ဆန်ကွဲပါ’လို့ ရှေးခေတ်က ပြောကြတယ်ဆိုတာပဲ။ အဲဒီလိုပြောတာကို အမျိုးသမီးက ကြိုက်တယ်။ ‘လောကကြီးမှာ.... မင်းမှတစ်ပါး.... အခြားချစ်စရာ မိန်းမဆိုလို့ လုံးဝမရှိ’ ကြောင်း ဘက်လိုက်ပြောလေ.... သဘောကျ ကျေနပ်နှစ်သက်လေဖြစ်တယ်။ ဒီတော့ ‘မေတ္တာ’ ဆိုတာဟာ စကားရှိလို့ ပြောသာနေရတယ်။ လူတွေ ကြိုက် နှစ်သက်ပုံမပေါ်ပါဘူး။ တကယ်လူတွေ ကြိုက်နှစ်သက်နေတာက.... တစ်ဘက်ဘက်ကို ယိမ်းယိမ်းယိုင်ယိုင်နဲ့ လှုပ်လှုပ်ရှားရှား ခံစားရတဲ့ ‘ချစ်ခြင်း’ဆိုတာကို ဖြစ်ပါလိမ့်မယ်။

**အမှတ်(၈၁) အင်တာဗျူးဂျာနယ်**



# အလယ်လွန်ဇာတ်ဆောင်များ

▲

ရှိတ်စပီးယားရဲ့ ပြဇာတ်တွေအနက်က **'ရိုမီယိုနဲ့ ဂျူလီယက်'** ပြဇာတ်အကြောင်း၊ ပြီးတော့ ဩသယ်လို ပြဇာတ်အကြောင်းကို အဲဒီနေ့က စကားဝိုင်းမှာပြောနေဖြစ်ပါတယ်။

▲ ▲

ဗင်းနစ်မြို့က လွှတ်တော်အမတ်မှာ သမီးချောတစ်ယောက်ရှိတယ်။ သူ့နာမည်က **ဒက်စ်ဒီမိုနာ** Desdimona

ဗင်းနစ်မြို့မှာတော့ ဒက်စ်ဒီမိုနာက အလှထိပ်ခေါင်တင်၊ ဘုရင်မလေး။ သူ့ကို ချစ်ကြိုက်ကြသူတွေက အများကြီး။ သူ့အချစ်ကို တောင်းခံကြတဲ့ လုလင်ပျိုတွေဟာ ဂုဏ်သရေရှိတဲ့သူတွေ၊ ရုပ်ရေလှပတင့်တယ်ခန့်ညားသူတွေပါ။ ဒါပေမယ့် ဒက်စ်ဒီမိုနာက အမျိုးတူအသားဖြူလုလင်တွေကို ထားချန်ပြီး အသားမည်းတဲ့ မိုအာ Moor လူမျိုး ဗိုလ်ချုပ်ဩသယ်လို Othello ကို ချစ်သူအဖြစ်ရွေးချယ်လိုက်တယ်။ ရုပ်ရေတင့်တယ်လှပခြင်းထက် စိတ်နေစိတ်ထားကောင်းမွန်ပြီး

ယောက်ျားပီသခြင်းကို ပိုပြီးတန်ဖိုးထားတဲ့အနေနဲ့ ဩသယ်လိုကို ဒက်စ်ဒီမိုနာက ရွေးချယ်တာပါပဲ။

ဒက်စ်ဒီမိုနာ ရဲ့ ဖခင်ကတော့ ဩသယ်လိုနဲ့ သဘောမတူဘူး။ ဒါကြောင့် တိတ်တဆိတ်ပဲလက်ထပ်လိုက်ကြတယ်။ လက်ထပ်ပြီးလို့ မကြာခင်မှာ ဩသယ်လိုက စစ်ထွက်သွားရတယ်။ သူစစ်ထွက်နေတုန်း သူ့နေရာမှာ အုပ်ချုပ်ဖို့ **ကာဆီယို** Cassio ဆိုတဲ့ စစ်ဗိုလ်ကလေးကို ဩသယ်လိုက ခန့်ထားခဲ့တယ်။ ကာဆီယိုနဲ့ ဩသယ်လိုဟာ အင်မတန် ခင်မင်ရင်းနှီး ကျွမ်းဝင်သူတွေဖြစ်ပါတယ်။ ဆိုးတိုင်ပင် ကောင်းတိုင်ပင် မိတ်ဆွေတွေဖြစ်တယ်။ ဩသယ်လိုဟာ ကာဆီယိုကို ဘယ်လောက်ယုံကြည်စိတ်ချသလဲဆိုရင်.... ဒက်စ်ဒီမိုနာကို လူပျိုလှည့်စဉ်က သူ့ ကိုယ်စား ကာဆီယိုကို ပိုးပန်းစေခဲ့တဲ့အထိပါပဲ။ သိပ်ကိုယုံကြည်ခဲ့သူ ဖြစ်တယ်။

ကာဆီယိုမှာ ရန်ဘက် တစ်ဦးရှိတယ်။ သူ့နာမည်က.... **အိုင်ဂို** Iago

အိုင်ဂိုနဲ့ ကာဆီယိုတို့က ရာထူးလုဘက်တွေဖြစ်တယ်။ အိုင်ဂို ဟာ ကာဆီယိုကိုရော ဩသယ်လိုတို့ ဇနီးမောင်နှံတို့ကိုပါ ပျက်စီးရာ ပျက်စီးကြောင်းတွေလုပ်တယ်။ အိုင်ဂိုရဲ့ဇနီးက ‘ဩသယ်လို’ကို အထင်ကြီးလေးစားတာတွေရှိတယ်။ ဒါကို “အိုင်ဂို”က မနာလိုဖြစ်တယ်။ ဒါကြောင့် ဩသယ်လို ဇနီးမောင်နှံ ပျက်စီးရာ ပျက်စီးကြောင်းကိုပါ တစ်ချိန်တည်းမှာ လုပ်တော့တာပဲ။

အိုင်ဂိုက ဒက်စ်ဒီမိုနာရဲ့ လက်ကိုင်ပုဝါတစ်ထည်ကို ပုံတူကလေးချုပ်ချင်လို့ဆိုပြီး ငှားတယ်။ ငှားပြီးတော့ ကာဆီယို လာမယ့်လမ်းမှာ အမှတ်တမဲ့ချထားတယ်။ ဒီလက်ကိုင်ပုဝါကို မြင်တွေ့တဲ့ ကာဆီယိုက သိမ်းထားလိုက်တယ်။ ဒါကို အခွင့်ကောင်းယူပြီး အိုင်ဂိုက ကာဆီယိုနဲ့ ဒက်စ်ဒီမိုနာ ယဉ်ပါးနေကြောင်း ဩသယ်လိုကို ဂုံးချောတယ်။



http://www.cherrythitsar.org

နည်းအမျိုးမျိုးနဲ့ ဂုံးချောတော့ နောက်ဆုံးမှာ ဩသယ်လိုက အိုင်ဂိုပြောတာတွေကို ယုံသွားတယ်။

တစ်နေ့မှာ ဩသယ်လိုက ခေါင်းကိုက်ချင်ယောင်ဆောင်ပြီး ဒက်စ်ဒီမိုနာနဲ့ လက်ထပ်တုံးက ဒက်စ်ဒီမိုနာကို ပေးထားတဲ့ လက်ကိုင်ပုဝါယူခဲ့ဖို့ တောင်းတယ်။ ဒက်စ်ဒီမိုနာခမျာ မပေးနိုင်တဲ့ အဖြစ်နဲ့ကြုံတယ်။ ဒီအချက်က သူ့ဇနီး ဒက်စ်ဒီမိုနာနဲ့ ကာဆီယိုတို့ ချစ်ကြိုးသွယ်နေကြတယ်ဆိုတာကို အတည်ပြုရာရောက်သွားတယ်။

ဩသယ်လိုဟာ သူ အင်မတန်ချစ်လွန်းတဲ့ဇနီးကို သူတစ်ပါးလက်ရောက်သွားမယ့်အဖြစ်ကို မခံနိုင်ဘူး။ မမြင်ရက်နိုင်ဘူး။ ဒီတော့ သူများလက်ရောက်မယ့်အစား သူ့ဇနီးကို သေရွာပဲပို့တော့မယ်လို့ ဆုံးဖြတ်လိုက်တယ်။

ဒက်စ်ဒီမိုနာဟာ ဩသယ်လိုရဲ့ သံသယဖြစ်မှုတွေကို ဘယ်လိုမှ ဖြေရှင်းလို့မရဘူးဖြစ်နေတယ်။ ဒက်စ်ဒီမိုနာဟာ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲနဲ့ ပင်ပန်းလွန်းလို့ အိပ်ယာပေါ်မှာ အိပ်ပျော်သွားတယ်။ ဩသယ်လိုဝင်လာတဲ့အခါမှာ အိပ်မောကျနေတဲ့ ဒက်စ်ဒီမိုနာကို မြင်တယ်။ အလွန်လှပတဲ့ သူ့ဇနီး ဒက်စ်ဒီမိုနာကို ကာဆီယိုရဲ့ရင်ခွင်ထဲ ရောက်မည့်အရေးတွေတွေးပြီး ပြင်းထန်တဲ့ခံစားမှုတွေ ဖြစ်လာတယ်။ ဒါနဲ့ပဲ ဒက်စ်ဒီမိုနာ ကိုစောင်တစ်ထည်နဲ့အုပ်ပြီး ဓားနဲ့တစ်ချက်တည်း ထိုးသတ်လိုက်တယ်။

အဲဒီအချိန်မှာပဲ ဒဏ်ရာတွေရနေတဲ့ ကာဆီယိုကို သယ်ယူလာကြတယ်။ ဖြစ်ရပုံက အိုင်ဂိုက သူ့တပည့်တစ်ဦးနဲ့ ကာဆီယိုကို သတ်ခိုင်းတယ်။ ကာဆီယိုက လူသတ်သမားကို ခုခံလိုက်နိုင်တော့ အိုင်ဂိုရဲ့ အကြံအစည်တွေပျက်ကုန်တယ်။ ကာဆီယိုဟာ အခုလို ခုခံရင်းက ဒဏ်ရာတွေရလာတာဖြစ်တယ်။



http://www.cherrythitsar.org

အိုင်ဂိုဟာ သူ့လုပ်ကြံမှုတွေပေါ်ကုန်မှာစိုးလို့ ကာဆီယိုကို အသတ်ခိုင်းလိုက်တဲ့ တပည့်ကို နှုတ်ပိတ်တဲ့အနေနဲ့ သတ်ပစ်လိုက်တယ်။ အဲဒီသေသွားတဲ့သူရဲ့ အိပ်ထဲမှာ စာတစ်စောင်ကို အာဏာပိုင်တွေက တွေ့တယ်။ ဒီစာကြောင့် ကာဆီယိုမှာ အပြစ်မရှိကြောင်း၊ ဒက်စ်ဒီမိုနာကို ကာဆီယိုနဲ့ အထင်မှားအောင်လုပ်ကြံခြင်းဟာ အိုင်ဂိုရဲ့ အကြံအစည် ဖြစ်ကြောင်း ဘွင်းဘွင်းကြီးပေါ်သွားတယ်။

ဒီအကြောင်းတွေကို ကြားသိရတဲ့အခါမှာ ဩသယ်လို ဘယ်လို နေမလဲ၊ ဟုတ်ပါရဲ့၊ လောကမှာ နေဖို့မကောင်းတော့ဘူး။ **ဩသယ်လို ဟာ သူ့ဇနီးဖြစ်သူ ဒက်စဒီမိုနာကို သတ်ခဲ့တဲ့ဓားနဲ့ပဲ သူ့ကိုယ်သူ ထိုးစိုက် ပြီး သတ်သေလိုက်တယ်။**

အခုပြောနေတဲ့ အဖြစ်အပျက်တွေက တကယ်မှမဟုတ်ဘဲ၊ ပြဇာတ်ထဲကဟာတွေလို့ ပြောချင်ပြောမှာပဲ၊ ဒီမှာ အနုပညာအကြောင်း ပြောဖို့မဟုတ်ပါဘူး။ ရှတ်စပီးယားရဲ့ ဩသယ်လို၊ ရိုမီယိုနဲ့ ဂျူလီယက် ပြဇာတ်တွေဟာ အနုပညာပစ္စည်းတွေဖြစ်ပါတယ်။ ဒါပေမယ့်.... ဒီအနုပညာရပ်တွေကို အမှီပြုပြီး တကယ့်လက်တွေ့ဘဝအကြောင်းကို နားလည်သွားနိုင်တာတွေ အများကြီးရှိပါလိမ့်မယ်။

ဩသယ်လိုရဲ့ ကြေကွဲဖွယ်အဖြစ်ဟာ တကယ်တော့ ချစ်ခြင်းဆို တာကြောင့် ဖြစ်ရတာ၊ ဒက်စ်ဒီမိုနာကို ချစ်ရလွန်းခြင်းဆိုတဲ့ အကြောင်း ကြောင့်ဖြစ်သွားတဲ့ အနိဋ္ဌာအာရုံတွေပဲ။

▲ ▲ ▲

ပြောခဲ့ပြီးပြီ.... ကျွန်တော်တို့တွေဟာ မကောင်းတဲ့၊ နှစ်သက် ဖွယ်မဟုတ်တဲ့အာရုံတွေ၊ ကောင်းတဲ့ နှစ်သက်တဲ့အာရုံတွေနဲ့ ကြုံတဲ့အခါ စိတ်ကိုညီမျှအောင် မထားနိုင်ကြဘူး၊ မကောင်းတာနဲ့တွေ့ရင် မနှစ်



http://www.cherrythitsar.org

သက်တာ၊ မကြိုက်တာနဲ့ကြုံရရင် ဒေါသတွေဖြစ်တယ်။ မကျေမနပ်တွေဖြစ်တယ်။ စိတ်ဆိုးတယ်၊ ကောင်းတဲ့အာရုံ၊ နှစ်သက်တဲ့အာရုံတွေနဲ့တွေ့တော့ တဏှာရာဂတွေဖြစ်တယ်၊ ချစ်တယ်၊ ကြိုက်တယ်၊ နှစ်သက်တယ်၊ ပျော်မွေ့တယ်။ လူအများဟာ မကောင်းတဲ့အာရုံ၊ ကောင်းတဲ့အာရုံတွေနဲ့ ကြုံတဲ့အခါ ဒေါသမဖြစ်ဘဲ၊ တဏှာရာဂတွေ မဖြစ်ဘဲ စိတ်ကိုညီညွတ်အောင်၊ ညီမျှအောင် မထားနိုင်ဘူး၊ တစ်ဖက်ဖက်ကို ပါသွားတာချည်းပါပဲ။

ဩသယ်လိုရဲ့ ဇနီးဒက်စ်ဒီမိုနာဟာ လှလည်း အလွန်လှတယ်၊ အပြစ်လည်း ကင်းစင်တယ်၊ သူ့အပေါ်မှာလည်း သစ္စာရှိတယ်လို့ ထင်မြင်နေတာ.... ဒါ.... အာရုံကောင်းနဲ့တွေ့နေတာ၊ ဒီလိုအာရုံကောင်းနဲ့တွေ့နေစဉ်မှာတော့ ဒက်စ်ဒီမိုနာကို ချစ်တယ်၊ မြတ်နိုးတယ်၊ နောက်တော့....

အိုင်ဂိုရဲ့ ကောက်ကျစ်မှု၊ လှည့်စားမှုတွေကြောင့် ဒက်စ်ဒီမိုနာ ဟာ ဖောက်ပြန်တဲ့မိန်းမအဖြစ် ဩသယ်လို မြင်သွားတယ်။ ဒါဟာ.... မကောင်းတဲ့အာရုံနဲ့ တွေ့တာပဲ။ ဒီလိုအာရုံဆိုးတွေ၊ မနှစ်သက်ဖွယ်တွေနဲ့လည်းတွေ့ရော ဩသယ်လိုဟာ စိတ်ဆိုးတယ်၊ စိတ်ညစ်တယ်၊ မခံရပ်နိုင်ဖြစ်တယ်။ **ရှေ့တန်းမှာ ရန်သူတွေကို ရဲရဲဝံ့ဝံ့ အနိုင်တိုက်ခိုက်နိုင်တဲ့သူဖြစ်ပေမယ်လို့.... သူ့ရဲ့ စိတ်ဆိုးစိတ်ညစ်မှုတွေကိုတော့ အနိုင်မတိုက်နိုင်ဘူး ဖြစ်သွားတယ်။ မတုန်မလှုပ် ခံနိုင်ရည်မရှိဘူး ဖြစ်နေတယ်....။ မကောင်းတဲ့အာရုံတွေ၊ ကောင်းတဲ့အာရုံတွေနဲ့ ကြုံတဲ့အခါ သူ့စိတ်ကို အညီအညွတ်မထားနိုင်တော့တာပါပဲ။** စိတ်ကိုညီညွတ်အောင် မထိန်းထားနိုင်တော့.... မနာလိုဝန်တိုမှုတွေဖြစ်၊ မှားတဲ့အတွေးတွေကိုတွေး၊ တလွဲတချော်တွေမြင်၊ အတွေးမှား၊ အမြင်မှားတွေဖြစ်မှတော့ အပြုအမူတွေ၊ အလုပ်တွေလည်း မှားတော့တာပေ့ါ။ ရိုမီယိုနဲ့ ဂျူလိယက်တို့လည်း



http://www.cherrythitsar.org

အတွေးမှား၊ အသိမှားတွေနဲ့ အပြုအမူတွေမှားပြီး ဘဝဆုံးကြရတယ်။ ဩသယ်လိုလည်း ဒီလိုပါပဲ၊ အတွေးမှား၊ အသိမှား၊ အမြင်မှားတွေနဲ့ ဘဝအဆုံးသတ်ပုံတွေ မကောင်းဘူးဖြစ်ကုန်တယ်။ လူအများဟာ ဒီလိုပါပဲ။ ဒီလိုပဲ ဖြစ်တတ်ကြတာပါ....။

*စိတ်ကို အညီအညွတ်၊ အညီအမျှမထားနိုင်ရင်တော့ မေတ္တာစိတ်တွေမျှဝေထားဖို့ဆိုတာလည်း မဖြစ်နိုင်ပါဘူး။* 'မေတ္တာ' အကြောင်းပြောရတာ အပြောရလွယ်ပေမယ့် တကယ် 'မေတ္တာ' စိတ်ထားရှိဖို့က တော့ မလွယ်၊ မလွယ်တာမှ တကယ့်ကိုမလွယ်တာပါ။

**အမှတ်(၈၂) အင်တာဗျူးဂျာနယ်**



http://www.cherrythitsar.org



http://www.cherrythitsar.org

# ပုံရိပ်တု

ဖရွိုက်ရဲ့ စိတ်ပညာ Freudian Phychology အရဆိုရင်တော့ လူဟာ မေတ္တာ၊ အကြင်နာခေါင်းပါးတဲ့ သတ္တဝါဖြစ်တယ်လို့ ဆိုရမလိုပဲ။ ဖရွိုက်က သူ့ရဲ့ Civilization and Its Discontents ဆိုတဲ့ စာတန်းရှည်ကြီး ထဲမှာ လူဟာ သူတစ်ပါးကို နာကျင်ထိခိုက်စေချင်တဲ့ စိတ်ထားရှိတဲ့ သတ္တဝါ Predatory animal အဖြစ်နဲ့တောင် ဖော်ပြထားတာရှိတယ်။ လူဟာ မသိမ်မွေ့ဘူး၊ မပြေပြစ်ဘူး၊ မေတ္တာ၊ အကြင်နာမဖြန့်ဖြူး မဝေငှ နိုင်တဲ့ သတ္တဝါလို့ ဆိုရမယ်ထင်ပါရဲ့။

ဖရွိုက်က လူရဲ့စိတ်ကို အာတိတ်သမုဒ္ဒရာထဲက ရေခဲ တောင်ကြီးနဲ့ နှိုင်းပြတယ်။ ရေပေါ်မှာပေါ်နေတဲ့ အဲဒီရေခဲတောင်ကြီးရဲ့ အစိတ်အပိုင်းက နည်းနည်းငယ်ငယ်ပဲ။ ရေအောက်မှာရှိနေတဲ့ အဲဒီ ရေခဲတောင်ရဲ့ အစိတ်အပိုင်းကတော့ ထုထည်အားဖြင့် ကြီးမားလွန်းလှ တယ်။ အဲဒီရေပေါ်က အနည်းငယ်အစိတ်အပိုင်းဟာ လူရဲ့သိစိတ် Consciousness နဲ့တူပြီး ရေအောက်က ထုထည်ကြီးမားစွာရှိနေတဲ့ အစိတ် အပိုင်းကတော့ မသိစိတ် Unconsciousness (တချို့ကတော့ 'ဘဝင်စိတ်' လို့ ပြန်ဆိုကြတာပဲ) နဲ့တူတယ်တဲ့။

ဖရွိုက်က မသိစိတ်ဆိုတာကို အစ် Id လို့ အမည်ပေးတယ်။ အဲဒီ 'အစ်' ဆိုတာထဲမှာ ဆာလောင်ခြင်း၊ မွတ်သိပ်ခြင်း၊ အကြမ်းဖက်လိုခြင်း စတဲ့ Biological Drives စေ့ဆော်မှုတွေ၊ ဖြစ်စဉ်တွေလည်း ရှိနေတယ်။ တပ်မက်မှုတွေ၊ တဏှာရာဂတွေ....လည်းရှိနေတယ်။ ကာမတဏှာ၊ ဘဝတဏှာ စတဲ့အစွဲတွေလည်း ရှိတယ်လို့ဆိုရင် ပိုမှန်မလားပဲ။

အစ်မှာရှိတဲ့ အစွဲတဏှာတွေ၊ စေ့ဆော်တိုက်တွန်းမှုတွေဟာ အင်အားကြီးတယ်၊ ပြင်းထန်တယ်။ 'အစ်'ရဲ့ သဘာဝက ကျေနပ်မှု၊ အလိုဆန္ဒပြည့်ဝမှုကိုပဲ အဓိကထားတယ်။ မှန်သလား, မှားသလားဆိုတာကို မကြည့်ဘူး။ ကျေနပ်မှုရရင်ပြီးရောဆိုတဲ့ သဘောရှိလို့ 'အစ်'ဟာ သာယာမှုစည်းမျဉ်း Pleasure Principle ကို လိုက်တယ်လို့ ဖရွိုက်က ဖော်ပြတာပဲ။

ဖရွိုက်အလိုအရ လူမှာ 'အစ်'အပြင် **အီဂို** Ego ဆိုတဲ့ စိတ်ရဲ့ အစိတ်အပိုင်းတစ်ရပ်ရှိသေးတယ်။ အီဂိုကတော့ အစစ်အမှန်စည်းမျဉ်း Reality Principle ကိုလိုက်တယ်တဲ့။ ဆိုလိုတာက အီဂိုဆိုတဲ့စိတ်ရဲ့ အစိတ်အပိုင်းက စဉ်းစားဆင်ခြင်မှုပြုတဲ့ အပိုင်းဖြစ်တယ်။ စဉ်းစားပြီး.... ဒါဟာဖြင့် စစ်မှန်ရဲ့လား၊ တကယ့်ပကတိအခြေအနေတွေနဲ့ ကိုက်ညီရဲ့လားဆိုတာကို ဆုံးဖြတ်သုံးသပ်ပေးတဲ့စိတ်ကို ဆိုလိုတယ်။ ဒီလိုစစ်မှန်မှုကိုကြည့်ပြီး စဉ်းစားဆုံးဖြတ်ခြင်းပြုတာဖြစ်လို့ အီဂိုဟာ 'စစ်မှန်မှုစည်းမျဉ်း'ကို လိုက်တယ်လို့ပြောတာပဲ။

ဒါ့အပြင် ဆူပါအီဂို Super-ego ဆိုတဲ့ အစိတ်အပိုင်းက လူ့စိတ်မှာရှိသေးတယ်။ ဆူပါအီဂိုဆိုတာထဲမှာ အမိအဖ ဆရာသမားနဲ့ ဘာသာအယူဝါဒတွေက ဆုံးမသွန်သင်ထားတဲ့ 'အမှန်အမှား' ကိုယ်ကျင့်တရားဆိုင်ရာ နှုန်းစံတွေ၊ လူမှုရေးဆိုင်ရာ 'အကောင်းအဆိုး' တန်ဖိုးဖြတ်ချက်တွေ စုပေါင်းပါဝင်နေတယ်။ ဆူပါအီဂိုက အမှန်အမှား၊ အကောင်းအဆိုးကို ဆုံးဖြတ်ပေးဖို့ ရည်ရွယ်တယ်လို့ ဆိုနိုင်ပါလိမ့်မယ်။



http://www.cherrythitsar.org

ဆိုခဲ့တဲ့ 'အစ်' ရယ်၊ 'အီဂို'ရယ်၊ 'ဆူပါအီဂို'ရယ်ဟာ တစ်ခါတစ်ရံမှာ ညီညီညွတ်ညွတ် အလုပ်လုပ်တတ်ပေမယ့်.... တစ်ခါတစ်ရံမှာတော့ တစ်ခုနဲ့တစ်ခု ပဋိပက္ခတွေဖြစ်တယ်။

ဥပမာ.... ဆိုပါတော့၊ 'အစ်'က သာယာမှုစည်းမျဉ်းကို လိုက်ပြီး သိပ်ကိုချစ်နှစ်သက်ဖွယ်ကောင်းတဲ့ မိန်းကလေးကို အခုပဲ ယူမယ်၊ အခုပဲ အတူတူနေမယ်လို့လုပ်တယ်။ ဒါကို 'အီဂို'က ဆင်ဆင်ခြင်ခြင်နဲ့ ဒီလို မယူနဲ့ ဒီလိုပြုမူခြင်းဟာ မမှန်ဘူးလို့ အစစ်အမှန်စည်းမျဉ်းနဲ့ ဆုံးဖြတ် တယ်။ 'ဆူပါအီဂို' ကလည်း ဘာသာရေးမတူတဲ့အတွက် အခုလို ချက်ချင်း မိန်းကလေးနဲ့ တူတူနေလို့မဖြစ်နိုင်ဘူး၊ မနေသင့်ဘူးလို့ ဟန့်တားတယ်။ အမိန့်ပေးတယ်။

ဒီအခါမှာ လူဟာ လိုချင်တာမရ၊ အတူနေချင်တာ မနေရတော့ စိတ်ထိခိုက်မှုတွေဖြစ်တယ်။ 'အီဂို'က ဆုံးဖြတ်တာတွေ၊ 'ဆူပါအီဂို'က ဟန့်တားအမိန့်ပေးတာတွေက အားကြီးနေတဲ့အခါ လူဟာ စောစောက ရယူချင်တဲ့ဆန္ဒ၊ အတူနေချင်တဲ့ဆန္ဒတွေကို ဖုံးဖိမြိုသိပ်တယ်၊ ဒါပေမဲ့ 'အစ်'ကို အမြဲဖိနှိပ်ဟန့်တားထားလို့ မရဘူး။ 'အစ်'ဟာ ကိုယ်ယောင် ဖျောက်ပြီးပဲဖြစ်ဖြစ်၊ နောက်အသွင် တစ်မျိုးနဲ့ပဲဖြစ်ဖြစ် ထွက်ပေါ်လာ တတ်တယ်။

အမျိုးသမီးကို တပ်မက်နှစ်သက် စွဲလမ်းခြင်းတွေဟာ ကတိတွေ၊ သစ္စာတွေ၊ စွန့်စားခြင်းတွေ၊ ခွင့်လွှတ်ခြင်းတွေ၊ အနစ်နာခံခြင်းတွေ အဖြစ်နဲ့ ပေါ်ထွက်လာတတ်တယ်။ ဒီလို ထွက်ပေါ်လာတာတွေဟာ မေတ္တာရဲ့ ပုံရိပ်တွေတော့မဟုတ်နိုင်ပါဘူး။ အစွဲတဏှာရဲ့ ပုံရိပ်တွေပဲ ဖြစ်ပါလိမ့်မယ်။ ဘာကြောင့်ဆိုတော့ မေတ္တာဆိုတာမှာ တစ်ဦးသောသူကို ပိုင်ဆိုင်ရယူလိုတဲ့ တပ်မက်မွတ်သိပ်မှု ဆိုတာမျိုးမရှိလို့ပဲ။

**အမှတ်(၈၃) အင်တာဗျူးဂျာနယ်**



http://www.cherrythitsar.org



# ညာချင်းဆုံ

လူဟာ အသိဉာဏ်၊ ဆင်ခြင်ဉာဏ်ရှိတဲ့သတ္တဝါဆိုတော့ အင်မတန် ဟန်ဆောင်ကောင်းတယ်။ သေသေသပ်သပ်နဲ့ လိမ်မှန်းမသိအောင်လိမ်နိုင်တဲ့ သတ္တဝါလည်းဖြစ်လာတယ်။

အခုပြောမယ့် လိမ်နည်းနဲ့ 'နေအေးလိမ်နည်း'ဆိုတာ ဘယ်ဟာ က ရှေးကျမလဲဆိုတာတော့ အသေအချာ မသိဘူး။ ဒါပေမယ့်.... သဘောချင်းကတော့ ခပ်ဆင်ဆင်ပါပဲ။ ဒီလိုတဲ့ဗျ။

တစ်ခါက ဘုရင်တစ်ပါးက လိမ်ညာလှည့်ပတ်တဲ့နေရာမှာ အင်မတန်တော်တယ်ဆိုတဲ့သူကို ခေါ်ပြီးတော့၊ ဟဲ့.... သင်.... လိမ်တတ်တယ်ဆိုတာ ဟုတ်သလားလို့မေးတယ်။ 'ဟုတ်ပါတယ်.... အရှင်ဘုရား' လို့ အဲဒီလိမ်တတ်သူကလျှောက်တယ်။ ဒီအခါမှာ ဘုရင်က 'ဒါဆိုရင်.... ငါ့ကိုလိမ်စမ်း....'လို့ ဆိုတယ်။ လိမ်တတ်တဲ့သူက **"အရှင်မင်းကြီးလို ဘုန်းတန်ခိုးကြီး တဲ့ပုဂ္ဂိုလ်တွေကို လိမ်ဖို့ကတော့ မလွယ်ပါဘူးဘုရား။ အရှင်မင်းကြီးလို ဘုန်းကြီးတဲ့ပုဂ္ဂိုလ်တွေကိုတော့ ရိုးရိုးအဝတ်အစားနဲ့ လိမ်လို့မဖြစ်ပါဘုရား။ အရှင်မင်းကြီးဝတ်တဲ့ အဝတ်မျိုး တစ်စုံလောက်**

**ဝတ်ပြီး တော့မှ လိမ်လို့ဖြစ်နိုင်ပါတယ်ဘုရား'**လို့ လျှောက်ထားတော့.... ဘုရင်က မင်းချင်းတွေကိုခေါ်ပြီး 'ဒီကောင်ကို ငါ့ဝတ်တဲ့ အဝတ်မျိုး တစ်စုံပေးလိုက်'လို့ ခိုင်းတယ်။

အဝတ်တစ်စုံရတဲ့အခါမှာ လိမ်တတ်တဲ့သူက 'ယခုချက်ချင်း တော့ မလိမ်နိုင်သေးပါဘုရား၊ ရက်သတ်မှတ်ပြီးတော့မှ လိမ်ပါရစေ ဘုရား'လို့ တောင်းပန်ပြန်တယ်။ 'ကဲ ဒါဖြင့် ဘယ်ရက်မှာလာပြီး လိမ်မလဲ'လို့ ဘုရင်ကမေးတော့ လိမ်မယ့်သူက ဤနေ့ဤရက်မှာ လာပြီး လိမ်ပါ့မယ်လို့ သတ်မှတ်ရက်ပေးတယ်။ ရက်ချိန်းပေးတယ်ပေါ့ဗျာ။

ချိန်းတဲ့နေ့ရောက်တဲ့အခါ လိမ်ရအောင်လာမယ့်သူရဲ့အလာကို ဘုရင်က စောင့်တယ်။ စောင့်ရင်း.... 'ဒီကောင် ငါလိုဘုရင်ကို ဘယ်လို လိမ်နိုင်ပါ့မလဲ'လို့ တွေးနေတယ်တဲ့။

ဒါပေမယ့်.... အဲဒီနေ့တစ်နေ့လုံး လိမ်မယ့်သူက ပေါ်မလာ ဘူး။ ဒါကြောင့် ဘုရင်ဟာ နောက်နေ့လာပြီး လိမ်ရမယ်လို့ အမိန့်ထုတ် လိုက်တယ်။

နောက်နေ့မှာ လိမ်မယ့်သူ ဘုရင့်ရှေ့မှောက်ရောက်လာတယ်။ ဘုရင်က 'ဟဲ့ ချိန်းတဲ့ရက်မှာ ဘာကြောင့် ငါ့ကိုလာပြီး မလိမ်တာလဲ' လို့ မေးတယ်။ ဒီလိုမေးတော့ လိမ်တတ်တဲ့သူက....

'အရှင်မင်းကြီးကို.... ဘုရားကျွန်တော်မျိုး လိမ်ပြီးပါပြီကော ဘုရား'လို့ လျှောက်တယ်၊ ဒါကို ဘုရင်က "ဟာအကောင်၊ နင်ဘယ့်နှယ် လိမ်တာတုန်း" လို့ မေးတော့ လိမ်တတ်သူက....

'ဟိုတစ်နေ့က ကျွန်တော်မျိုးက လိမ်လို့ အရှင်မင်းကြီးဆီက ဝတ်စုံတစ်စုံတောင် ရပြီးပါပြီကောဘုရား'လို့ လျှောက်တယ်။ ဒီတော့မှပဲ အလိမ်ခံရမှန်း ဘုရင်က သိတော့တယ်တဲ့ဗျ။



http://www.cherrythitsar.org

**ယဉ်ကျေးမှုမြင့်မားလာမှုကြောင့်၊ ဆင်ခြင်ဉာဏ်တွေ မြင့်မားလာမှုကြောင့် လူဟာ လိမ်တဲ့ညာတဲ့နေရာမှာတောင် ပိပိရိရိ သေသေသပ်သပ်နဲ့ လိမ်နေမှန်းမသိအောင်ကို လိမ်တတ်တယ်။** သူတစ်ပါးကို လိမ်နေတဲ့အခါမှာ လိမ်နေမှန်းကို လိမ်နေတဲ့သူကတော့ သိတယ်။ အလိမ်ခံရပြီးလို့ ဆုံးရှုံးမှုတွေနဲ့ ကြုံတဲ့အခါ အလိမ်ခံရသူဟာ 'အော်.... ငါအလိမ်ခံရပါပကော'လို့သိတယ်။ ဒီလိုသိတာတွေရှိပေမယ့်.... လူဟာ တစ်ခါတစ်ခါမှာ ကိုယ့်ကိုယ်ကို လိမ်လို့လိမ်မှန်းမသိတာမျိုးတွေရှိတယ်။ ကိုယ့်ဟာကိုယ် အလိမ်ခံနေရမှန်း မသိတာမျိုးပေါ့ဗျာ။

ပြောခဲ့ပါရော.... စိတ်ပညာရှင် ဖရွိုက် အလိုအရ လူရဲ့ ကိုယ်ရည်ကိုယ်သွေးဆိုတာ **အစ်**၊ **အီဂိုနဲ့ ဆူပါအီဂို** တို့ ဖွဲ့စည်းထားတာဖြစ်တယ်။ **အစ်၊ အီဂို၊ ဆူပါအီဂို** တို့မှာ သီးခြားကိုယ်ပိုင်လုပ်ငန်းစဉ်တွေလည်းရှိတယ်။ အချင်းချင်းလည်း တုံ့လှယ်မှုလည်း ရှိတယ်။

အချင်းချင်းညီညွတ်စွာနဲ့ လှုပ်ရှားတုံ့လှယ်နေသမျှတော့ လူဟာ **'စိတ်ပုံမှန်ရှိတဲ့လူ'** ဖြစ်နေမယ်။ မညီညွတ်ရင်တော့ လူဟာ စိတ်ပုံမှန်မရှိတော့ဘူး။ မညီညွတ်ဘဲနဲ့ တစ်ခုခုက လွှမ်းကဲနေရင် (ဥပမာ- ဆူပါအီဂိုက အားကောင်းလွှမ်းကဲနေရင် 'အစ်' နဲ့ 'အီဂို'က အားနည်း နေမယ်။ ဆူပါအီဂို လွှမ်းကဲအားကောင်းနေရင် လူဟာ သတိဝီရိယတွေ လွှမ်းကဲနေတတ်တယ်။ အသေးအဖွဲတွေကို ဂရုစိုက်လွန်းတာများမယ်။ အတွေးခေါင်မယ်၊ စိတ်ရဲ့အလိုကို မလိုက်ဘဲ ထိန်းချုပ်မှုတွေများလွန်းနေမယ်၊ ဒါတွေဟာ ဆူပါအီဂို လွှမ်းကဲတဲ့သဘော ဖြစ်တယ်တဲ့။

**အတ္တ** အားကောင်းလွှမ်းကဲမှုရှိနေတဲ့ သူမှာတော့ ဆင်ခြင်တုံတရားတွေ သုံးလွန်းမယ်၊ ကိုယ့်အကျိုးပဲ ကြည့်လွန်းမယ်၊ လူအများရဲ့၊ သူတစ်ပါးရဲ့ အကျိုးကိုဆောင်ရွက်လိုစိတ်တွေ၊ ကူညီရိုင်းပင်းချင်တဲ့စိတ်တွေ ခေါင်းပါးနေတတ်တယ်။



http://www.cherrythitsar.org

**အစ်** က အားကောင်း လွန်ကဲနေရင်တော့ လူဟာ စဉ်းစား ဆင်ခြင်ဉာဏ်မဲ့မယ်၊ အကြမ်းဖက်မယ်၊ ဒါတွေဖြစ်နိုင်တယ်ပေါ့။ ဒီတော့ အစ်၊ အီဂိုနဲ့ ဆူပါအီဂိုတို့ဟာ ညီညွတ်ဖို့လိုတယ်တဲ့။

**အစ်** က သာယာမှုစည်းမျဉ်းကိုပဲ လိုက်ပြီး သာယာမှုရရေး၊ ဆန္ဒပြီးမြောက်ရေးကိုပဲ ကြည့်တယ်။ လှုပ်ရှားတယ်၊ အစ် Id မှာ အင်မတန် အင်အားပြင်းထန်တဲ့ အစွဲ တဏှာတွေ၊ ဇာတိစိတ်တွေရှိတယ်။ အစ်က ဆန္ဒတဏှာရဲ့ တောင်းဆိုချက်ပြေပျောက်ဖို့ပဲ ကြည့်တာကို Ego နဲ့ Super Ego က လက်မခံဘူး၊ ခွင့်မပြုဘူး၊ ကန့်ကွက်ငြင်းဆိုမှုတွေလုပ် တယ်။ ဒါကို အစ် က အလျှော့မပေးဘူး။ အီဂိုနဲ့ ဆူပါအီဂိုက ငြင်းပယ် ဟန့်တားနေချိန်မှာပဲ ရုပ်ဖျောက်ပြီး ထွက်သွားတတ်တယ်။ ဒီသဘောကို ဖရွိုက်က Psychopathology of Everday Life ဆိုတဲ့ စာအုပ်ထဲမှာ သာဓက တွေ အများကြီး ပြထားတယ်၊ လူသိများတဲ့ သာဓက တစ်ခုကတော့....

မိန်းမပျို တစ်ဦးဟာ သူ့ရဲ့ မကျန်းမမာ ဖြစ်နေတဲ့ ဖခင်အိုကြီးကို ပြုစုဖို့ ရှိနေတဲ့အတွက် သူချစ်နေတဲ့ယောကျာ်းပျိုကို စွန့်လွှတ်လိုက်တယ်။ ဒီလိုစွန့်လွှတ်ပြီး ဖခင်အိုကြီးကို ပြုစုစောင့်ရှောက်နေတယ်။ ဖခင်ကြီးကို ပြုစုစောင့်ရှောက်သာ နေရပေမယ့် ဒီမိန်းမပျိုရဲ့ မသိစိတ်မှာကတော့ ချစ်တဲ့သူနဲ့ မပေါင်းဖော်ရလို့ စိတ်သောကတွေ ဖိစီးနေတယ်။ ချစ်သူနဲ့ ပေါင်းသင်းလိုတဲ့ဆန္ဒတွေ ပြင်းထန်စွာဖြစ်နေတယ်။ ဒီလိုဖြစ်နေတာကို အီဂိုက ဟန့်တားနေတယ်။ ဖခင်ကြီးကို ပြုစုဖို့က ပိုအရေးကြီးတယ်လို့ ဆင်ခြင်ပြပြီး အမျိုးသားနဲ့ပေါင်းဖော်ဖို့ ခွင့်မပြုဘူး။

မကြာခင်မှာ အဲဒီ မိန်းမပျိုမှာ စိတ်ချောက်ချား သွက်ချာပါဒ ရောဂါ (Hysterical Paralysis) ဖြစ်လာတယ်။ တကယ်တော့ မိန်းမပျိုဟာ မကျန်းမမာဖြစ်နေတဲ့ သူ့ဖခင်အိုကြီးကို မပြုစုချင်ဘူး၊ ချစ်သူ ယောကျာ်း နဲ့ပဲ ပေါင်းဖော်ပြီးနေလိုတယ်။ ဒါပေမယ့် အီဂိုနဲ့ ဆူပါအီဂိုတို့က



http://www.cherrythitsar.org

ဖခင်အိုကြီးကိုပဲ ဦးစားပေးရမယ်၊ ဖခင်အိုကြီးကိုသာ ပြုစုရမယ်လို့ ဆင်ခြင်ပြတယ်၊ တိုက်တွန်းတယ်၊ ယောက်ျားကို စွန့်လွှတ်ရမယ်လို့ ပြောတယ်။

ယောက်ျားကို စွန့်လွှတ်လိုက်ရတဲ့အခါမှာ မိန်းမပျိုမှာ ချစ်သော သူနဲ့ မနေရတဲ့ သောကတွေ အကြီးအကျယ် ဖိစီးခံရတယ်။ ချစ်သူ ယောက်ျားနဲ့ကလည်း အမှန်တကယ် ပေါင်းဖော်နေထိုင်ချင်တယ်။ ဒါပေမယ့်.... ဖခင်အိုကြီးကို မပြုစုဘဲ ပစ်ခဲ့ပြီး ချစ်သူယောက်ျားနဲ့ ပေါင်းဖော်နေမယ်ဆိုတာဟာလည်း မဖြစ်နိုင်ဘူး၊ အီဂိုနဲ့ ဆူပါအီဂို ကလည်း ခွင့်လွှတ်မှာမဟုတ်ဘူး။ **ဒီတော့ ဖခင်အိုကြီးကို မပြုစုရ ကောင်းလားဆိုတဲ့ စွဲချက်ကလည်း လွတ်အောင်၊ ဖခင်ကို မပြုစုတာဟာ ချစ်သူယောက်ျားနဲ့ နေချင်လို့ မဟုတ်လားဆိုတဲ့ စွဲချက်ကလည်းလွတ် အောင်....** လုပ်စရာတစ်ခုပဲရှိတယ်။ ဒါက ဘာလဲဆိုတော့.... စောစောကပြောတဲ့ **စိတ်ချောက်ချား** သွက်ချာပါဒရောဂါ ဖြစ်လိုက်ခြင်း ပါပဲ။ တစ်နည်းပြောရရင် စိတ်ချောက်ချား သွက်ချာပါဒ ရောဂါဝေဒနာ ရှင်အဖြစ် 'အစ်'က လှည့်စားပစ်လိုက်တာပဲ။ လိမ်ညာပစ်လိုက်တာပဲ။

အဲဒီလို လှည့်စားတာ၊ လိမ်ညာလိုက်တာကို လူဟာ မသိလိုက် ဘူး။ ကိုယ့်ကိုယ်ကို ညာလို့ညာမှန်းမသိဘူးဖြစ်တယ်။ ဒီလိုပါပဲ၊ **လူတွေ ဟာ.... တဏှာရာဂစိတ်တွေဖြစ်နေတာကိုပဲ မေတ္တာဂရုဏာစိတ်တွေ ဖြစ်နေတာလို့ ကိုယ့်စိတ်က ကိုယ့်ကိုလိမ်၊ လှည့်စား၊ ညာ.... သူများကို လည်း တကယ့်မေတ္တာအကြင်နာတွေနဲ့ ဆက်ဆံပါတယ်လို့ လိမ်မိ၊ ညာမိ၊ သူ့လိုလူတွေကလည်း သူ့ကို သူ့လိုပဲညာ....နဲ့၊** ညာချင်းဆုံ နေကြတဲ့ လူ့ခရီးစဉ်ကြီးပါပဲဗျာ။

**အမှတ်(၈၄) အင်တာဗျူးဂျာနယ်**



http://www.cherrythitsar.org



# စကားလိမ်

မေတ္တာဆိုတာ ပုဂ္ဂိုလ်သတ္တဝါတွေကို အာရုံပြုပြီးဖြစ်တာ မှန်ပေမယ့် ပုဂ္ဂိုလ်ရေး ဘက်လိုက်မှုတော့မရှိဘူး။ ဆင်းရဲသူ၊ ချမ်းသာသူ ပုဂ္ဂိုလ်နှစ်ဦးကိုတွေ့ရင် ဆင်းရဲသူကိုတော့ နဲနဲပဲ ဂရုစိုက်ပြီး ချမ်းသာသူကိုတော့ ပိုပြီးဂရုစိုက်တာမျိုး မေတ္တာမှာ မရှိဘူး။ ဂုဏ်မဲ့သူနဲ့ ဂုဏ်ရှိသူ၊ မကျော်ကြားသူနဲ့ ကျော်ကြားသူ၊ ရာထူးဌာနန္တရ မရှိသူနဲ့ ရာထူးဌာနန္တရရှိသူ စသည် စသည့်ပုဂ္ဂိုလ်တွေအပေါ်မှာလည်း နဲနဲပဲ ဂရုစိုက်တယ်၊ ပိုပြီးဂရုစိုက်တယ်ဆိုတာမျိုး မေတ္တာမှာမရှိဘူး။ သူတို့အပေါ်မှာ ညီမျှတဲ့စိတ်ထားရှိတယ်။

သူ့ကိုတော့ ရုပ်ရည်လှပသူဖြစ်လို့ ပိုချစ်ခင်တယ်။ သူ့ကိုတော့ အရုပ်ဆိုး အကျည်းတန်လို့ မချစ်ခင်ဘူးဆိုတာမျိုးလည်း မေတ္တာမှာ မရှိဘူး။ သူကတော့ ငါ့သားဖြစ်လို့ ပိုချစ်တယ်။ သူကတော့ တခြားသူရဲ့သားသမီးဖြစ်လို့ အချစ်လျော့တယ် ဆိုတာမျိုး.... သူကတော့ ငါ့ဆွေမျိုးမို့လို့၊ ငါ့ဘက်သားဖြစ်လို့ ချစ်ခင်တယ်၊ သူကတော့ တစိမ်းတရံစာဖြစ်လို့....၊ သူ့ဘက်သားဖြစ်နေလို့ မုန်းတီးတယ်ဆိုတာမျိုး မေတ္တာမှာမရှိဘူး။

http://www.cherrythitsar.org

မေတ္တာစိတ်ထားဆိုတာ ပုဂ္ဂိုလ်သတ္တဝါတွေအပေါ်မှာ ဒေါသ မဟုတ်တဲ့စိတ်ထား.... ကောင်းကျိုးလိုလားတဲ့စိတ်ထားကို အညီအမျှ ထားနိုင်တဲ့စိတ်ထားမျိုးကို ဆိုလိုတယ်။

မေတ္တာအကြောင်းကို လူတွေသိပ်ပြောကြတာပဲ။ မေတ္တာ စကားတွေ အရမ်းပြောတတ်ကြတယ်။ လူသတ္တဝါတွေအပေါ်မှာ.... သူတို့ သူတို့တွေအပေါ်မှာ.... မေတ္တာထားပါတယ်လို့ ပြောနေကြတာ ပဲ။ ဒါပေမယ့် သူတို့ပြောနေတဲ့ မေတ္တာ၊ သူတို့ထားနေတဲ့ မေတ္တာဟာ မေတ္တာမဟုတ်ဘဲ အစွဲတဏှာစကားတွေ ဖြစ်နေတယ်။ အစွဲတဏှာနဲ့ တပ်မက်နှစ်သက်နေတာတွေ ဖြစ်နေတယ်။ ပုဂ္ဂိုလ်ရေး ဘက်လိုက်မှုတွေ လည်း ဖြစ်နေတယ်။

ပထမရွှေကျင်ဆရာတော်ကြီး (သက္ကရာဇ် - ၁၁၈၄ မွေးဖွား၊ ၁၂၅၅-ခုနှစ် ကွယ်လွန်) က ဝဋ္ဋနာဒီပနီကျမ်းကို ရေးတယ်။ အဲဒီကျမ်း မှာ ကိုယ့်စိတ်ကို လိမ်ညာလှည့်စားတတ်တဲ့ သဘောတွေကို ဖော်ပြထား တယ်။ ကိုယ့်ကိုယ်ကို လိမ်ညာတတ်ပုံ (၃၇)မျိုးကို ဖော်ပြထားတယ်။ ဒီအကြောင်းတွေကို လူအများအလွယ်တကူနားလည်အောင် ဆရာကြီး ဦးသုခက 'ပထမရွှေကျင်ဆရာတော်ဘုရားကြီး၏ ဝဋ္ဋနာဒီပနီ' ဆိုပြီး စာအုပ်ရေးသားထုတ်ဝေခဲ့တယ်။ အဲဒီစာအုပ်မှာ ဆရာကြီးဦးသုခက 'ကျုပ်တို့က သူများကိုလိမ်နေရင်လည်း ကိုယ့်ဟာကိုယ်တော့ လိမ်နေမှန်း သိကြတယ်။ သူများက ကိုယ့်ကို လာလိမ်ရင်လည်း အလိမ်မပေါ်မီသာ ယုံလိုက်ပြီးတော့ အလိမ်ပေါ်တဲ့တစ်နေ့ အလိမ်ခံရကြောင်း သိရတယ်၊ အဲ.... ကိုယ့်စိတ်ကို ကိုယ်က ပြန်လိမ်နေတာမျိုးကြတော့ တစ်သက်လုံး အလိမ်မပေါ်တော့ဘူး' တဲ့။

တဏှာရာဂဆိုတာက မေတ္တာယောင်ဆောင်ပြီး လူကို လိမ်တယ် တဲ့။ တဏှာရာဂဆိုတဲ့ တပ်မက်နှစ်သက်ချစ်ကြိုက် စွဲလမ်းတဲ့စိတ်နဲ့



http://www.cherrythitsar.org

## ပြောရင်းပြောနေမည့်ချစ်ခြင်းမေတ္တာ

မေတ္တာဟာ အခြေခံအားဖြင့် သိပ်ခြားနားတယ်။ ဒါပေမယ့်.... အဲဒီ ခြားနားနေတာကို လူသတ္တဝါဟာ အတူတူပဲလို့ ထင်မိသွားတယ်။ ဒီလို ထင်မိခြင်းနဲ့အတူပဲ ကိုယ်ချစ်တဲ့သူပေါ်မှာ ထားရှိတဲ့ ချစ်တဲ့စိတ်ဟာ တကယ့်မေတ္တာစိတ်ဖြစ်တယ်လို့ ထင်မိသွားတယ်။ ကိုယ့်ဟာကိုယ် လိမ်ပြီး ကိုယ့်အလိမ် ကိုယ်မိတဲ့အဖြစ်ပါပဲ။

အလိမ်မိမယ်ဆိုလည်း.... မိစရာက ရှိတာကိုး။ ဘာ့ကြောင့် ဆိုတော့.... အင်မတန်လှပတဲ့သူကို ချစ်ကြိုက်စွဲလန်းနေသူဟာ သူ ချစ်တဲ့ သူအတွက်ဆို ကိုယ့်ဘက်က ပေးစရာရှိသမျှ အကုန်ပေးချင်တယ်။ စေတနာတွေပိုတယ်၊ ချစ်တဲ့သူရဲ့အကျိုးကို လိုလားတယ်။ ချစ်တဲ့သူရဲ့ အကျိုးကို သယ်ပိုးဆောင်ရွက်ရမယ်ဆိုရင်လည်း တကယ့်ကို စိတ်ပါ လက်ပါနဲ့ သယ်ပိုးဆောင်ရွက်ချင်တယ်ဆိုတော့ ဒီလိုစိတ်ထားမျိုးဟာ မေတ္တာစိတ်နဲ့ ဆင်ဆင်တူနေတာကိုး။ ဆင်တူတော့ ကိုယ့်ချစ်ခင်မှုဟာ တကယ့်မေတ္တာပဲလို့ ထင်မိတော့တာပေါ့။

တကယ်တော့ သူချစ်တဲ့သူမှာ အလှဂုဏ်ရှိနေလို့.... တပ်မက် နှစ်သက်စွဲလမ်းတဲ့ တဏှာရာဂစိတ်တွေ ဖြစ်နေတာ....။ ကိုယ့်တဏှာ ရာဂ စိတ်က ကိုယ့်ကို လှည့်စားထားမှန်း လူက မသိနိုင်ဘူး ဖြစ်နေတာပဲ။

ဒီတော့ 'မေတ္တာ' လို့ထင်ပြီး ပြောနေသူရဲ့စကားတွေဟာ တကယ်တော့ 'မေတ္တာ'လိမ် မေတ္တာတုစကားတွေ ဖြစ်နေတော့တာပဲ....။ ဒါပေမယ့်.... ဒီစကားမျိုးတွေကို ကျွန်တော်တို့ ပုထုဇဉ် လူသတ္တဝါတွေ ဟာ နှစ်သက်ကြပါတယ်။

**အမှတ်(၈၅) အင်တာဗျူးဂျာနယ်**



http://www.cherrythitsar.org



http://www.cherrythitsar.org

# မျက်ရည်ပင်လယ်

ချစ်တယ်လို့ပြောလာရင် အပြောခံရသူဟာ နှစ်သက်သာယာ တတ်တယ်။ ဟုတ်တယ်လေ။ 'မုန်းတယ်'လို့ ပြောလာတာထက် 'ချစ်တယ်' လို့ ပြောလာတာကို ပိုပြီးနှစ်သက်မှာပဲ။ 'ချစ်တယ်' ဆိုရာမှာလည်း သူ့ဆို သူ့မှ ချစ်တာကိုနှစ်သက်တယ်။

သံသရာတစ်လျှောက်လုံး မမုန်းတမ်း ချစ်မယ်လို့ပြောတာကို အပြောခံရသူဟာ နှစ်သက်တယ်။ သံသရာအဆက်ဆက် မခွဲတမ်း ပေါင်းရပါစေသားလို့ ဘုရားရှေ့မှာ ဆုပန်ပြသူကို နံဘေးက ချစ်သူက သဘောကျတယ်။ သိပ်ချစ်တော့ ဘဝတိုင်းဆုံတွေ့ချင်တယ်။ ကြက်ဖြစ် ရင်တောင်၊ ငှက်ဖြစ်ရင်တောင် တစ်ကိုင်းတည်း နားချင်ပါတယ်လို့ ပြော လာတာကို အပြောခံရသူက နှစ်သက်တယ်၊ ပြောသူရဲ့ တကယ့်ရင်ထဲ မှာ ကြက်ဖြစ်တာ၊ ငှက်ဖြစ်တာကို ကြိုက်ချင်မှတော့ ကြိုက်မယ်ပေါ့။

မေတ္တာက အညီအမျှသဘောရှိပေမယ့် အချစ်ကတော့ ပုဂ္ဂလိကဆန်တယ်။ ဘက်လိုက်မှုရှိတယ်။ ငါ့ကိုသာပဲ ချစ်စေချင်တယ်။ သူ့ကို သွားမချစ်စေချင်ဘူး။ အသက်နဲ့ထပ်တူ ချစ်ပါတယ်ပြောမှ အပြော

ခံရတဲ့သူက နှစ်သက်တယ်၊ ဘုရားသခင်ထံ တိုင်တည်ပြီး ပြောချင်ပါကြောင်း၊ ရင်ထဲမှာ သူ့ဆို သူ့ကိုသာ တစ်ယောက်တည်း ချစ်ခဲ့ဖူးပါကြောင်း၊ သူကလွဲပြီး ဘယ်သူ့ကိုမှ ချစ်လို့မရတော့တဲ့အကြောင်း ပြောမှ နားဝင်ချိုတယ်၊ နှစ်သက်တယ်၊ ပုထုဇဉ်တွေရဲ့အချစ်က.... သူကလွဲရင် ဘယ်သူ့ကိုမှ မချစ်နိုင်ပါဘူး ပြောနေပေမယ့်.... သူ့ထက်အလှတွေ၊ အလိမ္မာတွေ၊ စွဲငြိဖွယ်တွေ ကောင်းတဲ့သူကို တွေ့ပြန်တော့လည်း ချစ်လို့ ဖြစ်သွားပြန်တာပဲ။

ချစ်တဲ့သူအတွက်ဆို အသွေး၊ အသား၊ အသည်းနှလုံး ယူချင်ရာကိုယူ၊ ကြည်ကြည်ဖြူဖြူ ပေးချင်ပါတယ် ပြောတာမျိုးကိုကြိုက်တယ်၊ နှစ်သက်တယ်၊ သူများကိုလည်း ပေးမယ်လို့ ထည့်ပြောရင်တော့ မကြိုက်နိုင်ဘူး၊ အချစ်ဆိုတဲ့စိတ်က သူ့ဆိုသူ့မှချစ်ရမယ်၊ ကြည်ဖြူရမယ်၊ သူ့ကိုပဲ ပေးရမယ်ဆိုတဲ့ ဘက်လိုက်မှု၊ အတ္တစွဲ ကြီးမှု ရှိတယ်။ မေတ္တာစိတ်နဲ့ ပြောင်းပြန်ပဲ။ မြင့်မိုရ်တောင်ကြီး ကွဲအက်ကြေမွချင် ကြေမွမယ်။ ဒါပေမယ့် သူ့အပေါ်မှာ ချစ်တဲ့အချစ်ကတော့ မကွဲမအက်၊ မပျက်မကြေ ဘဲ ခိုင်မြဲပါတယ်လို့ ပြောလာတာကို ကြိုက်တယ်၊ ပင်လယ်တွေအားလုံးက ရေတွေ ဖိတ်စင်ခမ်းခြောက်ချင် ခမ်းခြောက်မယ်၊ သူ့အချစ်ကတော့ မခမ်းခြောက်ပါဘူးလို့ ပြောတာမျိုးကိုပဲ နှစ်သက်တယ်၊ မဟုတ်မှန်းသိပေမယ့် နားထောင်ကောင်းကောင်းနဲ့ နားထောင်နေတာမျိုးလည်း ရှိလိမ့်မယ်။ သံသရာဆုံးတိုင် မမုန်းနိုင်ပါဘူးဆိုတာတို့၊ သံသရာရှည်စမ်းပါစေ၊ သူနဲ့သာဆိုရင် မငြိုမငြင်လျှောက်ချင်ပါတယ်လို့ ပြောတာတွေကို အပြောခံရသူက ကြိုက်တယ်။

ဒီလိုနဲ့ပဲ မိန်းမနဲ့ယောကျ်ား ချစ်ကြ၊ ကြိုက်ကြ၊ အိမ်ထောင်ပြုကြ၊ အတူနေကြတယ်၊ သားတွေသမီးတွေ ရလာတော့လည်း ဒီသား ဒီသမီးတွေကို ချစ်တယ်။ သားတွေ သမီးတွေကလည်း ကိုယ့်အဖေ ကိုယ့်



http://www.cherrythitsar.org

အမေကို ချစ်တယ်။ ဆက်ပြီး သားတွေ သမီးတွေက တခြားသူတွေကို ချစ်ကြ ကြိုက်ကြပြန်တယ်၊ အိမ်ထောင်ပြုကြပြန်တယ်။ ဒါနဲ့.... ချစ်စရာ လူတွေ တိုးပွား၊ များပြား။

ချစ်ကြသူတွေမှာ အချစ်တွေရှိနေတော့ ကြည်နူးကြတယ်၊ ကျေနပ်ကြတယ်၊ ပီတိဖြစ်ကြတယ်၊ ပြုံးစရာပျော်စရာတွေနဲ့ လူ့ဘဝကြီး ဟာ ပျော်စရာကြီးဖြစ်နေတယ်။ အချစ်တွေကြောင့် မျှော်လင့်ချက်တွေ၊ အားမာန်သတ္တိတွေ ရှိနေကြတယ်။ ဘဝမှာနေရတာ အဓိပ္ပာယ်တွေ ရှိနေ တယ်။

ဒါပေမယ့်.... လူ့လောကဇာတ်ခုံကြီးပေါ်က ချစ်ကြသူတွေရဲ့ တကယ့်ဇာတ်သိမ်းက ကြည်နူးကြည်သာစရာဆိုလို့ မရှိသလောက်ပါပဲ။ ဝတ္ထုတွေ၊ ပြဇာတ်တွေ၊ ရုပ်ရှင်တွေထဲမှာ ချစ်ကြသူတွေရဲ့ ဇာတ်သိမ်းကို ပျော်မြူးစရာဇာတ်သိမ်း Comedy အဖြစ်တွေ့ရပေမယ့်.... တကယ့် ဘဝက ချစ်သူတွေရဲ့ဇာတ်သိမ်းတွေကတော့ အနိဋ္ဌာရုံတွေနဲ့ ရင်မော စိတ်ပျက်ဖွယ်ဇာတ်သိမ်း Tragedy တွေဖြစ်နေတယ်၊ ချစ်တဲ့သူတွေဟာ မခွဲမခွာချင်ပေမယ့် နောက်ဆုံးမှာ 'သေခြင်း'ဆိုတာနဲ့ ခွဲကြရတယ်။ သိပ်ကိုချစ်ကြလေ.... ခွဲရတဲ့အခါ သိပ်ကိုဒုက္ခရောက်လေ.... အခံရ ခက်လေဖြစ်တယ်၊ ရင်ဘက်စည်တီး ရှိုက်ကြီးတငင်နဲ့ ငိုကြွေးရင်း မျက်ရည်ပေါက် ကြီးငယ် ကျရတယ်။ ကိုယ်ချစ်တဲ့သူ အိုတာကို.... မကြည့်ရက်လွန်းလို့ 'ငါပဲ အိုပေးပါ့မယ်' ဆိုပြီး ကိုယ့်ချစ်သူနေရာမှာ ဝင်ပြီး အိုပေးလို့မရဘူး။ ကိုယ်ချစ်တဲ့သူ ရောဂါဝေဒနာတွေနဲ့ မချိတင်ကဲ ခံစားနေတာကို မကြည့်ရက်လွန်းလို့.... 'ငါပဲ ရောဂါဝေဒနာတွေကို ခံစားပေးပါ့မယ်'လို့ ကိုယ်ချစ်တဲ့သူ နေရာမှာ အစားဝင်ပြီး ခံစားကူညီ ပေးလို့လည်းမရဘူး။ ကိုယ်ချစ်တဲ့သူ သေလွန်ပြီး ကိုယ့်ကို ခွဲသွားတာကို မခံနိုင်လွန်းလို့ 'ငါပဲ သေပေးပါ့မယ်'လို့ အစားဝင်ပြီး ကူညီကယ်တင်လို့




http://www.cherrythitsar.org

လည်းမရဘူး။ တကယ့်ဘဝက ချစ်ကြလွန်းသူတွေရဲ့ ဘဝဇာတ်သိမ်းဟာ ကြေကွဲစရာကြီးပါ။ ကြေကွဲစရာတွေကို မဖြေသိမ့်နိုင်လို့ သံသရာ တလျှောက်လုံးမှာ ဘဝတိုင်း ငိုရလို့ ကျခဲ့ရတဲ့မျက်ရည်တွေဟာ.... စုပေါင်းလို့သာရမယ်ဆိုရင်.... ပင်လယ်သမုဒ္ဒရာကြီးတွေထဲက ရေတွေ ထက်တောင်များတယ်တဲ့၊ ချစ်ခြင်းကြောင့်ဖြစ်ခဲ့.... များခဲ့ရတဲ့ မျက်ရည်ပင်လယ်၊ မျက်ရည်သမုဒ္ဒရာ.... နက်ရှိုင်းကျယ်ဝန်းလှ ပါတယ်....

**အမှတ်(၈၇) အင်တာဗျူးဂျာနယ်**



http://www.cherrythitsar.org



# တူတူလျှောက်

ဝဍ္ဍနာဒီပနီမှာ တဏှာရာဂက မေတ္တာယောင်ဆောင်ပြီး လိမ်တယ်။ စိုးရိမ်ပူပန်ခြင်းဆိုတဲ့ 'သောက'က ကြင်နာသနားခြင်းဆိုတဲ့ ဂရုဏာစိတ်လိုလို ဟန်ဆောင်လှည့်ပတ်လိမ်ညာတယ်လို့ ဖော်ပြထားတာ ရှိတယ်။ တချို့စိတ်ပညာရှင်တွေကတော့ စိုးမိုးလိုတဲ့စိတ် Self-assetive propensity နဲ့ တိမ်းညွတ်လွယ်တဲ့စိတ် Submissive propensity က မေတ္တာယောင်ယောင်နဲ့ ဟန်ဆောင်လိမ်ညာတတ်တယ်လို့ ဆိုကြတယ်။

လူတွေနဲ့ဆက်ဆံတဲ့အခါမှာ အဲဒီစိတ်နှစ်မျိုးဟာ သိပ်ကိုသိသာထင်ရှားတယ်။ စိုးမိုးလိုတဲ့စိတ်နဲ့ အနီးကပ်ဆုံး နှီးနွှယ်ဆက်စပ်နေတဲ့စိတ်ကတော့ ထင်ပေါ်ချင်တဲ့၊ ကျော်ကြားချင်တဲ့စိတ်ဖြစ်လိမ့်မယ်။ ဒီထင်ပေါ်ကျော်ကြားချင်တဲ့ စိတ်ဟာ တဏှာရာဂဆိုတဲ့ အချစ်စိတ်နဲ့လည်း ဆက်စပ်နေတယ်။ ဥပမာ- လူပျိုပေါက် အပျိုပေါက်အရွယ်မှာ လုလင်ပျိုက သူ့ရဲ့လက်ရုံးရည်၊ နှလုံးရည်ကို ပြချင်တယ်၊ လုံမပျိုက သူ့ရဲ့အလှအပနဲ့ ကျော့ရှင်းမှုကိုပြချင်တယ်၊ တစ်ဖက်လူ အာရုံစိုက်လောက်တဲ့ အဝတ်အစားကို ဝတ်ဆင်ပြချင်တယ်။

ထင်ပေါ်လိုတဲ့စိတ်ရဲ့ ထွက်ပေါက်ဟာ သူတစ်ပါးကို စိုးမိုးခြင်း ဖြစ်တယ်။ လူအများအပေါ် ဆရာလုပ်တာ၊ အာဏာပြတာ၊ အနိုင်ကျင့်တာ၊ ပိုင်စိုးပိုင်နင်းလုပ်တာတွေဟာ စိုးမိုးလိုမှုနဲ့ဆက်စပ်နေတဲ့ သဘောတွေဖြစ်လိမ့်မယ်။ စိတ်ပညာရှင် အယ်လ်ဖရက်အက်ဒလာ Alfred Adler က 'စိုးမိုးလိုတဲ့စိတ်ဟာ သက်ဆိုင်ရာ ပုဂ္ဂိုလ်ရဲ့အားနည်းချက်ကနေ ဖြစ်လာတာ' လို့ ပြောတယ်။ ကိုယ့်ဘဝရဲ့အားနည်းချို့ယွင်းချက်တွေကို ဖုံးကွယ်ဖို့ လူမှာ စိုးမိုးချင်စိတ်ဖြစ်လာတာပဲ။

ထင်ပေါ်ချင်တဲ့စိတ်ကြောင့်ပဲ လူဟာ တစ်ခြားသူတွေကို ဦးဆောင်မှုပြုတယ်။ ရှေ့ကနေပြီး အပင်ပန်းခံပြီး တစ်ခြားသူတွေ အတွက် လုပ်ကိုင်ဆောင်ရွက်ပေးစရာရှိတာတွေကို လုပ်ကိုင်ဆောင်ရွက် ပေးတယ်၊ ဒီလိုလုပ်ပေးခြင်းအားဖြင့် လူတွေအပေါ် စိုးမိုးမှုရတယ်။ ဒီလို အပင်ပန်းအဆင်းရဲခံပြီး လူအများအတွက် လုပ်ကိုင်ဆောင်ရွက် နေတာဟာပဲ လူတွေကို မေတ္တာနဲ့လုပ်ပေးနေတာလို့ ထင်တယ်။ လူတွေ အတွက် ကြောင့်ကြစိုက်ပြီး လုပ်ပေးနေတာကိုပဲ အကြင်နာဂရုဏာတွေနဲ့ လုပ်ပေးနေတယ်လို့ထင်တယ်။ အမှန်ကတော့ ထင်ပေါ်ချင်တဲ့စိတ်က လှည့်စားလိုက်တာတဲ့။

ထို့နည်းအတူပဲ တိမ်းညွတ်လွယ်တဲ့စိတ် Submissve propensity ကလည်း မေတ္တာ၊ အကြင်နာတွေအဖြစ် လှည့်စားတတ်တယ်။ တိမ်းညွတ်လွယ်တဲ့စိတ်ရှိတော့ ရှေ့က ဦးဆောင်သူနောက်ကို မငြိုမငြင် လိုက်တတ်တယ်။ တိမ်းညွတ်လွယ်တဲ့စိတ်ရှိတဲ့အတွက် လူတွေအပေါ်မှာ သိမ်သိမ်မွေ့မွေ့ ကြင်ကြင်နာနာလည်း ဆက်ဆံတတ်တယ်၊ တစ်ဖက်သားအလိုကျ လိုက်လိုက်လျောလျော ပြုမူတယ်။ ဒီလိုလုပ်တာဟာပဲ မေတ္တာ၊ အကြင်နာစိတ်တွေနဲ့ လုပ်နေတာလို့ အလှည့်စားခံရတယ်။ အမှန်က တိမ်းညွတ်လွယ်တဲ့စိတ်ကနေပြီး ခွန်အားနည်းတဲ့စိတ် ဖြစ်သွားတာပဲ။ ခွန်အားနည်း



http://www.cherrythitsar.org

တဲ့အတွက်ကြောင့် သူများနောက်က ခိုပြီးလိုက်ချင်တဲ့ စိတ်တွေ ဆက်ဖြစ်သွားတယ်။ အိမ်ထောင်တစ်ခုမှာလည်း ရှေ့ကယောက်ျားက ဦးဆောင်ပြီး စီးပွားရှာတာ၊ အလုပ်အကိုင်တွေကို လုပ်ကိုင်ဆောင်ရွက်တာနောက်ကို ဇနီးမယားက ဖြောင့်ဖြောင့်လိုက်တာ၊ 'မောင် ရှေ့ကိုတည့်တည့် လျှောက်ရင်လေ.... မေလည်း တည့်တည့်လိုက်ကာလျှောက်မယ်....' လို့ ပြောတာဟာ တကယ်ချစ်လို့ပြောတာ ဟုတ်ချင်မှဟုတ်မယ်၊ တိမ်းညွတ်လွယ်စိတ်ကြောင့် ကျိုးကျိုးနွံနွံနဲ့ အောင်မြင်နေသူယောက်ျားရဲ့နောက်က သက်သာရာရှာတဲ့အနေနဲ့ ခိုလိုက်နေတာ ဖြစ်ချင်ဖြစ်မယ်။

ပြင်သစ်စာရေးဆရာ အယ်လ်ဘတ်ကာမြူး Albert Camus က ရေးဖူးတယ်။

**ငါ့ရှေ့က....ဦးဆောင်မသွားနဲ့**
**နောက်က....ငါမလိုက်ဘူး။**
**ငါ့နောက်က....**
**လိုက်လာတာမျိုးမလုပ်နဲ့**
**ငါဦးမဆောင်နိုင်ဘူး။**
**ငါ့ရဲ့နဘေးက....**
**လျှောက်ပါ။**
**ဒါဆိုမင်းဟာ ငါ့ရဲ့မိတ်ကောင်းဆွေကောင်းပေါ့။**

အခုပြောတဲ့ သဘောမျိုးပေါ့ဗျာ၊ ရေးဖူးတယ်။ ထင်ပေါ်ချင်စိတ်နဲ့ ဦးဆောင်သူ၊ မေတ္တာလိုလိုနဲ့ တကယ်က စိုးမိုးလိုစိတ်နဲ့ ရှေ့ကသွားသူနောက်က မလိုက်ဘူးတဲ့၊ ပြီးတော့ တိမ်းညွတ်လွယ်စိတ်ကိုပဲ မေတ္တာအကြောင်နာယောင်ယောင်နဲ့ တာဝန်မယူချင်လို့ နောက်က ခိုလိုက်လာချင်သူမျိုး၊ တိမ်းညွတ်လွယ်စိတ်နဲ့ မှီတွယ်လိုက်တတ်သူမျိုးကိုလည်း ဦးဆောင်




http://www.cherrythitsar.org

ပြီး ခေါ်မသွားချင်ဘူး။ ဘဝမှာ.... ဆင်းရဲလည်းတူတူ၊ ချမ်းသာလည်း တူတူ အေးအတူပူအမျှနေမယ်၊ ဒုက္ခ အန္တရာယ်တွေရှိလာရင်လည်း အတူတူ ရင်ဆိုင်ကျော်လွှားမယ်ဆိုတဲ့စိတ်နဲ့ ငါ့ဘေးက တူတူလျှောက် မယ်ဆိုရင်တော့ လာပါ၊ မိတ်ကောင်းဆွေကောင်း ချစ်သူကောင်းလို့ ယူဆပြီး ခရီးဆက်မယ်လို့ ဆိုလိုတဲ့သဘောပေါ့ဗျာ။

**အမှတ်(၈၈) အင်တာဗျူးကျွာနယ်**



http://www.cherrythitsar.org



# ပိုင်တယ်လို့ ထင်

ပြင်သစ် ဒဿနစာရေးဆရာ ယန်းပေါလ်ဆာ့ထ်က ပြောဖူး တယ်။ *ချစ်ခြင်းအားလုံးရဲ့နောက်မှာ အစွန်းအမွှေးပိုင်ဆိုင်ချင်တယ်ဆိုတဲ့ ဆန္ဒရှိနေတယ်။* Behind all Love is the impulse for possession တဲ့။

ယောက်ျားက မိန်းမကို၊ မိန်းမက ယောက်ျားကို သိပ်ချစ်လေ၊ သိပ်ပိုင်ဆိုင်ချင်လေဖြစ်တယ်။ သိပ်ချစ်တော့ ကိုယ်ချစ်တဲ့သူကို အကုန်ပိုင်ချင်တယ်။ သူ့ခန္ဓာကိုယ်ကိုသာမက သူ့စကား၊ သူ့အကြည့်၊ သူ့စိတ်.... အကုန်....အကုန်ကို ပိုင်ချင်တယ်။ သူချစ်တဲ့သူကို သူများက လာထိ တာ၊ တို့တာကို မဆိုထားနဲ့ သူများကကြည့်တာကိုတောင် မခံနိုင်ဘူး။ သူပိုင်တဲ့ သူ့ချစ်သူဟာ သူနဲ့သာဆိုင်ရမယ်။ သူနဲ့သာ ပတ်သက်ရမယ်။ အဲသည် လောက် အဖြစ်သည်းတယ်။

အဲသည်လောက်အဖြစ်သည်းနေတော့ သူ့အချစ်က တကယ့် အချစ်....၊ ရောမအချစ်ကြီးလို့ ထင်နေရတယ်။ သူပိုင်လိုတဲ့ သူ့ချစ်သူကို လာပြီး မထိပါးမစော်ကားနဲ့။ ဒီလိုများ ထိပါးစော်ကားလာရင် အသက် ချင်းလဲလိုက်မယ်.... အသက်နဲ့လဲပြီး ခုခံတိုက်ခိုက်လိုက်မယ် ဆိုတာမျိုး

အထိ အချစ်ကြီးတယ်။

ဒီလိုအချစ် ကြီးပြတာကို အချစ်ခံရသူ.... အပိုင်ခံရသူကလည်း သဘောကျတယ်၊ နှစ်သက်တယ်၊ ပီတိတွေတောင်ဖြာနေတယ်။ သူ.... ငါ့ကို အင်မတန်.... အလွန်တရာချစ်ပါပေတယ်....ပေါ့။ ငါ့ဘဝတစ်ခု လုံးကို တာဝန်ယူစောင့်ရှောက်ပေးမယ့် မေတ္တာရှင်ကြီးအဖြစ် မြင်ယောင်ပြီး ဝမ်းမြောက်ဝမ်းသာခြင်းတွေ ရင်ထဲမှာ လှိုင်းခတ်နေမှာပါပဲ။

ကဗျာဆရာတွေ၊ ဒဿနဆရာတွေဟာ 'ချစ်ခြင်း' ဆိုတာကို စကားလုံးအလှဆုံးတွေ၊ အကြီးအကျယ်ဆုံးစကားလုံးတွေ သုံးပြီးရေးဖွဲ့ကြ၊ အဓိပ္ပာယ်ဖွင့်ကြတယ်။ ယန်းပေါလ်ဆာ့ထ်ကတော့ 'ချစ်ခြင်း'ဆိုတာကို ဖော်ပြဖို့ Sadism ဆိုတဲ့ စကားလုံးကိုယူသုံးတယ်။ Sadism ရဲ့သဘောကို ဆာ့ထ်က ***'တစ်ဦးကတစ်ဦးကို ချစ်တယ်ဆိုတာ တစ်ဦးက တစ်ဦးကိုပိုင်ဆိုင်ဖို့၊ တစ်ဦးကတစ်ဦးကို ကျွန်အဖြစ်ရောက်စေဖို့ ကြိုးစား နေခြင်းသာဖြစ်တယ်'*** လို့ ဖွင့်ဆိုသုံးနှုန်းတယ်။

တစ်ဦးကတစ်ဦးကို သိပ်ချစ်တာဟာ သိပ်ကိုပိုင်ချင်တဲ့စိတ်မျိုး ကို ဆိုလိုတယ်၊ သိပ်ပိုင်တော့ အပိုင်ခံရသူဟာ ပိုင်သူရဲ့အလိုကျ ပြုမူနိုင်၊ ခိုင်းနိုင်တဲ့ 'ကျွန်'အဖြစ် ရောက်သွားတယ်။ 'ကျွန်'ဆိုတာ သူ့စိတ်နဲ့သူ့ကိုယ် လွတ်လပ်စွာဖြစ်တည်ရတဲ့ ဘဝမဟုတ်တော့ဘဲ သူတစ်ပါးရဲ့ ပြုသမျှ ခံရတဲ့အရာဝတ္ထု Object or thing အဖြစ်နဲ့ ရပ်တည်ဖြစ်တည် နေရတဲ့ အဖြစ်မျိုးကိုရောက်သွားတယ်။ ဒါကြောင့် ချစ်ခြင်းဆိုတာ အချစ်ခံရသူကို ထိခိုက်နစ်နာစေတဲ့သဘော ဖြစ်တယ်ဆိုတဲ့အနေနဲ့ ဆာ့ထ်က Sadism ဆိုတဲ့စကားကို ယူသုံးတာဖြစ်လိမ့်မယ်။

ဒါပေမယ့်.... အချစ်ခံရသူကလည်း အဲဒီလို အချစ်ခံရတာ အပိုင်ခံရတာကိုပဲ (ပြောခဲ့တဲ့အတိုင်း) နှစ်သက်သဘောကျတတ်တယ်။ အပိုင်ခံရလို့ သူ့ဘက်က နစ်နာတယ်လို့မထင်ဘူး။ လွတ်လပ်မှု ဆုံးပါး



http://www.cherrythitsar.org

သွားတယ်လို့လည်း မထင်ဘူး။ အဲဒီလို အပိုင်ခံရတာကို နှစ်သက် ကျေနပ်နေတဲ့ စိတ်မျိုးကို Masochism ဖြစ်တယ်လို့ ဆာ့ထ်က သုံးနှုန်းတယ်။

(Sadism, Masochism ဆိုတဲ့စကားလုံးတွေဟာ သူတစ်ပါးကို ဒါမှမဟုတ် မိမိကိုယ်ကို နာကျင်စေပြီးမှ ကာမဂုဏ်ဆိုင်ရာ အလိုပြည့်မှုဖြစ်တတ်တဲ့အကြောင်းတွေကို ရေးသားတဲ့ စာရေးဆရာနှစ်ဦးရဲ့ နာမည်တွေကို အစွဲပြုပြီး ဖြစ်ပေါ်လာတာပါပဲ။)

ဒီမှာပြောချင်တာကတော့ ချစ်တယ်ဆိုတာ ပိုင်ချင်တာ၊ ဒါမှမဟုတ် အပိုင်ခံချင်တာဖြစ်တယ်၊ **မေတ္တာဆိုတာကတော့ ပိုင်ချင်ဆိုင်ချင် အနိုင်ယူချင်တာလည်းမဟုတ်ဘူး၊ အပိုင်ခံချင် အနိုင်ခံချင်တာလည်း မဟုတ်ဘူး၊ သူတစ်ပါးရဲ့လွတ်လပ်မှုကိုရော မိမိရဲ့လွတ်လပ်မှုကိုပါ ဖျက်ဆီးချင်တဲ့.... ပျက်စီးစေချင်တဲ့ စိတ်မျိုးလည်းမဟုတ်ဘူးလို့ ပြောချင်တာပါ။**

**လောကမှာရှိ လူသတ္တဝါတွေအားလုံးဟာ**
**ကိုယ့်အကျိုးအတွက်သာ သူတစ်ပါးကို ချစ်တာပါ။**


**(သဗ္ဗော စာယံ လောကော အတ္တဒတ္ထောဧဝ ပရံ ပိယာယတိ။)**

**[ဥဓါန်း၊ ဋ္ဌ၊ ၂၄၉]**

**အမှတ်(၈၉) အင်တာဗျူးကျာနယ်**



http://www.cherrythitsar.org



## မိမိသူတစ်ပါးအကျိုးများဖို့

▲

ဂေါတမမြတ်စွာဘုရားဟာ သားတော်ရာဟုလာနဲ့ ဒေဝဒတ်ကို အညီအမျှ မေတ္တာထားနိုင်တော်မူတယ်တဲ့ဗျာ။ ကြည်ညိုလို့မဆုံးပါဘူး။ ဒေဝဒတ်ဟာ ဂေါတမဗုဒ္ဓကို အခွင့်သာတိုင်း သတ်ဖို့ကြိုးစားခဲ့တဲ့သူ မဟုတ်လား။ ကိုယ့်ကိုသတ်တဲ့သူကိုတောင် သားတော်နဲ့ တစ်တန်းစား တည်း အညီအမျှမေတ္တာထားနိုင်တယ်ဆိုတော့ ကျွန်တော်တို့ သာမန်လူ တွေအတွက် သိပ်အံ့သြစရာကောင်းပြန်တယ်။

▲ ▲

လှုပတင့်တယ်သူနဲ့ အကျည်းတန်အရုပ်ဆိုးသူကို အညီအမျှထား ပြီး ချစ်ခင်ဖို့ခက်တယ်။ ဂုဏ်ရှိသူနဲ့ ဂုဏ်မဲ့သူ၊ ချမ်းသာသူနဲ့ဆင်းရဲသူ ကို အညီအမျှထားပြီး ချစ်ခင်ဖို့လည်းခက်တယ်။ ကိုယ့်ဘက်သားနဲ့ သူ့ ဘက်သားကို အညီအမျှချစ်ခင်ဖို့လည်း ခက်တယ်။ ကိုယ့်သားသမီးနဲ့ သူတစ်ပါးရဲ့သားသမီးကို အညီအမျှထားပြီးချစ်ဖို့လည်း ခက်တယ်။ တကယ့်မေတ္တာစိတ်ကတော့ အညီအမျှချစ်ခင်တယ်။

http://www.cherrythitsar.org

ကိုယ့်ကိုချစ်တဲ့သူနဲ့ ကိုယ့်ကိုမုန်းတဲ့သူကို အညီအမျှထားပြီး ချစ်ဖို့က ပိုခက်မယ်။ ချစ်သူနဲ့ရန်သူကို အညီအမျှထားပြီး ချစ်ခင်ဖို့ ပိုခက်မယ်။ တကယ့်မေတ္တာကတော့ ချစ်သူနဲ့ရန်သူကို အညီအမျှထားပြီး ချစ်ခင်နိုင်တယ်တဲ့။

ဒါကြောင့် မေတ္တာဆိုသည်မှာ.... ပုဂ္ဂိုလ်သတ္တဝါတွေအပေါ် အကျိုးလိုလားတဲ့စိတ်ကို အညီအမျှထားနိုင်ခြင်းဖြစ်တယ်လို့ ဖွင့်ဆိုချက် Definition ပြုကြတာဖြစ်လိမ့်မယ်။ Symposium ဆင်ပိုဆီယမ်မှာ ဆော့ခရတ္တိဖွင့်ဆိုတဲ့မေတ္တာမှာတော့ အကျိုးလိုလားတာ၊ ချစ်တာခင်တာ ဆိုတာတွေကို မထည့်တော့ဘဲနဲ့ 'စိတ်ကို သတ္တဝါတို့အပေါ် ညီညွတ်စွာ ထားနိုင်ခြင်းဖြစ်တယ်'လို့ ဖွင့်ဆိုချင်ဟန်တူပါတယ်။

လှပသူနဲ့ အရုပ်ဆိုးသူ၊ ချစ်သူနဲ့ရန်သူ.... သူတို့ သူတို့အပေါ် မှာ အညီအမျှမေတ္တာထားဖို့ဆိုတာ ခက်မှခက်၊ ခက်ပြီးရင်းခက်ပါတယ်။ ဒါကြောင့် မေတ္တာထားနိုင်ဖို့အရေးကို.... အင်မတန်ကြိုးစားရတယ်။ ဗုဒ္ဓစာပေတွေမှာ မေတ္တာထားနိုင်သူဟာ တကယ့်ကို 'စွမ်းနိုင်သူ' ဖြစ်ရမယ်တဲ့၊ အဲဒီလူမှာ ယုံကြည်ချက်လည်းရှိရမယ်၊ ကျန်းမာသူလည်း ဖြစ်ရမယ်။ မပျင်းရိသူ၊ လုံ့လရှိသူလည်း ဖြစ်ရမယ်။ ဉာဏ်ပညာရှိသူလည်း ဖြစ်ရမယ်။ စိတ်ထားဖြောင့်မတ်သူလည်း ဖြစ်ရမယ်တဲ့။ မလွယ်လှဘူး။

စိတ်ထားဖြောင့်မတ်ရမယ်ဆိုတာနဲ့ပတ်သတ်ပြီး ဗုဒ္ဓစာပေတွေ မှာပြောပုံက.... 'စိတ်ထားဖြောင့်မတ်သည်လည်း ဖြစ်ရာ၏။ အလွန် စိတ်ထားဖြောင့်မတ်သည်လည်း ဖြစ်ရာ၏'တဲ့။ ဖြောင့်ရုံတင်မကဘူး။ အလွန့်အလွန်ကိုဖြောင့်ရမယ်တဲ့။ ဆိုလိုတာက ကိုယ်အားဖြင့်၊ နှုတ်အား ဖြင့် ကောက်ကျစ်ယုတ်မာမှုကင်းရင်.... ဒါကို ဖြောင့်မတ်တယ်လို့ ဆိုလိုတယ်။ စိတ်အားဖြင့် ကောက်ကျစ်မှုကင်းရင်.... ဒါကို အလွန့်



http://www.cherrythitsar.org

အလွန်ကို ဖြောင့်မတ်တယ်လို့ ဆိုလိုတယ်။ ဟုတ်တယ်။ အထိန်းရ အသိမ်းရခက်တဲ့စိတ်ကို မကောက်ကျစ် မယုတ်မာအောင်၊ မဟုတ်တာ တွေမတွေးမိအောင် ထားနိုင်ထိန်းနိုင်မှ တကယ့်ကို ဖြောင့်မတ်သူဖြစ်မှာ။

ပြီးတော့ မေတ္တာထားနိုင်ဖို့ ကြိုးစားနေသူဟာ ဆိုဆုံးမလွယ်သူ ဖြစ်ရမယ်တဲ့။ သူ့ကို အပြစ်အနာ ချွတ်ယွင်းမှုရှိနေရင် ရှိနေကြောင်း ပြောပြီး ပြုပြင်ခိုင်းရင် လေးလေးစားစား ပြုပြင်လိုက်နာတဲ့စိတ်မျိုး ရှိရ မယ်လို့ဆိုလိုတယ်။

ပြီးတော့ နူးညံ့ပျော့ပျောင်းသူ ဖြစ်ရမယ်တဲ့။ ဒါမှလဲ မေတ္တာရှင် ဖြစ်နိုင်မှာပေ့ါ။ ပြီးတော့ မာန် မထောင်လွှားသူလည်း ဖြစ်ရမယ်။ ရောင့်ရဲ လွယ်သူလည်း ဖြစ်ရမယ်။ မွေးမြူပြုစုလွယ်သူလည်း ဖြစ်ရမယ်။ ဟိုဟာ မကျေနပ်နိုင်၊ သည်ဟာ မကျေနပ်နိုင် ဖြစ်မနေရဘူးပေ့ါ။ ကိစ္စလည်း နည်းရမယ်တဲ့။ အလုပ်တွေထဲမှာ အရှုပ်တွေထဲမှာ ထပ်ရှုပ်နေတာမျိုး တွေ မဖြစ်စေရဘူးဆိုတာ ဖြစ်ပါလိမ့်မယ်။ ပြီးတော့.... နေထိုင်သွား လာမှုပေ့ါပါးရမယ်။ အိန္ဒြေလည်း ငြိမ်သက်ရမယ် စသည်ဖြင့် ဖော်ပြ ထားတာတွေရှိတယ်။ ဒီအချက်တွေကို မေတ္တာမထားမီ၊ ဒါမှမဟုတ် မေတ္တာထားနိုင်ရေးအတွက် ကျင့်ဆောင်အားထုတ် ဖြည့်ဆည်းရမယ်တဲ့။ မေတ္တာထားနိုင်ရေးအတွက် အကြိုလေ့ကျင့်ရတာတွေမှာ အခက်အခဲ တွေ အများကြီးဆိုတော့....

တကယ့်မေတ္တာထားနိုင်ဖို့ မလွယ်ဘူးဆိုတာ သိသာပါတယ်။ လှပတင့်တယ် တပ်မက်ဖွယ်ကောင်းသူကို ချစ်တဲ့အချစ်ကတော့ လွယ်လွယ်ပဲ ဖြစ်လာတယ်။ လွယ်လွယ်ပဲ စိတ်ထဲက လျှောကျလာတတ် တယ်။ မေတ္တာဆိုတာကတော့ ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း ကြိုးစား ဖန်တီးယူမှဖြစ်နိုင်တယ်။ ခေတ်ကာလတွေကို ကျော်ဖြတ်ပြီး တည်နေနိုင်



http://www.cherrythitsar.org

တဲ့ 'အနုပညာ' တစ်ရပ်ကို ဖန်တီးယူဖို့ခဲ့ယဉ်းသလိုပဲ၊ သန့်စင်တဲ့ 'မေတ္တာ' ဆိုတာ ဖြစ်လာဖို့ကိုလည်း ဖန်တီးယူဖို့ခက်ပါတယ်။

▲ ▲ ▲

ဒါပေမယ့်.... အညီအမျှထားနိုင်တဲ့အဖြစ်ကို ရဖို့ရောက်ဖို့ ကြိုးစားနေတယ်ဆိုရင်ပဲ မိမိရော သူတစ်ပါးပါ အကျိုးများစေမှာကတော့ သေချာပါတယ်။

**အမှတ်(၉၁) အင်တာဗျူးဂျာနယ်**



http://www.cherrythitsar.org



# ဒီလိုနဲ့ပါပဲ

**အချစ်ဆိုတာဟာ အရေပြားတစ်ထောက်စာမျှသာပဲ** လို့လဲ ပြောကြတယ်။ အရေပြားဖုံးနေလို့ လူမှာ အလှအပဆိုတာ ရှိနေတယ်လို့ ထင်ရတာ၊ အရေပြားခွာထား၊ လှာထားတဲ့ခန္ဓာကိုယ်ကို ဘယ်သူမှ ချစ်ခင်တပ်မက်မယ်မဟုတ်ပါဘူး။

ခန္ဓာကိုယ်ပေါ်မှာ ဖုံးနေတဲ့ အရေပြားကလည်း သိပ်ထူထူထဲထဲ ဟုတ်ပုံမပေါ်ပါဘူး၊ အရေပြားဆိုတာကလည်း ပြောလို့ရရုံပါပဲဗျာ၊ အရေပြားဆိုတာမှာ အပေါက်တွေက များပါဘိသနဲ့။ တစ်လက်မ ပတ်လည်လောက်ရှိတဲ့ ကိုယ်အရေပေါ်မှာ အပေါက်တွေက ၂၀၀၀- ကျော်လောက်တောင် ရှိတတ်တယ်တဲ့။ ဒါတွေကို သာမန်မျက်စိနဲ့မြင်ရ မယ်ဆိုရင် အပေါက်ချင်းစပ်နေတဲ့ ဒီအရေပြားကို ချောညက်လှပတယ် လို့ ထင်ဖွယ်ရှိမှာမဟုတ်ဘူး။ အပေါက်တွေအပြင် အဲဒီအရေပြားပေါ်မှာ ပိုးမွှားတွေက အများကြီးမှ အများကြီးတဲ့။

လူ့ခန္ဓာကိုယ်က ပိုးမွှားတွေအကြောင်းလေ့လာတဲ့ ပညာရှင်တွေ က လူ့ရဲ့ခန္ဓာကိုယ်အရေပြားပေါ်မှာ ပိုးမွှားမရှိတဲ့နေရာဆိုလို့ ပြစရာ


မရှိသလောက်ပါပဲတဲ့။ လူ့အရေပြားရဲ့ တစ်စတုရန်းစင်တီမီတာကို အနုကြည့်မှန်ဘီလူးနဲ့ ကြည့်လိုက်ရင် ပိုးမွှားတွေ (၁၀)သန်းလောက် ရှိနေတာကို တွေ့နိုင်မယ်တဲ့။ တစ်စတုရန်းစင်တီမီတာမှာတွင် (၁၀)သန်းလောက်ရှိနေရင် လူ့တစ်ကိုယ်လုံးလွှမ်းထားတဲ့ အရေပြားပေါ်မှာ ပိုးမွှားတွေ ရေတွက်ဖို့ခက်လောက်အောင်ကို အမြောက်အများ ရှိနေကြမှာ။ ဒီပိုးမွှားတွေကို သာမန်မျက်စိနဲ့ မမြင်ရတာ တော်သေးရဲ့လို့ အောက်မေ့ရတယ်။ ဒီပိုးမွှားတွေ ရှိနေမှန်းမသိတာဘဲ ကောင်းပါလေရဲ့။ သိများနေရင် မြင်များနေရရင် ဘယ်လောက်ချောမောလှပတဲ့သူအချင်းချင်းပဲ ဖြစ်ဖြစ်၊ တစ်ဦးကတစ်ဦးကို ပွေ့ဖက်ဖို့နေနေသာသာ၊ ထိချင် ကိုင်ချင်စိတ်တောင် ရှိချင်မှရှိမှာ....။

လူ့ခန္ဓာကိုယ်အရေပြားပေါ်မှာ ပိုးတွေပေါသလို လူ့ခန္ဓာအတွင်းမှာလည်း အမြောက်အများရှိနေတာပဲ။ **လူ့နှုတ်ခမ်းကနေ အူသိမ်အူမတစ်လျှောက်.... ဟို စအိုဝအထိ ပိုးတွေရှိနေတယ်။** လူ့ဝမ်းဗိုက်ထဲက တစ်စတုရန်းစင်တီမီတာ အကျယ်အဝန်းလောက်မှာတွင် အနုဇီဝပိုးတွေ ဘီလီယံ ၁၀၀ လောက် ရှိနေတာတဲ့။ တစ်ဘီလီယံမှာ သန်းတစ်ထောင်ရှိတယ် ဆိုတော့ ဘီလီယံ ၁၀၀ ဆိုရင် ဘယ်လောက်များလိုက်မလဲဆိုတာ မှန်းဆနိုင်တယ်။ ခန္ဓာကိုယ်ထဲမှာ အကောင်းအဆိုး ပိုးမျိုးစုံရှိနေကြမှာပဲ။ တုပ်ကောင်တွေ၊ သန်ကောင်မျိုးစုံ၊ အသည်းထဲမှာ သည်းခြေကြိုက်တဲ့ ပိုးကောင်တွေ၊ ဒီလို လူကိုဒုက္ခပေးတဲ့အကောင်တွေကလည်း အများကြီး၊ ဗုဒ္ဓစာပေတွေမှာတော့ ပိုးမျိုးရှစ်ဆယ်လို့ ဖော်ပြလေ့ရှိတာပဲ။ ဒါပေမယ့်.... **ဝမ္မိကာသုတ် အဋ္ဌကထာမှာတော့ ပိုးမျိုး ထောင်ပေါင်း ရှစ်ဆယ် (အသီတိမတ္တာနိ၊ ကိမိကုလသဟဿာနိ)** လို့ ဖော်ပြထားတာ ရှိတဲ့အကြောင်း သုတေသီတွေက ပြောတတ်ကြတယ်။ ပိုးတွေ အမျိုးစုံ ရှိနေကြတယ်ဆိုတာကတော့ သေချာပါတယ်။ ဒီလိုပိုးမျိုးစုံ ထကြွသောင်းကျန်းလှုပ်ရှားနေတာကို တစ်ချိန်လုံး မြင်တွေ့နိုင်တဲ့ အမြင်ရှိနေ



http://www.cherrythitsar.org

ကြရင် တစ်ဦးကတစ်ဦးကို နှစ်သက်ဖို့ခက်လေမလားဘဲ။ ပိုးမွှားတွေကို လေ့လာတဲ့ ပါမောက္ခ Mark Pallen က.... လူရဲ့ပါးစပ်ခံတွင်း တစ်ခုထဲမှာ ကိုပဲ ပိုးမျိုးပေါင်း ၈၀ ကျော်ရှိတယ်လို့ သူ့ရဲ့ ပိုးမွှားသုတေသန ပြုချက်မှာ ဖော်ပြထားတယ်။ ဒီပိုးတွေကို မြင်နိုင်စွမ်းမရှိတော့လည်း ညီညာတဲ့ သွားကလေးတွေ၊ ပါးပြင်မို့မို့တွေ၊ ပြုံးယောင်သန်းနေတဲ့ နှုတ်ခမ်းတွေ.... စတဲ့ ခန္ဓာကိုယ်နေရာများစွာက အလှတွေကိုပဲမြင်ပြီး တစ်ဦးနဲ့တစ်ဦး ချစ်ကြ ကြိုက်ကြ၊ ကြင်နာကြနဲ့ ဘဝခရီးကို လက်တွဲပြီးလျှောက်ကြတယ်။ သံယောဇဉ်တွေ တစ်ပတ်ပြီးတစ်ပတ် ရစ်မိကြ၊ နှောင်ဖွဲ့မိကြတယ်၊ သံယောဇဉ်တွေ၊ အကြင်နာတွေ သိပ်ပြီးကြီးကြတော့ တစ်ဦးကတစ်ဦးကို ဘာတွေပဲဖြစ်ဖြစ် မခွဲနိုင်မခွာရက်ဖြစ်ကြတယ်။ တစ်ဦးကတစ်ဦးကို ပိုးတွေတရွရွ တက်နေတာမြင်လည်း သံယောဇဉ်က ရှိခဲ့တော့ မပစ်ရက် နိုင်ဘူးဖြစ်တယ်။ ပိန်ပိန်ကပ်ကပ် ခြောက်ခြောက်သွေ့သွေ့၊ လှတာဆို လို့ ဘာမှမတွေ့ရတော့ပေမယ့်လည်း သံယောဇဉ်က ရှိခဲ့တော့ လွှင့်မပစ် နိုင်ဘူး၊ ထားမပစ်နိုင်ဘူး၊ ခွဲမသွားနိုင်ဘူး၊ ကိုယ်ချစ်ခဲ့ရတဲ့သူ ဝချင်ဝ၊ တုတ်ချင်တုတ်၊ ဖားကြီးတစ်ကောင်လိုပဲ ကားနေနေ၊ လှတာဆိုလို့ တစ်ကွက်မှ ရှိရှိ မရှိရှိ သံယောဇဉ်က ရှိခဲ့တော့ မခွဲခွာနိုင်ဘူး၊ ကျောမခိုင်း နိုင်ဘူး၊ အလှတွေကုန်၊ တပ်မက်စရာဆိုလို့ ဘာမှမရှိတဲ့အရွယ်ရောက် တော့မှ ချစ်တဲ့အချစ်ကမှ တကယ့်အချစ်စစ် အချစ်မှန်ဖြစ်တယ်ဆိုတဲ့ အယူအဆတွေနဲ့ တစ်ဦးကတစ်ဦးကို မခွဲနိုင်မခွာနိုင်၊ အပျောက်မခံနိုင် ဖြစ်ကြပြန်ရော။ အဲဒီလိုလူတွေ အများကြီးပေါ့။ *'ရောက်ရာဘဝ၊ ရရာ အာရုံမှာ ပုထုဇဉ်တွေဟာ မွေ့လျော်ပျော် ပိုက်နှစ်ခြိုက်ကြတယ်'* ဆိုတဲ့ စကားအတိုင်းပါပဲ။ သံယောဇဉ်တွေနဲ့ ဒီလိုပဲ လူ့ဘဝမှာ လူ့ဇာတ်လမ်း တွေဖြစ်နေကြတာ.... ဖြစ်နေဦးမှာ။



# နှစ်လိုဖွယ်ရာအသွင်သဏ္ဌာန်များ

'မေတ္တာ' ဆိုတဲ့ ပါဠိစကားကို 'ချစ်ခြင်း'လို့ ပြန်ဆိုတတ်ကြတယ်။ ချစ်ခြင်းဆိုတဲ့စကားကလည်း အနက်အဓိပ္ပာယ်တွေ ထွေပြားရှုပ်ထွေးနေပြန်တယ်။ ကာမဂုဏ်အာရုံတွေနဲ့ တစ်ဦးကတစ်ဦးကို တပ်မက်စွဲလမ်းတာကိုလည်း ချစ်ခြင်းလို့ သုံးနှုန်းနေတယ်။ တစ်ဦးကတစ်ဦးကို ပိုင်ချင်တာ၊ မခွဲမခွာနေချင်တာကိုလည်း 'ချစ်ခြင်း' လို့ သုံးနှုန်းတယ်။ ငါ့သား.... ငါ့သမီးဆိုတဲ့ ပုဂ္ဂိုလ်တွေ၊ ငါ့ဘက်သားတွေ၊ ငါ့ကို အကျိုးပြုသူတွေဆိုတဲ့ အစွဲတွေနဲ့ သံယောဇဉ်တွေဖြစ်နေတာကိုလည်း ချစ်ခြင်းလို့ သုံးနှုန်း တယ်။ ဒီတော့ 'ချစ်ခြင်း'ဆိုတာမှာ ထွေပြားတဲ့၊ မတိကျတဲ့ အနက်အဓိပ္ပာယ်တွေရှိနေတယ်။

ဒီမှာကတော့ ဗုဒ္ဓဝါဒ မှာရှိတဲ့ 'မေတ္တာ'ဆိုတာကို စံထားပြီး ချစ်ခြင်းဆိုတာ ဘာလဲဆိုတာကို ပြောဖို့ကြိုးစားကြည့်တာပဲ။ ဗုဒ္ဓမတိုင်ခင်က သုံးနှုန်းခဲ့တဲ့ 'မေတ္တာ'မှာလည်း အနက်အဓိပ္ပာယ်တွေ ထွေပြားခဲ့မှာပါပဲ။

ဗုဒ္ဓဝါဒအလိုအရ မေတ္တာဆိုတာဟာလည်း ချစ်ရမယ့်ပုဂ္ဂိုလ်၊ သတ္တဝါတွေပေါ် မှာ မူတည်ပြီးဖြစ်တာပါပဲ။ ဒါပေမယ့် မေတ္တာဆိုတဲ့ ချစ်ခြင်းက ကာမရာဂတွေနဲ့ တစ်ဖက်က ပုဂ္ဂိုလ်ကို တပ်မက်ပြီး ချစ်တာမျိုးမဟုတ်ဘူး။ ငါ့သား ငါ့သမီး ငါ့ဘက်သားဆိုတဲ့ ပုဂ္ဂိုလ်စွဲနဲ့ ချစ်တာမျိုးလည်း မဟုတ်ဘူး။ လုပတင့်တယ်သူနဲ့ အရုပ်ဆိုးအကျည်းတန်သူ၊ ဂုဏ်ရှိသူနဲ့ ဂုဏ်မဲ့သူ၊ ချမ်းသာသူနဲ့ ဆင်းရဲသူတွေကို ပုဂ္ဂိုလ်ရေးခွဲခြားပြီး ချစ်ခြင်းမျိုးလည်းမဟုတ်ဘူး။ ပုဂ္ဂိုလ်မတူညီတာကို လိုက်ပြီးချစ်ခြင်း အတိုးအလျှော့မဖြစ်ဘူး။ မိတ်ဆွေနဲ့ ရန်သူကိုလည်း တစ်တန်းတည်း တစ်ညီတည်း ထားပြီးချစ်နိုင်တယ်။ ဒီသဘောတွေရှိတဲ့ 'မေတ္တာ'ကို စံထားပြီး ချစ်ခြင်းဆိုတာကို ဖွင့်ဆိုဖို့ကြိုးစားကြည့်ခဲ့တာပဲ။

ဒီတော့ မေတ္တာရဲ့ ထူးခြားချက်က ချစ်ဖွယ်၊ မုန်းဖွယ်၊ မိတ်ဆွေ၊ ရန်သူ အစရှိတဲ့ နှစ်သက်ဖွယ်အာရုံ၊ မနှစ်သက်ဖွယ်အာရုံတွေနဲ့ ထိတွေ့လာတဲ့အခါမှာ အဲဒီဆန့်ကျင်ဘက် အာရုံ ၂ ခုကို အညီအမျှထားပြီး ချစ်နိုင်တဲ့စိတ်ကို ဆိုလိုတာပါပဲ။ အဲဒီလိုချစ်နိုင်တဲ့အပြင်....

ပြည့်စုံသူနဲ့ ချို့ငဲ့သူ၊ ဂုဏ်ရှိသူနဲ့ ဂုဏ်မဲ့သူ၊ အလှချမ်းသာသူနဲ့ အလှဆင်းရဲသူ။ မိတ်ဆွေနဲ့ ရန်သူ၊ ငါ့သားသမီးနဲ့ သူ့သားသမီး မခွဲခြားဘဲ အဲဒီ.... အဲဒီသူတွေ အခက်အခဲနဲ့ ဒုက္ခဆင်းရဲကြုံနေတာကို မြင်ရရင် သနားကြင်နာမှု ညီညီမျှမျှ ဖြစ်တယ်။ သူတို့တွေကို ဆင်းရဲဒုက္ခတွေက လွတ်စေချင်တဲ့စိတ် ညီညီမျှမျှဖြစ်တယ်။ သနားသင့်သူကိုသာ သနားပြီး မသနားသင့်သူကို မသနားတာမျိုး မဖြစ်ဘူး။ ညီညီမျှမျှပဲ ဂရုဏာထားနိုင်တယ်။ ဒီနည်းအတူပဲ....

အဲဒီ အဲဒီသူတွေ ကြီးပွားကြ၊ အောင်မြင်ကျော်ကြားကြရင် လည်း အညီအမျှ ဝမ်းမြောက်မှုဖြစ်တယ်။ ကိုယ်မုန်းတဲ့သူ၊ ကြည့်မရတဲ့ သူ၊ ကြီးပွားအောင်မြင်ကျော်ကြားသွားတာကျတော့ ဝမ်းမသာနိုင် ဖြစ်



http://www.cherrythitsar.org

တာမျိုးမရှိဘူး။ ညီညီမျှမျှပဲ မုဒိတာပွားနိုင်တယ်။ တော်တော်တော့ မလွယ်ဘူးပေါ့။

လူသတ္တဝါတွေကို ကောင်းစေချင်၊ ချမ်းသာစေချင်တဲ့စိတ် (မေတ္တာ)၊ လူသတ္တဝါတွေကို ဆင်းရဲဒုက္ခက လွတ်စေချင်တဲ့ ကြင်နာစိတ် (ဂရုဏာ)၊ လူသတ္တဝါတွေ သူတို့ရပြီး ရှိပြီးစည်းစိမ်ချမ်းသာ အောင်မြင်မှုတွေ အမြဲ မယွင်းမပျက် ရှိနေစေချင်တဲ့စိတ်၊ ဒါမှမဟုတ် အဲဒီလိုရှိနေတာကို ဝမ်းမြောက်တဲ့စိတ် (မုဒိတာ) ဒီစိတ်တွေ လူသတ္တဝါတွေအပေါ် အညီအမျှဖြစ်နေအောင် ကြောင့်ကြစိုက်ရတယ်။ အားထုတ်နေရတယ်။ ဒီလို အားထုတ်နေသူမှာ ဥပေက္ခာစိတ်ထားဟာလည်း ဖြစ်နေမှာပါပဲ။

လူသတ္တဝါတွေဟာ သူတို့ရဲ့အပြုအမူ၊ အလုပ်ကံတွေအလျောက် ဆင်းရဲဒုက္ခတွေနဲ့ တွေ့ကြုံသွားကြတယ်။ စည်းစိမ်ဥစ္စာအောင်မြင်ကျော်ကြားမှုတွေလည်း ဆုံးပါးသွားတတ်ကြတယ်။ အန္တရာယ်တွေနဲ့ ကြုံကြတယ်။ အဲဒီအဖြစ်တွေကို မြင်တွေ့ရတဲ့အခါမှာလည်း မေတ္တာစိတ်ရှိသူဟာ လူသတ္တဝါတွေအပေါ် ဥပေက္ခာစိတ် ထားနိုင်အောင် အားထုတ်ပြန်ပါတယ်။ ဥပေက္ခာဆိုတာ လူသတ္တဝါတွေအားလုံးဟာ သူတို့ကိုယ်တိုင်ပြုထားတဲ့ ကိုယ့်အလုပ် ကိုယ့်ကံတွေအလျောက် ဖြစ်ကြရတာ၊ သူ့ကံနဲ့သူပဲလို့ ထားနိုင်တဲ့စိတ်ထားပါပဲ။ ဒီလို စိတ်ထားဟာ မေတ္တာထားသူမှာ ရှိအပ်တဲ့ အမြင့်ဆုံးစိတ်ထားမျိုးဖြစ်တယ်လို့ ပလေတို Plato ရဲ့ ဆင်ပိုဆီယမ် Symposium မှာ ဆော့ခရတ္တိက ပြောနေတာ ဖြစ်တယ်လို့ ထင်ပါတယ်။

ဆော့ခရတ္တိ အလိုအရ မေတ္တာကနေ တစ်ဆင့်ပြီးတစ်ဆင့် တက်ပြီး ပွားများအားထုတ်နိုင်ရင် လူသတ္တဝါတွေအပေါ်မှာ အကောင်း အဆိုး အချစ် အမုန်း ဝမ်းနည်းဝမ်းသာတွေမဖြစ်ဘဲ စိတ်ကို မယိမ်း မယိုင် ညီညီညွတ်ညွတ်ထားနိုင်တဲ့ ဥပေက္ခာစိတ်မျိုးအထိ ရနိုင်တယ်လို့ ညွှန်းဆိုလိုဟန်ရှိပါတယ်။



http://www.cherrythitsar.org

မေတ္တာ၊ ဂရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဆိုတဲ့ စိတ်တွေမှာ တကယ်တော့ တပ်မက်ခြင်း ရာဂဆိုတဲ့ ချစ်ခြင်းမျိုးတွေ မပါဘူး။ ဘက်လိုက်ခြင်းတွေ မပါ ပါဘူး။ ဒီတော့ သာမန်လူအများက ဒီလို ဘက်လိုက်ခြင်းမရှိတဲ့ မေတ္တာမျိုးကို မကြိုက်နိုင်ဘူး။ ငါ့ဆို ငါ့ကိုပဲ ချစ်ရမယ်၊ ငါ့ဘက်ပဲ အကုန်လိုက်ရမယ်။ ဒီလို လိုက်မှ တကယ်ချစ်တဲ့ အချစ်အဖြစ်နဲ့ နှစ်သက်တယ်၊ တန်ဖိုးထားတယ်၊ ချစ်တယ် ဆိုတာ သူများတွေကိုပါ ဝေငှပြီး ချစ်တာမျိုးမဖြစ်ရဘူး။ ကိုယ့်ကို ချစ်သလို သူများကိုလည်း ဝေမျှချစ်တာမျိုး မဟုတ်စေရဘူး။ ငါ့ဆို ငါ့ကိုပဲ အပုံလိုက်၊ အားလုံးကုန်သွန်မှောက်ပြီး ချစ်ရမယ်၊ ဒီလို ချစ်နိုင်တဲ့အချစ်မျိုးကိုမှ ကြိုက်နှစ်သက်တယ်၊ အညီအမျှချစ်ခြင်းသဘောရှိတဲ့ 'မေတ္တာ'ကို မကြိုက်နိုင်ဘူး။ မမြတ်နိုးနိုင်ဘူး။ တစ်ဦးက တစ်ဦးကို တရှိုက်မက်မက်နဲ့ ချစ်တဲ့အချစ်မျိုးတွေ သဲလှိုက်ရင်ဖို ခံစားရတဲ့ အချစ်မျိုးတွေ၊ ချစ်သူအတွက်ဆို အသက်ပါ လဲလိုက်မယ်ဆိုတဲ့အထိ ချစ်ပြနိုင်တဲ့အချစ်မျိုးတွေကိုပဲ လူတွေက ကြိုက်တယ်။ မခွဲနိုင်မခွာရက် သံယောဇဉ်ကြိုးတွေ ရှုပ်ပြီးရင်းရှုပ်နေတဲ့ အချစ်မျိုးတွေကိုပဲ နှစ်သက်တယ်။ အဲဒီသံယောဇဉ်တွေနဲ့ နေနေရရင် ဘယ်လောက်ပဲနေရနေရ နေချင်တယ်။ စာဆိုကြီးဦးပုညက ဒီလိုနေချင်တဲ့ လူ့သဘောကို ဖော်တဲ့နေရာမှာ အင်မတန် လက်ရာမြောက်တယ်လို့ ဆိုကြပါတယ်။

**သံသရာဝဋ်ထဲကမလွတ်ဘဲနေနေ၊ ဇွတ်စွဲလို့တပေပေ၊**

**ရှည်ပစေခင်ရဲ့....တဲ့။**

နှစ်ယောက်ထဲ ချစ်နေရမယ်သာဆိုရင် ရှည်စမ်းပါစေ သံသရာ....၊ ဘယ်လောက်ရှည်ရှည်.... ရှည်သလောက်နေမှာပဲတဲ့။

**နိဗ္ဗာန်မြို့အမြိုက်ခွင်၊ မလိုက်ချင်ရှန်းကန်လို့ဖွဲ့၊**

**နှစ်ယောက်ထဲစံပါမယ်၊ကံနှစ်ဖြာသွယ်ဖွဲ့၊သံသရာအကျယ်ချဲ့ပါလို့၊**

**တလယ်လယ်မောင်မယ်....**



http://www.cherrythitsar.org

### ပြောရင်းပြောနေမည့်ချစ်ခြင်းမေတ္တာ

မွန်မြတ်လှပါတယ်ဆိုတဲ့ နိဗ္ဗာန်ကို ပို့မယ်ဆိုပြီး ဆွဲခေါ်ရင် တောင် မလိုက်ပါရစေနဲ့ မလိုက်ချင်ပါဘူးလို့ ရုန်းကန်နေမှာပဲ၊ နှစ်ယောက်သား အတူတူသာနေရမယ်ဆိုရင် ကျယ်ပါတယ်ဆိုတဲ့ သံသရာကို ထပ်ချဲ့ လည်ပါတယ်ဆိုတဲ့ သံသရာကို ထပ်လှည့်လိုက်ချင်ပါ သေးရဲ့.... ဆိုတဲ့သဘောပေါ့။

ဒါတွင် မကသေးဘူး။

**ဂင်္ဂါဆူဆူဆုံးစေတော့၊ တူတူပုန်း**
**ပုန်းလို့နေမယ်** လို့ဆိုလိုက်သေးတယ်။

ဂင်္ဂါမြစ်ကမ်းက သဲလုံးတွေများသလောက် ဘုရားတွေအဆူဆူ ပွင့်လာလည်း အဲဒီ ဘုရားတွေနဲ့ မတွေ့ရအောင် နှစ်ယောက်သား ပုန်း နေမယ်၊ တွေ့ရင် ကျွတ်တမ်းဝင်ပြီး နှစ်ယောက်၊ အတူတူမနေရမှာစိုး လို့.... တဲ့။ ဟုတ်မှာပေါ့။

ဘဝအမျိုးမျိုး ဖြစ်ရတာမှာ ဝဋ်ဒုက္ခတွေ များပါဘိသနဲ့ အဲဒီဝဋ် ဒုက္ခတွေကနေ ထွက်မြောက်သင့်တဲ့အကြောင်းတွေ ပြောလာ၊ ဟောလာ ပေမယ့်လည်း ထွက်မြောက်ချင်တဲ့စိတ် နည်းနည်းမှ မဖြစ်မိပါဘူးတဲ့။ ဒါကြောင့် အမှောင်တကာ့ အမှောင်ဖုံးနေတဲ့သူတွေလို့....၊ အမိုက် တကာ့ ထိပ်ခေါင်တင်တွေလို့.... အပြစ်တင်ချင်လည်း တင်ပေတော့၊ ဘဝဝဋ် နှောင်ကနေ တခြားသူတွေ ထွက်သွားချင်လည်း သွားကြပေရော့၊ ကိုယ် တို့ကတော့ နှစ်ယောက်အတူတူသာ နေရမယ်ဆိုရင် အဲဒီလူတွေနဲ့ မလိုက်ဘဲ၊ နောက်ချန်ပြီး တူပျော်ပျော်နေရစ်ခဲ့မယ်....တဲ့။ ဒါကို ဦးပုည က....



http://www.cherrythitsar.org


**တေဘုမ္မကဝင့်နန်းနွယ်ကို၊ ကျွတ်စမ်းမယ်**
**စာမလိတ်ချင်ဘု၊ အဝါဖိတ်**
**မွှီင်းမှော်ညစ်တော၊ ရှိုင်းခေါင့်ဖြစ်စေ၊**
**နောက်ချန်၍အပိုနေမယ်၊ နှစ်ကိုယ်ရေပျော်စမ်းချင့်လေး....တဲ့၊**

မေတ္တာရဲ့ နှစ်လိုဖွယ်ကောင်းကြောင်းကို အမွှန်းတင်ပြီး ပြောနေကြပေမယ့် တကယ်က ကျွန်တော်တို့တစ်တွေဟာ သဲလှိုက်ရင်ဖို စရာ အသွင်သဏ္ဍာန်မျိုးစုံရှိနေတဲ့ ချစ်ခြင်းကိုပဲ ကြိုက်နေကြတာ.... နှစ်လို တမ်းတနေကြတာပါ။

**အမှတ်(၁၀၁) အင်တာဗျူးဂျာနယ်**



http://www.cherrythitsar.org



## မျက်တောင်များတောင် မခတ်ဝံ့သလိုပဲဆို

အမျိုးသမီးတွေကို သနားစရာကောင်းတာ နှစ်မျိုးရှိတယ်.... ဆိုပဲ။ တစ်မျိုးက.... အိမ်ထောင်မကျခင်.... အပျိုဘဝက.... သူ့အမျိုးသား သူ့ဆီက မပြန်နိုင်လို့ ညဥ့်ထက်ဝက်ကျိုးသည်အထိ စောင့်ရတဲ့အဖြစ်နဲ့....

နောက်တစ်မျိုးက.... အိမ်ထောင်ကျလို့ အိမ်ထောင်ရှင်ဘဝ ရောက်ပြီးတဲ့အခါ.... သူ့လင်ယောကျာ်း အိမ်ကိုပြန်မလာနိုင်လို့ ညဥ့် ထက်ဝက်ကျိုးသည်အထိ စောင့်မျှော်ရတဲ့အဖြစ်....တဲ့ဗျ။

ဒီအဆိုဟာ မြန်မာပြည်က အဆိုအမိန့်တော့ မဟုတ်ဘူး၊ ဒါပေမယ့် ဒီအဆိုဟာ မြန်မာအမျိုးသမီးအတော်များများနဲ့ သက်ဆိုင် နေတယ်လို့ ထင်ပါတယ်။

ဟုတ်မှာပေါ့။ လှလှပပ အပျိုကလေးဘဝမှာတော့ သူ့ချစ်သူက ချစ်လွန်း တန်ဖိုးထားလွန်းတော့ ချိန်းတွေ့ပြီဆိုရင်.... ဒါမှမဟုတ် လူပျို လှည့်လာပြီဆိုရင်.... သူ့အနားက မခွာနိုင်ဘူး၊ ခွဲမသွားနိုင်ဘူး။ ညဥ့် နက်နေပြီ 'ပြန်တော့' ဆိုလည်း မပြန်ဘူး၊ အဖေအမေ ဆူလိမ့်မယ် ပြောလည်း မပြန်ဘူး၊ သန်းခေါင်ကျော်လို့ ညဥ့်ထက်ဝက်ကျိုးလာပေမယ့်

လည်း.... မခွဲနိုင်လို့ ဒီအမျိုးသားဟာ ပေကပ်နေတယ်။ တစ်မိနစ် တစ်စက္ကန့်လောက် ပိုပြီး တူတူနေရလဲ မနည်းဘူးဆိုပြီး နေနေတယ်၊ ပြန်ပါတော့လို့ နှင်လေ မသွားဘဲ ပေတေနေလေ....နဲ့၊ အမျိုးသမီး ခများ....သူ့ချစ်သူအမျိုးသားအတွက် စိတ်ညစ်ရတယ်၊ စိတ်ညစ်တယ်.... သွားတော့....လို့ အတင်းတွန်းပေမယ့်လည်း.... မခွဲနိုင်လို့ပါ....ဆိုတဲ့ စကားတစ်ခုနဲ့ အမျိုးသမီးခများ.... စိတ်ဆိုးရလည်းခက်နဲ့ ..၊ အင်း.... သနားဖို့ကောင်းပါတယ်။

ဒါပေမယ့်....

အပျိုလူပျို ဘဝကနေပြီး အိမ်ထောင်ကျ.... သားတွေသမီးတွေ ရ.... အချိန်တွေကြာလာတာနဲ့အမျှ မိန်းမက ယောကျ်ားအတွက် ရိုးလာ တယ်၊ ဟောင်းလာတယ်၊ ဒီကြားထဲ.... စီးပွားရေးမပြေလည်တာနဲ့ ပတ်သက်လို့ပဲဖြစ်ဖြစ် တစ်ခြားကိစ္စတစ်ခုခုကြောင့်ပဲ ဖြစ်ဖြစ်ပေါ့၊ မကျေ မနပ်နဲ့ မိန်းမက တဖျစ်တောက်တောက်၊ တကျီကျီ၊ တဆူဆူလုပ်လာပြီ ဆိုရင် ယောကျ်ားဟာ အိမ်ကိုမကပ်ချင်တော့ဘူး၊ မိန်းမအနားမှာ မနေ ချင်တော့ဘူး။ ဒါကြောင့် မိန်းမနဲ့ ခပ်ဝေးဝေးနေချင်လာတယ်။ အိမ်ကို မြန်မြန် ပြန်မရောက်လေ.... စိတ်ချမ်းသာလေ၊ တစ်မိနစ် တစ်စက္ကန့် နောက်ကျပြီးရောက်.... တစ်မိနစ် တစ်စက္ကန့် စိတ်ချမ်းသာတယ်....ဆိုပြီး အိမ်ကိုမပြန်ဘဲ အပြင်မှာ ဖြစ်နိုင်တဲ့နည်းနဲ့ နေနေတတ်တယ်။ အပေါင်း အသင်းတွေနဲ့ သောက်ရင်း စားရင်း စကားပြောရင်း အချိန်ဖြုန်းတယ်။ တစ်ခြား.... တစ်ခြား အချိန်ဖြုန်းနည်းတွေလည်း ရှိမှာပေါ့။ ဒီလို အချိန်ဖြုန်းရင်းနဲ့ အိမ်ကိုမပြန်ဘဲနေ၊ အပြန် နောက်ကျ.... ဒါကို အိမ်က မိန်းမဖြစ်တဲ့သူက တမျှော်မျှော်နဲ့.... လည်ပင်းရှည်အောင်မျှော်....၊ ညဥ့် ထက်ဝက်တောင်ကျိုးပြီ။ လင်တော်မောင်က ပြန်မလာ၊ နှစ်နှစ်ခြိုက်ခြိုက် မအိပ်ရ....။



http://www.cherrythitsar.org

ဒီလို ပြန်မလာလို့ ညဥ့်ထက်ဝက်ကျိုးအောင် မျှော်ရတဲ့ အဖြစ် ဟာလည်း သနားစရာကောင်းတယ်....တဲ့ဗျ။ ဟုတ်မှာပေါ့၊ **အပျိုတုန်းက တော့ သူ ကိုယ့်ဆီက မပြန်နိုင်လို့၊ အိမ်ထောင်ကျပြီးတဲ့ အခါမှာတော့ ကိုယ့်ဆီသူပြန်မလာလို့....။**

ဒီ အကြောင်းတွေကို ပြောပြတော့ ကျွန်တော့်မိတ်ဆွေတစ်ဦး က ယုံချင်ယုံ၊ မယုံချင်နေဆိုတဲ့ သဘောမျိုးနဲ့ အဖြစ်အပျက်တစ်ခုကို ပြောပြတယ်။ ဒီလိုတဲ့ဗျာ။

တစ်နေ့မှာ လင်မယားနှစ်ယောက် စားသောက်ဆိုင် တစ်ဆိုင်ထဲ ကို ဝင်လာပြီး စားကြသောက်ကြတယ်၊ လင်ဖြစ်သူကလည်း သောက် လိုက်စားလိုက်တာမှ ခါးပတ်ကြိုးကို အကျယ်ကြီးလျှော့ရတဲ့အဖြစ်ကို ရောက်တယ်။ ဒါပေမယ့် စားသောက်ပြီးလို့ ငွေရှင်းမယ်လုပ်တော့ ငွေက မလောက်ဘူးဖြစ်နေတယ်။ မှန်းထားတာထက် အများကြီး ဈေးက များ နေတယ်။ အဲဒီအခါမှာ ယောက်ျားဖြစ်တဲ့သူက ဆိုင်ရှင်ကိုပြောတယ်.... 'ကျုပ်မိန်းမကို ထားခဲ့ပါမယ်၊ မယုံမရှိပါနဲ့၊ ငွေရှာပြီးမကြာခင်ပဲ ကျုပ် ပြန်လာခဲ့ပါမယ်'လို့ ပြောတော့ ဆိုင်ရှင်က လျှင်လျှင်မြန်မြန်ပဲ....

'နေအုံး....နေအုံး၊ ခင်ဗျား ဒီလိုမလုပ်နဲ့၊ ဟောဟိုမှာ အာလူး သင်နေတဲ့ အမျိုးသမီးတစ်ဦးကို ခင်ဗျားမြင်တယ်....ဟုတ်၊ ခင်ဗျားလိုပဲ၊ သူ့လင်တော်မောင်က သူ့မိန်းမကို ကျုပ်ယုံကြည်စိတ်ချရအောင် ခေတ္တ အပေါင်သဘောမျိုးထားခဲ့မယ်၊ ငွေသွားယူချေဦးမယ်ပြောပြီး ထွက်သွား တာ ဒီနေ့အထိ ပြန်မလာတော့ဘူး။ ခင်ဗျားတို့က မိန်းမအသစ်လဲချင် တိုင်း ကျုပ်ဆီမှာ အဟောင်းတွေ ထား ထားသွားတာ.... ဘယ်ကောင်း မလဲဗျာ' လို့ ပြောတယ်တဲ့ဗျ။

အဲဒီလူ စားသောက်လို့ ကျသင့်တဲ့ငွေကို ဘယ်လိုရှင်းသလဲဆို တာတော့ မသိဘူးပေါ့ဗျာ။ ပြောချင်တာက ဒီလိုပါ။ **ယောက်ျားဆိုတာမျိုး**



http://www.cherrythitsar.org

**ဟာ မိန်းမနဲ့နေရတာ ကြာလာရင် ဘာပဲဖြစ်ဖြစ် အသစ်လဲချင်စိတ်က တော့ ပေါက်တာပဲဗျ. . တဲ့။**

သူပြောတာတွေကို နားထောင်ရင်း ကျွန်တော်က တွေးပါတယ်၊ မေတ္တာ ဆိုတာကတော့ အဟောင်းအသစ်လဲပြီး ချစ်တာမျိုး၊ သစ်သစ် နေမှ ဆန်းဆန်းနေမှ မြတ်နိုးနေတာမျိုး မဟုတ်တန်ရာပါဘူးလို့....

**အမှတ်(၁၀၆) အင်တာဗျူးဂျာနယ်**



http://www.cherrythitsar.org



# ပြေပို့မလွယ်

သူပြောတာက.... သူတို့မြို့က ဝါကျွတ်နဲ့ တန်ဆောင်တိုင်မီး ထွန်းပွဲတွေနဲ့အတူ ကျင်းပတဲ့ 'ဝက်ပါပွဲတော်' အကြောင်း....။

သူတို့မြို့က ဝက်ပါလမ်း တည်ဆောက်သူတွေဟာ သိပ်ကိုတော်ကြတယ်။ ဝက်ပါထဲကို ဝင်သူတွေ အဝင်ရခက်အောင်၊ ဝက်ပါထဲက ပြန်ထွက်သူတွေ အထွက်ရခက်အောင် ဝက်ပါလမ်းတွေကို ဖန်တီးနိုင်ကြလို့ တော်တယ်လို့ပြောတာတဲ့။ ညချမ်းအချိန်မှာ အဲဒီ ဝက်ပါပတ်လမ်းတွေတစ်လျှောက်.... လှည့်လည်ချင်အောင် ရောင်စုံမီးတွေ အဆန်းတကျယ် ထွန်းထားတယ်။ အဲဒီ အဝင်ခက် အထွက်ခက် ဝက်ပါလမ်းတွေအတိုင်း လျှောက်ရင်း ပွဲတော်ကိုလာတဲ့လူတွေဟာ ပျော်နေကြတယ်တဲ့။

လမ်းမှန်ကို လိုက်မိလို့ ဝက်ပါရဲ့အထဲ ဗဟိုကိုရောက်သွားရင်.... အဲဒီမှာ ဝတ်ပြုစရာ ဘုရားဆင်းတုတွေရှိတယ်။ ဆင်းတုတော်တွေရှေ့မှာ အမျိုးသမီးငယ်တွေက ဝတ်ရွတ်နေတာကို ကြုံချင်လည်းကြုံမယ်၊ အလှူရှင်တွေ ကျွေးမွေးပေးလှူတဲ့ 'ကောက်ညှင်းမုန့်အမျိုးမျိုး၊ ဒါမှမဟုတ် ကြာဖုံဟင်းခါး စသည်ဖြင့် စားစရာသောက်စရာတစ်မျိုးမျိုးကို စားခွင့်

သောက်ခွင့်ကြုံမယ်။ ဒါမှမဟုတ် ကိုယ်တွေ့ချင်သူနဲ့ တွေ့ခွင့် ကြုံချင်လည်း ကြုံမယ်။ တကယ်က....

ခက်ခက်ခဲခဲ မောမောပန်းပန်းနဲ့ ဝင်္ကပါလမ်းတွေကို လျှောက်ဝင်လာခဲ့ပြီးလို့ အထဲရောက်တော့လည်း အထဲက အတွေ့အကြုံက သိပ်ထူးထူးခြားခြားကြီးတော့လည်း မဟုတ်ပါဘူး။ ဒီတော့ ဝင်္ကပါ အပြင်ဘက်ကို ပြန်ထွက်ရပြန်တာပဲ။ အထွက်ကလည်း ခက်တာပဲ။ လမ်းတွေကိုမှားအောင် ဖန်တီးထားတာဆိုတော့ တော်တော့်ကို လမ်းမှန်ရှာပြီးထွက်ရတာတဲ့။

'ဝင်္ကပါ'ဆိုတဲ့ စကားရဲ့ အနက်အဓိပ္ပာယ်တွေကို သူက ရှည်ရှည်လျားလျား ရှင်းပြသေးတယ်။ ပြီးတော့.... ပြောတယ် 'ဝင်္ကပါ' ထဲကို မရောက်သေးတဲ့ သူတွေကတော့ ဝင်ချင်ကြတယ်၊ ဝင်္ကပါထဲရောက်ပြီးသူတွေကတော့ ပြန်ထွက်ချင်ကြတယ်။ ထွက်ဖို့ကြိုးစားနေကြတယ်။ အိမ်ထောင်ရေးဆိုတာလဲ အဲဒီလိုပဲဗျ။ အိမ်ထောင်မကျသေးတဲ့သူ.... မကျဘူးသေးတဲ့သူတွေက အိမ်ထောင်ပြုချင်ကြတယ်။ အိမ်ထောင်ထဲဝင်ချင်ကြတယ်ပေါ့ဗျာ။ အိမ်ထောင်ကျပြီးသူ.... အိမ်ထောင်ထဲဝင်ပြီးတဲ့သူကတော့ ပြန်ထွက်ချင်တယ်....

ကြားဘူးတယ်မဟုတ်လား.... အိမ်ထောင်ထဲဝင်ပြီး သူ.... အိမ်ထောင်ကျပြီးသူတွေ ပြောတတ်ကြတာလေ၊ အိမ်ထောင်မပြုချင်ကြနဲ့၊ အိမ်ထောင်ရေးဆိုတဲ့ ဝင်္ကပါကြီးထဲ မဝင်ချင်ကြနဲ့၊ အင်မတန် ရှုပ်ထွေးတယ်၊ ညစ်ညူး ဖို့ကောင်းတယ်၊ စိတ်ပျက်ဖို့ကောင်းတယ်....နဲ့ ပြောကြတာလေ။ အိမ်ထောင်မပြုရသေးတဲ့ သူတွေကို လှမ်းလှမ်းပြောနေတာကိုလေ.... ကြားဖူးမှာပေါ့၊ ကြားမှာပေါ့၊ အဲ ဘယ်လောက်ပြောပြောဘယ်လောက်ပဲ ကြားနေကြားနေ.... အိမ်ထောင်မကျဘူးတဲ့သူတွေက အယုံအကြည်မရှိဘူး။ အိမ်ထောင်ဆိုတာထဲကို ဝင်ကြည့်ချင်ကြတာပဲ။



http://www.cherrythitsar.org

ဝင်ကြတာပဲ။ ဝင်ပြီးတော့မှ ပြန်ထွက်ချင်စိတ်တွေ ပေါက်ကြဦးမှာပဲ။ ဒါပေမယ့်.... တစ်ခုတော့ရှိတယ်။ အထွက်ခက်ပါတယ်ဆိုပေမယ့်.... ကြိုးစားမယ်ဆိုရင် ဝင်္ကပါကနေ အပြင်ရောက်နိုင်စရာရှိတယ်၊ အိမ်ထောင်ရေးဝင်္ကပါထဲကနေ ပြန်ထွက်ဖို့ဆိုတာကတော့ မလွယ်ရေးချမလွယ်ပဲ။ သားသမီး သံယောဇဉ်တွေ၊ ဟိုလူ့အတွက် သည်လူ့အတွက်၊ ဘဝတစ်သက်တာအတွက်ဆိုတဲ့ အလိုလောဘတွေရဲ့ အလှည့်စား ကြောင့် ထွက်လမ်းမတွေ့အောင် ဖြစ်နေမှာပဲ....တဲ့။

**အမှတ်(၁၀၇) အင်တာဗျူးဂျာနယ်**



http://www.cherrythitsar.org



http://www.cherrythitsar.org

# ငါ့ကိုရော၊ သူ့ကိုလည်းပဲ

▲

သံယောဇဉ်ဆိုတဲ့ စကားရဲ့ အနက်အဓိပ္ပာယ်ကို သူက အကျယ်တဝင့်ရှင်းပြနေရာမှ အမေရိကန်စာရေးဆရာကြီး ဟယ်မင်ဝေး Hemingway (1899-1961) ရေးတဲ့ Indian Camp ဝတ္ထုတိုကလေး အကြောင်းကို ရောက်သွားတယ်။

▲ ▲

နစ် Nick က အဲဒီညက သူ့ဖခင်နဲ့အတူ လှေနဲ့လိုက်ပါသွားတယ်။ နစ်ရဲ့ဦးလေးဂျော့ George လည်း နောက်လှေတစ်စင်းမှာပါတယ်။ ရက်အင်ဒီယန်းတွေ နေနေတဲ့စခန်းမှာ အမျိုးသမီးငယ်တစ်ဦးဟာ ကလေးမီးမဖွားနိုင်ဖြစ်နေတယ်။ ဒါကြောင့် နစ်ရဲ့ဖခင်ကို လှေနဲ့လာပြီး အင်ဒီယန်းတွေက ပင့်ဖိတ်အကူအညီတောင်းတာ ဖြစ်တယ်။ နစ်ရဲ့ဖခင် က ခွဲစိတ်ကုသတဲ့နေရာမှာ ကျွမ်းကျင်သူ ဖြစ်ပါလိမ့်မယ်။

လှေပေါ်က ဆင်းလျှောက်လို့ မကြာမီမှာ ကလေးမီးဖွားဖို့ အခက်ကြုံပြီး ဒုက္ခအကြီးအကျယ် ရောက်နေတဲ့ အမျိုးသမီးငယ်ရှိရာ

နေရာကို ရောက်ကြတယ်။ အမျိုးသမီးအိုကြီးတစ်ဦးက မီးအိမ်ဆွဲပြီး အဝင်တံခါးကနေ သူတို့ကို စောင့်ကြိုနေတယ်။ အတွင်းဘက် သစ်သားခင်းပေါ်မှာ ကလေးမီးဖွားဖို့ခက်နေတဲ့ အင်ဒီယန်း အမျိုးသမီးငယ်ကို တွေ့ရတယ်။ ဒီကလေးမဟာ ကလေး မီးဖွားနိုင်ဖို့ ကြိုးစားနေတာ နှစ်ရက်ရှိနေပြီ။ မီးဖွားလို့မရနိုင်ဘူး ဖြစ်နေတယ်။ အဲဒီမှာရှိတဲ့ မိန်းမအိုကြီးတွေအားလုံး ဒီကလေးမ မီးဖွားနိုင်အောင် ကူညီပေးနေကြတယ်။ ယောကျ်ားတွေကတော့ ဖယ်ပေးပြီး အမျိုးသမီးငယ် ဟစ်အော်ငြီးတွားသံတွေက လွတ်လောက်တဲ့နေရာမှာ သွားထိုင်ပြီး ဆေးတံသောက်နေကြတယ်။ အမျိုးသမီးငယ် အော်ဟစ်ငြီးတွားနေတာကို သူတို့ မကြားရက်နိုင်လို့ ဖြစ်ပါလိမ့်မယ်။

နစ်နဲ့ သူ့ဖခင်၊ သူ့ဦးလေးတို့ အထဲ အဝင်လိုက်မှာပဲ အင်ဒီယန်း အမျိုးသမီးငယ်ရဲ့ အော်ဟစ်ငြီးတွားသံကို ကြားရတယ်။ ဒီအမျိုးသမီးရဲ့ လင်ယောကျ်ားကတော့ အပေါ်ဘက် သစ်သားအခင်းမှာ လဲလျောင်းနေတယ်။ သူက လွန်ခဲ့တဲ့ သုံးရက်လောက်က ခြေထောက်မှာ မတော်တဆ ပုဆိန်နဲ့ ခုတ်မိတယ်။ ပုဆိန်ဒဏ်ရာက ကြီးကျယ်တယ်။

နစ်ရဲ့ဖခင်က အမျိုးသမီးငယ် မီးဖွားနိုင်ဖို့အတွက် ပြင်ဆင်မှု တွေလုပ်တယ်။ ဆေးကြောဖို့ ရေနွေးကြိုခိုင်းတယ်။ ရေနွေး စောင့်ရင်းနဲ့ နစ်ရဲ့ဖခင်က အမျိုးသမီးငယ်ရဲ့ အခက်အခဲကို ပြောပြတယ်။ နစ်က အမျိုးသမီးငယ် အော်ဟစ်ငြီးတွားတာကို မကြားရက်နိုင်တော့လို့ ဝေဒနာ သက်သာအောင် တစ်ခုခုလုပ်မပေးနိုင်ဘူးလားလို့ သူ့ဖခင်ကို မေးနေတယ်။

အမျိုးသမီးငယ်ရဲ့ လင်ယောကျ်ားကတော့ သူ့ဇနီးသည် ငြီးတွားအော်ဟစ်နေတာကို မကြားရက် မမြင်ရက်တော့တဲ့ သဘောနဲ့ တစ်ဖက်ကို စောင်းလှည့်သွားတယ်။



http://www.cherrythitsar.org

ရေနွေးဆူတဲ့အခါမှာ နစ်ရဲ့ ဖခင်က ခွဲစိတ်ဖို့အတွက် ပြင်ဆင်တယ်။ ရေနွေးနဲ့ ပြုတ်ရမည့်အရာတွေကို ပြုတ်ခိုင်းတယ်။ နစ်ရဲ့ဖခင်က လက်ကို သန့်ရှင်းအောင် ဆေးကြောတယ်။ ဆေးကြောရင်းနဲ့ နစ်ကို "ကလေးငယ်တစ်ဦးဟာ ပုံမှန်အတိုင်း လူ့လောကကို လာရမယ့်ဟာ မလာဘူးဆိုရင် ဒုက္ခတွေ တစ်ထွေးတစ်ပွေ့ ကြုံရတတ်တယ်" ဆိုတာတွေ ပြောပြနေတယ်။

နစ်ရဲ့ဖခင်ဟာ အသေအချာ လက်ကိုဆေးကြောသုတ်သင်ပြီးတဲ့အခါမှာ အင်ဒီယန်းအမျိုးသမီးငယ်ကို ခွဲစိတ်တဲ့အလုပ် စ,တယ်။ ဦးလေးဂျော့နဲ့ အင်ဒီယန်းအမျိုးသားသုံးဦးက အမျိုးသမီးငယ် မလှုပ်ရှားရအောင် ကူညီပြီး ထိန်းပေးကြတယ်။

ခွဲစိပ်ရတဲ့အလုပ်က တော်တော်ကြာတယ်။ အမျိုးသမီးငယ်က နာကျင်လွန်းလို့ ယောင်ရမ်းပြီး ဦးလေးဂျော့လက်မောင်းကို ကိုက်တယ်။ အော်ဟစ်ငြီးတွားတဲ့ အမင်္ဂလာသံတွေ ဆူညံနေတယ်။ နောက်ဆုံးမှာ အောင်မြင်စွာနဲ့ နစ်ရဲ့ဖခင်က ကလေးငယ်ကို ထုတ်ယူနိုင်လိုက်တယ်။ ကလေးလေးက ယောက်ျားလေး။

ကလေးမွေးဖွားပြီးတဲ့နောက် လုပ်ရမယ့်ဟာတွေကို နစ်ဖခင်ဆရာဝန်က လုပ်တယ်။ ပြင်းထန်တဲ့ ဝေဒနာတွေကို ခံစားခဲ့ရတဲ့ အင်ဒီယန်းမိန်းကလေးဟာ သိပ်ကို အားနည်းဖြူဖျော့နေတယ်။ သူ့ကလေးကိုတောင် သူကြည့်ဖို့ စူးစမ်းဖို့ မလုပ်နိုင်ရှာဘူး။ ဒါပေမယ့် အော်ဟစ်ငြီးငြူရခြင်းဒုက္ခတွေတော့ မရှိတော့ဘူး။ သက်သာရာ ရသွားပြီ။

မွေးဖွားပေးလိုက်တဲ့ ကလေးကို သူ့ဖခင် အင်ဒီယန်းအမျိုးသားအနေနဲ့ ဂုဏ်ယူစွာနဲ့ ကြည့်ချင်မှာပဲဆိုတဲ့ အတွေးနဲ့ နစ်ရဲ့ဖခင်က တစ်ဖက်ကို စောင်းအိပ်နေတဲ့ အင်ဒီယန်းအမျိုးသားရဲ့ ဦးခေါင်းက စောင်ကို ဆွဲယူလိုက်တယ်။



http://www.cherrythitsar.org

အင်ဒီယန်းအမျိုးသားဟာ အသက်မရှိတော့ဘူး။ သေဆုံးနေတာကို တွေ့ရတယ်။ ဘယ်လိုလုပ် သေခဲ့တာလဲဆိုတော့ သူ့လည်ပင်းကို သူ သင်တုန်းဓားနဲ့ လှီးဖြတ်ပြီး သေကြောင်းကြံသွားတာ။ သူ့ဇနီးသည်ကို နစ်ရဲ့ဖခင် ခွဲစိတ်နေချိန်.... သူ့ဇနီးသည် ဟစ်အော်ငြီးငြူနေချိန်မှာ သူ့လည်ပင်းကို သူ့ဓားနဲ့လှီးပြီး သေကြောင်းကြံလိုက်တာဖြစ်မယ်။

မိုးလင်းခါနီးမှာ နစ်နဲ့ သူ့ဖခင်၊ သူ့ဦးလေးဂျော့တို့ဟာ လှေနဲ့ပဲ လာလမ်းအတိုင်း ပြန်လာခဲ့ကြတယ်။

▲ ▲ ▲

ဟယ်မင်းဝေးရဲ့ Indian Camp ဝတ္ထုတိုကလေးဟာ ကျွန်တော့်အတွက်တော့ အနှစ်သက်ဆုံး အနုပညာဖွဲ့စည်းမှုတစ်ခုပါပဲ။ ကျွန်တော့်ကို ဘဝနဲ့ပတ်သက်ပြီး ခံစားမှုတွေ အမျိုးမျိုးဖြစ်အောင် အဲဒီဝတ္ထုတိုက လုပ်ပေးလိုက်တယ်။

ပြောခဲ့တဲ့.... ကိုယ့်လည်ပင်းကို ကိုယ်လှီးဖြတ်ပြီး သေကြောင်းကြံတဲ့ လင်ယောကျ်ား အင်ဒီယန်းအမျိုးသားဟာ သူ့ဇနီးငယ်ကို အင်မတန်ချစ်ပါလိမ့်မယ်။ သံယောဇဉ် အင်မတန်ကြီးပါလိမ့်မယ်။ ကိုယ်အင်မတန်ချစ်တဲ့ သံယောဇဉ်ကြီးတဲ့သူမှာ တစ်ခုခု မကောင်းတာဖြစ်ရင် ကိုယ့်မှာလဲ စိတ်ဒုက္ခတွေရောက်တော့တာပဲ။ အခုန ယောကျ်ားဖြစ်တဲ့ အင်ဒီယန်းဟာ ချစ်တဲ့ဇနီးသည် ဟစ်အော်ငိုကြွေး ငြီးတွားပြီး ဝေဒနာဆိုးတွေ ခံစားနေရတာကို သူမကြည့်ရက်နိုင်၊ မကြားရက်နိုင်တော့ဘူး၊ သူ့မှာ ခံနိုင်စွမ်းမရှိတော့ဘူး။ ဒါကြောင့် သူ့ကိုယ်သူ သတ်ပြီးသေသွားတာ။

ဘာသာရေးပညာရှင်တွေက ပြောတတ်ကြတယ်။ "ငါ့ကို မချစ်နဲ့...."တဲ့၊ ပြောချင်တာက ငါစွဲမစွဲနဲ့၊ ကိုယ့်ကိုယ်ကို မစွဲနဲ့၊ အတ္တစွဲ မစွဲနဲ့လို့



http://www.cherrythitsar.org

## ပြောရင်းပြောနေမည့်ချစ်ခြင်းမေတ္တာ


ပြောလိုတာဖြစ်ပါလိမ့်မယ်။ ငါမချစ်ဘဲ သူ့ကိုချစ် တော့ကော. . ။ သူ့ကို ချစ်တော့လဲ ဒုက္ခက ကြီးတာပါပဲ။ Indian Camp ဝတ္ထုထဲက မီးမဖွားနိုင်တဲ့ ဇနီးဖြစ်သူကိုချစ်တဲ့ သံယောဇဉ်ကြီးတဲ့ လင်ယောက်ျားဟာ သတ်သေသည်အထိတောင် ဖြစ်သွားတယ်။ ငါလဲ မချစ်နဲ့ သူလဲမချစ်နဲ့လို့ ပြောနေရုံမျှနဲ့တော့ ရမှာမဟုတ်ဘူး။ ငါလဲ ချစ်နေမှာပဲ။ သူလဲချစ်နေဦးမှာပဲ။

**ချစ်ခြင်းကြောင့် စိုးရိမ်မှုဖြစ်၏၊**
**ချစ်ခြင်းကြောင့် ကြောက်ရွံ့မှုဖြစ်၏၊**
**ချစ်မှုကင်းသောသူအား စိုးရိမ်ကြောက်ရွံ့မှု**
**အဘယ်မှာ ရှိတော့အံ့နည်း၊**

**၂၀၂၊ ဓမ္မပဒ**

**ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကား**
**တွေကွင်းနောက်ဆုံးရှိချေ၏၊**
**ခုံမင်ခယ၊ ချစ်သမျှကား၊ သောက နောက်ဆုံးရှိချေ၏၊**

**အမှတ်(၃၀)၊ ဇန်နဝါရီလ (၂၀၀၃)ထုတ်**
**မိုးဆမ်းပန်းဂျာနယ်**



# အိုး အလကား

ရွံ့နွံတွေ၊ နုန်းရေတွေထဲမှာ ကျွဲသတ္တဝါတွေ ပျော်မွေ့နှစ်သက်နေကြသလို ပုထုဇဉ်လူသတ္တဝါတွေဟာလည်း နုန်း (ညွန်)တွေ၊ ရွံ့ရေတွေနဲ့တူတဲ့ ကိလေသာကာမဂုဏ်အာရုံတွေထဲမှာ မွေ့လျော်ပျော်ပိုက်နှစ်ခြိုက် နေကြတယ်လို့ပြောကြတယ်။ ကျွဲတွေပဲ။ ရွံ့တွေ၊ ရေတွေ၊ နုန်းညွန်တွေထဲ ပျော်မှာပဲပေါ့။ ပုထုဇဉ်လူသတ္တဝါတွေဟာလည်း ပုထုဇဉ်လူသတ္တဝါတွေပဲ။ ကာမဂုဏ်တွေထဲမှာ ပျော်ကြမှာပဲပေါ့။ ဘယ်တတ်နိုင်ပါ့မလဲ၊ ပျော်ကြရင်းနဲ့ပဲ အခုထိ လူ့သမိုင်းကြီးရှည်လျားလာလိုက်တာ တမျှော်တခေါ်ကြီးပါပဲ။

ကိလေသာတွေ.... ဒီကိလေသာတွေနဲ့ ယှဉ်တွဲဖြစ်လာတဲ့ လောဘ၊ ဒေါသတွေနဲ့ လူ့သမိုင်းစဉ်ကြီးမှာ ဖြစ်ပေါ်လာတဲ့ မိုက်မဲ ရက်စက်မှုတွေရှိနေပေမယ့်လည်း လူတွေကတော့ ဆက်လက်ယှဉ်သန်ဖြစ်ထွန်းနေကြဆဲပဲ။ ဒီလိုနဲ့ပဲ လောကကြီး အခွန့်ရှည်နေတာ ကြာလှပြီ။

လူသတ္တဝါတွေဟာ ကာမတဏှာ၊ ဘဝတဏှာတွေနဲ့ နေနေကြတယ်။ တစ်ဦးကတစ်ဦးကို စွဲလန်းခြင်းတွေ၊ ကပ်ငြိခြင်းတွေ၊ သံယောဇဉ်

တွေ၊ ချစ်ခင်စုံမက်တွယ်တာမှုတွေ၊ မွတ်သိပ်တမ်းတမှုတွေနဲ့ နေနေကြတယ်။ ဒီလိုနေနေကြလို့ပဲ လူတွေထဲမှာ စွန့်စားသူတွေ၊ အနစ်နာခံသူတွေ ရှိလာတာပဲ၊ မိမိတွယ်တာရသူတွေအတွက် ကြိုးစားရင်း ချမ်းသာကြွယ်ဝသူ၊ အောင်မြင်ကျော်ကြားသူတွေ ရှိလာတာပဲ။ မိမိချစ်ခင်တဲ့သူတွေ၊ မိမိကြင်နာသနားတဲ့ လူမျိုးစုတွေအတွက် ကောင်းရာကောင်းကြောင်း လုပ်ပေးရင်း အသက်စွန့်တဲ့ သူရဲကောင်းဆိုသူတွေ.... ကိုယ်ကျိုးစွန့်သူဆိုတာတွေ၊ အနစ်နာခံနိုင်တဲ့ သူတော်စင်ဆိုတာတွေလည်း လူ့လောကမှာ ရှိလာတာပဲ။

ချစ်ခင်တွယ်တာခြင်းဆိုတာကြောင့် တစ်ဦးကတစ်ဦးကို ကျေးဇူးပြုခြင်းတွေ၊ အသက်ပေးပြီးကာကွယ်သူတွေ၊ ပါရမီဖြည့်သူဆိုတာတွေလည်း ရှိလာတာပဲ။

ယသော်ဓရာအလောင်းအလျာဖြစ်တဲ့ သုမိတ္တာ ပုဏ္ဏားပျိုမလေးဟာ ဒီပင်္ကရာမြတ်စွာဘုရားကို ဖူးမျှော်ရအောင် အလာမှာ ဂေါတမဗုဒ္ဓအလောင်းအလျာဖြစ်တဲ့ သုမေဓါရှင်ရသေ့ကို မြင်တွေ့တယ်။ သုမိတ္တာဟာ ရှင်ရသေ့ကို ချစ်မြတ်နိုးမှုတွေ အကြီးအကျယ်ဖြစ်တယ်။ ဒါနဲ့ ဒီပင်္ကရာမြတ်စွာဘုရားကို လှူဒါန်းဖို့ယူလာခဲ့တဲ့ ကြာရှစ်လက် အနက်ကြာငါးလက် ခွဲဝေလို့ ရသေ့ကလေးကို လှူဒါန်းဖို့ပေးလိုက်တယ်။ သူကိုယ်တိုင်ကတော့ ကြာသုံးလက်ပဲ ယူပြီးတော့.... 'ရှင်ရသေ့.... မြတ်စွာဘုရားကို လှူဒါန်းရန် ကြာငါးလက်ကိုပေးပါတယ်၊ အရှင်ရသေ့.... ဘုရားဖြစ်ဖို့ရန် ဖြည့်ကျင့်နေသမျှအတောအတွင်း အကျွန်ုပ်သည် အရှင်နှင့်အတူတကွ ညီမျှသောသူ ဖြစ်ရပါစေ' လို့ ဆုပန်တယ်။

သိကြတဲ့အတိုင်း.... သုမိတ္တာပုဏ္ဏေးမလေးဟာ သုမေဓါရှင်ရသေ့အတွက် မိတ်ကောင်းဆွေကောင်း အဖော်ကောင်း ဖြစ်လာခဲ့တယ်။ ဆင်းရဲအတူ ချမ်းသာအမျှ ဘဝများစွာမှာ ဘယ်အခါမှ သစ္စာ



http://www.cherrythitsar.org

သွေဖီခြင်းမရှိတဲ့၊ တကယ့်သစ္စာရှင် ပါရမီဖြည့်ဘက် ဖြစ်လာခဲ့တယ်။ ဒီလိုဘဝမျိုးတွေ ဖြစ်လာတာဟာလည်း ပြောခဲ့တဲ့ကိလေသာတွေ၊ အစွဲ အလန်းတွေ၊ ချစ်ခင်တပ်မက် တွယ်တာမှုတွေအပေါ် အခြေခံပြီး ဖြစ်လာတာပါပဲ။ တချို့ကျတော့လည်း အဲဒီချစ်ခင်စွဲလမ်း တပ်မက်တာ တွေအပေါ် အခြေခံပြီး စိဋ္ဌမာန လို မိန်းမရိုင်းဘဝမျိုးတွေလည်း ဖြစ်ကုန်တာပဲ။

ရေနဲ့ရောမိ၊ ပေါင်းမိလို့ ပျော့ပျောင်းနေတဲ့ ရွှံ့ကနေ ပုံစံ အမျိုးမျိုး အိုးတွေခွက်တွေ ဖြစ်လာတယ်။ ဒီလိုပါပဲ၊ ကိလေသာအစွဲ အလန်း တွယ်တာတပ်မက် ချစ်ခင်ခြင်းတွေနဲ့ ရောထွေးနေတဲ့ ပုထုဇဉ် လူသတ္တဝါတွေကနေပြီး.... အောင်မြင်သူတွေ၊ ကိုယ်ကျိုးစွန့်သူတွေ၊ သတ္တိရှင်တွေ၊ အများအကျိုးသယ်ပိုးသူတွေ ဖြစ်လာတာပဲ။

မကောင်းတဲ့၊ သုံးမရတဲ့ အိုးတွေ ခွက်တွေဖြစ်လာတတ်သလို.... အဲဒီ ပုထုဇဉ်တွေထဲကပဲ လူမိုက်တွေ၊ လူအများကို ဒုက္ခအန္တရာယ်ပြုမယ့် ရက်စက် ယုတ်မာသူတွေလည်း ပေါ်ထွက်လာတတ်တာပဲ။

ရွှံ့ညွန်တွေ နုန်းရေတွေထဲမှာ ကျွဲသတ္တဝါတွေဟာ မွေ့လျော် သလို ပုထုဇဉ်လူသတ္တဝါတွေဟာလည်း ကိလေသာတွေ၊ တပ်မက်စွဲလမ်း ခြင်းတွေထဲမှာပဲ မွေ့လျော်တယ်ဆိုပေမယ့်.... လူဟာ ကျွဲသတ္တဝါတွေ နဲ့တော့ ခြားနားတယ်။ လူဟာ အသိဉာဏ်ရှိတဲ့ သတ္တဝါဆိုတော့ အဲဒီ အစွဲအလမ်းတွေပေါ်မှာ အခြေခံဖြစ်ပျက်နေတဲ့ ဘဝကို ကောင်းတဲ့ဘက် ရောက်အောင် ဖန်တီးနိုင်စွမ်းသူဖြစ်တယ်။ ရေနဲ့ရောနေတဲ့ နွမ်းနွမ်းညစ် ညစ်ရွှံ့ကို အိုးလုပ်သမားက ပုံကောင်းပုံလှဖြစ်အောင် ဖန်တီးပြီး အပူ ပေးရင်း ပေးရင်းနဲ့ ရေတွေနဲ့ နွမ်းနွမ်းညစ်ညစ် ဖြစ်ရခြင်းတွေကုန်ပြီး ခိုင်ခံ့တဲ့ လှပတဲ့ အသုံးဝင်တဲ့ အိုးခွက်ဖြစ်လာသလို အသိဉာဏ်ရှိတဲ့ လူသတ္တဝါဟာ တဏှာ ရာဂ စတဲ့ အစွဲအလမ်းတွေနဲ့ ရောထွေးနေတဲ့



http://www.cherrythitsar.org

ဘဝကနေပြီး တဏှာရာဂတွေ ကင်းပြီး မေတ္တာနဲ့ နေနိုင်တဲ့ဘဝမျိုး၊ ဂရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့နဲ့ နေနိုင်တဲ့ဘဝမျိုးကို ရောက်အောင် ဖန်တီးနိုင်စွမ်းတယ်။ မြန်မာပြည်မှာရှိတဲ့ ဘာသာရေးစာပေတွေထဲမှာ **'ကိလေသာတို့ကို ဈာန်ဖြင့် ခွါ၍မြိုက်၍'** ဆိုတဲ့ အသုံးအနှုန်းတွေကို တွေ့နိုင်တယ်။ ရွှံ့တွေ ရေတွေ ကုန်စင်သွားအောင် အိုးလုပ်သမားက အိုးတွေကို အပူပေးသွားသလို ကိလေသာအစွဲအလမ်းတွေ ကုန်အောင် ကျင့်တဲ့နည်းတွေကိုလည်း ဖော်ပြထားတာတွေရှိတယ်။

ပလေတိုးရဲ့ Symposium ဆင်ပိုစီယမ်မှာလဲ ညစ်နွမ်းတဲ့ တဏှာရာဂတွေ၊ အစွဲအလမ်းတွေ၊ တပ်မက်မွတ်သိပ်မှုတွေက နေပြီး တင့်တယ်ကောင်းမြတ်တဲ့စိတ်တွေကို လေ့ကျင့်မွေးမြူယူလို့ရနိုင်တယ်။ အဆုံးစွန်အားဖြင့် အစွဲအလမ်းတွေ တပ်မက်မှုတွေကင်းတဲ့ မေတ္တာ သဘောကို လေ့ကျင့်ရယူနိုင်တယ် ဆိုတဲ့သဘောကို ဖော်ပြထားတယ်လို့ ထင်ပါတယ်။

**လေ့ကျင့်ရင် လေ့ကျင့်သလောက် တိုးတက်မှုတွေရှိလာပြီး လူ့လောကအတွက် အကျိုးရှိတဲ့စိတ်ထားတွေ ဖြစ်လာနိုင်ပါလိမ့်မယ်။**

**အမှတ်(၁၁၀) အင်တာဗျူးဂျာနယ်**



http://www.cherrythitsar.org



http://www.cherrythitsar.org